နတ်နွယ်
မိုရေးဗီးယား၏
အတိုင်းအတာ များနှင့်
အခြား ဝတ္ထုတိုများ
WHISPER OF WORDS

စိတ်သက်သာရာ

သူ အမှောင်ထဲမှာ ထိုင်နေတာ နာရီဝက်လောက် ရှိသွားပြီ။ တယ်လီဖုန်းတင်ထားတဲ့ စားပွဲကလေး တစ်လုံးရဲ့ ဘေးမှာပဲ။ ပထမတော့ သူက ပုံမှန်အတိုင်း စောင့်နေတာပဲ။ မှန်အိမ် ထွန်းထားပြီး လက်တင်ကုလားထိုင် တစ်လုံးပေါ်မှာ မဂ္ဂဇင်း တစ်အုပ်ကို ဟိုလှန်ဒီလှန် လုပ်နေတယ်။ နောက်တော့ အလင်းရောင်ဟာ သူ ရင်တထိတ်ထိတ် ဖြစ်နေရတာကို ပိုပြီး ဆိုးရွားစေတယ်လို့ သတိပြုမိလာတယ်။ ပရိဘောဂတွေက ပိုပြီး ကသိကအောက် ဖြစ်စေတယ်။ စိုးရိမ်စိတ်တွေ၊ စိတ်ပျက်မှုတွေ၊ ဒေါသတွေကို တိုးပွားစေတယ်။ အရေးကြီးဆုံးက တယ်လီဖုန်းကို သူ မမြင်ချင်ဘူး။ မည်းမည်း နက်နက်ကြီး၊ ထိုင်းထိုင်းအအ၊ သူကြားချင်တဲ့ ချစ်စဖွယ်အသံကို မပေးဘူး။

အဲဒါနဲ့ နောက်ဆုံးမှာတော့ သူက မီးကို ပိတ်ပစ်လိုက်တယ်။ အဲဒီအခါမှာ အံ့သြစရာ ကောင်းတာကတော့ အမှောင်က သူ့ကို စိတ်သက်သာရာ ရစေတယ်။ အဲဒီအချိန်အထိ သူနဲ့အတူ စောင့်ဆိုင်းနေခဲ့ကြတဲ့ ကုလားထိုင်တွေ၊ စားပွဲတွေ၊ ဗီရိုနဲ့ ဆိုဖာတွေ အမှောင်ထဲမှာ ပျောက်ကွယ် သွားစေတဲ့ အခါမှာ သူ့ကို ဖိစီးနေတဲ့ စိတ်ဝေဒနာတွေ လျော့ပါးသွားတယ်။ သည်တွေ့ရှိချက်က သူ့ကို ဒေါသဖြစ်စေပြန်တယ်။ တကယ်တော့ ပရိဘောဂတွေဟာ ပရိဘောဂတွေပဲ။ ဒီ ပရိဘောဂတွေပေါ်မှာ သူ့ရဲ့ ခံစားမှုတွေကို ဆောင်ပေးတာက ဘာမှ အဓိပ္ပာယ်မရှိတာပဲ။ သည်အတွေးတွေကြောင့် အာရုံလွှဲပြောင်းမှု အနည်းငယ် ရရှိရင်းနဲ့ နောက်နာရီဝက်လောက် သူ ဆက်ပြီး စောင့်ဆိုင်းနေခဲ့တယ်။ အဲဒီအချိန်မှာ လူခေါ်ခေါင်းလောင်းသံ ပေါ်ထွက်လာတယ်။ ငြီးငွေ့စရာ ညှော်သည်တစ်ယောက် ဆိုတာ သူ သိလိုက်တယ်။ ဒါပေမဲ့ ဒါကို သူ့နေနဲ့ ရှောင်လွှဲနိုင်စွမ်းလည်း မရှိဘူး။ ဒါကြောင့် သူထိုင်ရာက ထပြီး အိမ်ရှေ့တံခါးကို သွားဖွင့်ပေးလိုက်တယ်။

“ဘယ်လိုဖြစ်လို့ မှောင်နေတာလဲ”

အယ်ဗီရာက အခန်းထဲ ဝင်လာရင်းက မေးတယ်။ အမျိုးသမီးက ဆိုဖာဆီ လျှောက်သွားနေတာ တွေ့ရတော့ သူ ကမန်းကတမ်း ပြောလိုက်တယ်။

“ဒီမှာ မင်းအနေနဲ့ ဒီမှာ ထိုင်တာက ပိုကောင်းမယ်နဲ့ တူတယ်။”

တယ်လီဖုန်း စားပွဲနားက ကုလားထိုင်တစ်လုံးကို ညွှန်ပြလိုက်တယ်။

အမျိုးသမီးက တယ်လီဖုန်းကို တစ်ချက်ကြည့်လိုက်ရင်း...

"မင်းက တယ်လီဖုန်းနားမှာ နေချင်တယ်လား၊ တယ်လီဖုန်း စောင့်နေတာလား" ပြီးတော့ သူက ဘာမှ ကြားခံမနေဘဲ တစ်ဆက်တည်း ပြောလိုက်တယ်။ "ကိုယ့်မှာ ပြောစရာတွေ ရှိတယ်၊ ပြောစရာတွေ အများကြီး ရှိတယ်"

"ဘာတွေလဲ"

"အကောင်းတွေတော့ မဟုတ်ဘူး"

အယ်ဗီရာ ထိုင်လိုက်သည်။ သူ့ရဲ့ ရောမ လက်ကိုင်အိတ်ကြီးကို သူ့ပေါင်ပေါ်မှာ တင်ပြီး အထဲကို မွှေနှိုက်နေတယ်။ သူ့ရဲ့ လက်သေးသေးကလေး တံတောင်ဆစ်လောက်အထိ မြုပ်သွားတဲ့ အထိပဲ။ အမျိုးသမီးရဲ့ မျက်နှာ ဝိုင်းဝိုင်းကလေးဟာ မိတ်ကပ်တွေ အရမ်းခြယ်သထားတဲ့ အောက်မှာ နွမ်းလျလျကလေး ဖြစ်နေတာကို ဂီယာကိုမို သတိပြုလိုက်မိတယ်။ အမျိုးသမီးရဲ့ ရောမမျက်လုံးကြီးတွေက သူ့ပါးပြင်နှစ်ဖက်ကို ဝါးမျိုနေသလိုပဲ။ အမျိုးသမီးရဲ့ ကိုယ်ခန္ဓာ သေးသေးသွယ်သွယ်ကလေးဟာ သူ့ရဲ့ ဦးထုပ်နဲ့ အဝတ်အစားတွေ အောက်မှာ ပျောက်နေသလိုပဲ။

ဂီယာကိုမိုက သူ့ကိုယ်သူ ယုံကြည် စိတ်ချမှု အသွင်နဲ့ မေးလိုက်တယ်။

"ဘာဖြစ်လို့ မကောင်းတာလဲ"

အယ်ဗီယာ နှာတစ်ချက် မှုတ်လိုက်ပြီးနောက် တစ်ပိုင်းတစ်စ ပြီးနေပြီဖြစ်တဲ့ စကားကို ဆက်ပြောတဲ့ အနေနဲ့

"အစီအစဉ်လိုက် ပြောကြရအောင်၊ မနေ့မနက်က မင်းဆီက ပြန်သွားတော့ ပေးတဲ့ အကြံဉာဏ်အတိုင်း ကိုယ် လုပ်ဖို့ စိတ်ကူးရှိရမယ်။ စိတ်ရှည်ရှည်ထားပြီး သူနဲ့ အဆက်အသွယ် ရတဲ့အထိ စောင့်ဖို့ပေါ့။ ဒါပေမဲ့ ကိုယ့်အခန်းကို ပြန်ရောက်တဲ့ အခါကျတော့ ကိုယ်အရမ်း စိတ်ဆင်းရဲနေတယ်။ ကိုယ့်အနေနဲ့ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး ..."

"ဘာဖြစ်လို့ စိတ်ဆင်းရဲရတာလဲ"

ဂီယိုကိုမိုက ဆတ်ကနဲ့ မေးလိုက်တယ်။

"ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီမှာ သူမရှိတော့လို့ပဲ။ သူ့ရဲ့ အင်္ကျီတွေ၊ သူ့ရဲ့

စာအုပ်တွေ၊ သူ့ရဲ့ ဆေးတံတွေပဲ ရှိနေတယ်။ သူမရှိဘဲ အဲဒါတွေ ရှိနေတာဟာ အရမ်းစိတ် ဆင်းရဲစရာ ကောင်းတာပဲ”

ဂီယာကိုမိုက ကုးလားထိုင်ပေါ်မှာ နည်းနည်း လှုပ်ရှားလိုက်ပြီး တယ်လီဖုန်းကို တစ်ချက်ကြည့်ကာ

“စိတ်ဆင်းရဲလိုက်တာက မင်းပဲ၊ တိုက်ခန်းမဟုတ်ဘူး၊ ဆေးတံ မဟုတ်ဘူး၊ အင်္ကျီတွေ မဟုတ်ဘူး၊ စာအုပ်တွေလည်း မဟုတ်ဘူး၊ တိုက်ခန်းဆိုတာက အရွယ်အစားတစ်ခု ရှိတယ်။ အခန်း အရေအတွက် တစ်ခုရှိတယ်။ ဖွဲ့စည်းထားတဲ့ ပုံစံ တစ်ခုရှိတယ်။ အင်္ကျီတွေကလည်း သိုးမွေးနဲ့ လုပ်ထားတယ်။ ဒါမှမဟုတ် အခြားအစတစ်မျိုးနဲ့ လုပ် ထားတယ်။ အရောင် အမျိုးမျိုးရှိတယ်။ ပုံစံ အမျိုးမျိုးရှိတယ်။ ဆေးတံတွေကလည်း တောဘူးပင်သားနဲ့ လုပ်ထားတယ်။ ဒါမှမဟုတ် ရွှံ့စေးနဲ့ လုပ်ထားမယ်။ စာအုပ်တွေကလည်း အရွယ်အစား အမျိုးမျိုးရှိမယ်။ အရောင် အမျိုးမျိုး ရှိတယ်။ ဒါတွေမှာ ဘာစိတ်ဆင်းရဲစရာ ရှိလဲ”

“အဲဒီမှာ သူ မရှိဘူး”

“ဒါပေမဲ့ စိတ်ဆင်းရဲတာက မင်းပဲ၊ အင်္ကျီတွေ မဟုတ်ဘူး။ စာအုပ်တွေ မဟုတ်ဘူး၊ ဒီပစ္စည်းတွေက မင်းနဲ့ ဘာမှ ဖြစ်တာမဟုတ်ဘူး။ မင်းရဲ့ စိတ်ဆင်းရဲမှုက အဲဒါတွေ နဲ့ ဘာမှမဆိုင်ဘူး။ ဒီပစ္စည်းတွေနဲ့ မင်းနဲ့ကြားမှာ ဘာမှ ဆက်စပ်မှု မရှိဘူး။ ပိုင်ဆိုင်မှု အနေနဲ့တော့ ဆက်စပ်မှု ရှိတယ်။ ဒါပေမဲ့ ဒါက အကြောင်းမဟုတ်လှဘူး။ ကိုယ်ပြောတဲ့ အဓိပ္ပာယ်ကို ပိုပြီး ရှင်းအောင် ပြောရရင် မင်းဟာ ဆေးတံတစ်ချောင်းနဲ့ အင်္ကျီတစ်ထည် နေရာမှာ သက်ရှိဖြစ်တဲ့ ခွေးတစ်ကောင်၊ ဒါမှမဟုတ် ကြောင်တစ်ကောင်၊ ဒါမှမဟုတ် ကလေးတစ်ယောက်အပေါ်မှာ မင်းရဲ့ စိတ်ဆင်းရဲမှုကို ပုံချလို့ မရဘူး။ ဥပမာပေးပြောရရင် ကိုယ့်အပေါ်မှာ ပုံချမရသလိုဘဲ။ အဲဒီတော့ မင်းပြောတဲ့ စကားက ဘယ်လိုမှ ဆီလျော်မှု မရှိဘူး”

အယ်ဗီရာက သူ့ကို အံ့အားသင့်စွာနဲ့ ကြည့်လိုက် တယ်။ ပြီးတော့မှ ကမန်းကတန်း ပြောတယ်။

“အင်း အင်း မင်းကြိုက်သလို ပြောပါ။ ဒါပေမဲ့ ကိုယ့်အနေနဲ့ ဘယ်လိုမှ ခံနိုင်ရည် မရှိတော့ဘူး။ အဲဒါကြောင့် သူ့ကို လိုက်ရှာဖို့ ဆုံးဖြတ်လိုက်တယ်။ ကိုယ့်ကားကို မောင်းပါ။ “အော့စတီးယား” ကို သွားတယ်။

“ဒီနေ့ဟာ တကယ့်ကို အနိဋ္ဌာရုံပဲ...”

“ဘယ်လို အနိဋ္ဌာရုံလဲ”

အယ်ဗီရာ အံ့အားသင့်သွားပြန်တယ်။ ဒါပေမဲ့ သူက ဆက်ပြောတယ်။

"မိုးတွေ ရွာနေတယ်၊ ကောင်းကင် တစ်ခုလုံး တိမ်မည်းတွေ ဖုံးနေတယ်၊ လေက တအားတိုက်နေတယ်၊ အို... ခြုံပြောရရင် အနိဋ္ဌာရုံကြီးပဲ"

ထိုအခါ ဂီယာကိုမိုက

"ကိုယ်ပြောမယ်၊ ဒီနေ့ဟာ ရာသီဥတု မကောင်းဘူး။ လေတိုက်နေတယ်၊ မိုးရွာနေတယ်၊ တိမ်တွေ ဖုံးနေတယ်၊ ကောင်းကောင်း မမြင်ရဘူး။ ဒါပေမဲ့ ဒါဟာ ဘာမှ အနိဋ္ဌာရုံ မဟုတ်ဘူး"

အယ်ဗီရာ သက်ပြင်းချလိုက်ပြီး

"အင်း အင်း ဟုတ်ပါပြီ၊ ထားလိုက်ပါတော့ ဒီနေ့ဟာ မင်းပြောသလိုပဲ ရာသီဥတု မကောင်းဘူး။ အဲဒီလိုနဲ့ မိုးရွာကြီးထဲမှာ အော့စတီးယားကို ကိုယ်ရောက်သွားတယ်။ ကားရှေ့မှန်မှာ မိုးရေစက်တွေ ပိတ်နေတာ ဘာမှ မမြင်ရသလောက်ပဲ။ ဒီရာသီမှာ အော့စတီးယားရဲ့ အခြေအနေကို မင်း စဉ်းစားကြည့်စမ်း။ ကမ်းခြေတစ်လျှောက်လုံး ပျက်ပျက်ပြုန်းနေတယ်။ ဆိုင်တန်းတွေ အားလုံး ပိတ်ထားတယ်။ သဲသောင်ခြေတစ်ခုလုံး စွတ်စွတ်စိုနေတယ်။ နောက်ဘက်မှာ ဒေါသကြီးတဲ့ ပင်လယ်ကြီး ရှိနေတယ်။ ကမ်းခြေတစ်လျှောက် ကတ္တရာလမ်းတွေ အားလုံးဟာ ငြီးငွေ့စရာကြီးတွေပဲ။ မည်းနေတယ်၊ ချောမွတ်နေတယ်၊ လမ်းသွယ် တွေ အားလုံးဟာလည်း ကြေကွဲစရာတွေချည်းပဲ။ အရိုးပြိုင်းပြိုင်း ကျနေတဲ့ သစ်ပင်တွေရဲ့ အောက်မှာ သစ်ရွက်ခြောက်တွေ ပုံနေတယ်။ အဝါရောင်တွေရော အနီရောင်တွေရော မိုးရေထဲမှာ ရွှဲစိုနေတယ်။ အဲဒီတော့ ကိုယ့်အခြေအနေကို စဉ်းစားကြည့်ရင် ကိုယ့်ကို မချစ်တော့တဲ့ လူတစ်ယောက်ကို လိုက်ရှာတဲ့ အချိန်မှာ ဒီလို စိတ်ဆင်းရဲစရာတွေ ကြားထဲက မြင်ကွင်းစုံကို မင်းမှန်းဆနိုင်ပါတယ်။

နောက်ဆုံးမှာတော့ တယ်လီဖုန်း မြည်လာတယ်။ ဂီယာကိုမို စကားပြောခွက်ကို ကောက်ယူပြီး နားမှာ ကပ်လိုက်ပါတယ်။ အသံသြသြတစ်ခု ထွက်ပေါ်လာတယ်။

"နွားနို့ဆိုင်ကလား"

ဂီယာကိုမို စကားပြောခွက်ကို ချထားလိုက်ပြီး

"မြင်ကွင်း အမှားကြီးပဲ"

"မင်းက စောစောကအတိုင်းပဲ ထပ်ပြောနေတာပဲ။ အော့စတီးယားဟာ

စိတ်ဆင်းရဲစရလည်း မကောင်းဘူး။ သူက ပင်လယ်ကမ်းခြေ မြို့ကလေး တစ်မြို့ပဲ။ ဆောင်းတွင်းကျရင် လူနည်းနည်းပါးပါး နေတယ်။ ပင်လယ်ကမ်းခြေ တစ်လျှောက်ဟာ ပျက်ပျက်ပြုန်းနေတာ မဟုတ်ဘူး။ ရိုးရိုး ပိတ်ထားတာပဲ။ ကတ္တရာလမ်းတွေဟာ ငြီးငွေ့စရာ မဟုတ်ဘူး။ လူရှင်းနေတာပါ။ သစ်ပင်တွေ အောက်က သစ်ရွက်တွေဟာ ကြေကွဲစရာ မဟုတ်ဘူး။ သစ်ရွက်တွေ ခြောက်ပြီး မိုးရေနဲ့ ရွှဲစိုနေတာပဲ။ ဒါတွေအားလုံးဟာ အော်စတီးယား ပင်လယ်ကမ်းခြေ။ လမ်းတွေ သစ်ရွက်တွေဟာ သူတို့အဖြစ်နဲ့ သူတို့ တည်ရှိနေတာပဲ။ သူတို့ပြဿနာ သူတို့ အခက်အခဲတွေနဲ့ တည်ရှိနေတာ သူတို့ သဘာဝပဲ။ အဲဒါတွေကို မင်းအနေနဲ့ ဘာမှလည်း မသိဘူး။ ဘာမှလည်း မပတ်သက်ဘူး”

နောက်ဆုံးမှာတော့ အယ်ဗီရာဒေါသအိုး ပေါက်ကွဲပါတော့တယ်။

“မင်း ကနေ့ ဘာဖြစ်နေသလဲ။ တဆိတ် ကျေးဇူးပြုပြီး ပြောစမ်းပါ။ ဘာဖြစ်လို့ ကိုယ့်စကားကို ကြားဖြတ်ပြီး ပြောနေရတာလဲ”

“မင်းကို နှစ်သိမ့်တဲ့ သဘောပဲ။ ပင်လယ်ကမ်းခြေ တစ်လျှောက်ဟာ ပျက်ပျက်ပြုန်း နေတယ်လို့ ပြောပေမယ့် အစား ပိတ်ထားတယ်လို့ပဲ ပြောရမယ်။ ဒါဆိုရင် မင်း စိတ်သက်သာရာ ရသွားတယ် မဟုတ်လား”

“နှစ်သိမ့်တာကို ကိုယ် မလိုချင်ဘူး။ ကိုယ်ပြောမယ့်စကား မင်းနားထောင်ပေးရုံပဲ လိုချင်တယ်။ အဲ… အဲဒီတော့ သူ့အိမ်ကို ကိုယ် လိုက်ရှာတယ်။ နောက်ဆုံးမှာ တွေ့တယ်။ ပင်လယ်ကမ်းခြေ အစွန်ဆုံးမှာပဲ။ ညစ်ပတ်နေတဲ့ အိမ်ကြီးပဲ”

“ဘာဖြစ်လို့ ညစ်ပတ်နေတာလဲ”

“အား… အင်း ပြောရမယ်ဆိုရင် အိမ်ဟောင်းကြီး ပဲ။ မပြုမပြင်ဘဲထားတာ အနည်းဆုံး အနှစ်လေးဆယ်လောက် ရှိပြီ”

“ဟုတ်ပြီ ဒီလိုပဲ ပြောရမယ်”

“အင်း… ကိုယ် လှေခါးကနေ တက်သွားတယ်။ ဆီညောင်ရာဇမ်ပီချီလီ ဆိုတဲ့ သူနေတဲ့ အခန်းတံခါးကို ခေါက်လိုက်တယ်။ မျက်မှန်တပ်ထားတဲ့ ပိန်ပိန်ရှုံ့ရှုံ့ အဘွားကြီး တစ်ယောက်က တံခါးဖွင့်ပေးတယ်။ ကိုယ်က ရင်တထိတ်ထိတ်နဲ့ သူရှိသလားလို့ မေးလိုက်တယ်။ သူမရှိဘူးလို့ အဘွားကြီးက ပြန်ဖြေတယ်။ အဲဒီတော့ ကိုယ်က သူ့နှမ ပါ။ သူ့အခန်းကနေ ခဏစောင့်ပါရစေလို့ ပြောတယ်။ အဘွားကြီးက ကိုယ့်ကို အိမ်ထဲခေါ်သွားတယ်။ ကိုယ်က အမှတ်မထင် သဘောမျိုးနဲ့ မေးလိုက်တယ်။ သူ့ကို လာတွေ့တဲ့ လူတွေ

တော်တော်များသလားပေါ့။ အဘွားကြီး အဲဒီအကြောင်းတွေ သူ ဘာမှမသိဘူးတဲ့။ ဟုတ်ပါတယ်။ သူက အိမ်မှာ မရှိတာများတယ်။ သူက အထည်ဆိုင် ဖွင့်ထားတာကိုး၊ နောက်တော့ အဘွားကြီး ထွက်သွားတယ်။ ကိုယ်က အခန်းကို အကဲခတ်လိုက်တယ်။ အခန်းထဲမှာ ရှင်းနေတယ်။ ဗလာကျင်းနေတယ်…"

တယ်လီဖုန်းသံ မြည်ရုံကလေး မြည်လာပြီး ပြတ်သွားတယ်။ နောက်တစ်ကြိမ် မြည်လာမှာကို ဂီယာကိုမို စောင့်နေတယ်။ ဒါပေမဲ့ ဘာသံမှ မြည်မလာဘူး။

"လိုင်းပူးနေတယ်"

အယ်ဗီယာက စာနာထောက်ထားသော လေသံနဲ့ ပြောလိုက်တယ်။

"အံဆွဲတွေ၊ ခြေအိတ်တွေ၊ ရှပ်အင်္ကျီတွေ မရှိဘူး လား" ဂီယာကိုမိုက စိတ်တိုတိုနဲ့ မေးတယ်။

"မင်း ဘာကို ဆိုလိုတာလဲ"

"အခန်းက ဗလာကျင်းနေတယ် ဆိုတော့ ဘာအဝတ်မှ မရှိဘူး၊ ခြေအိတ် မရှိဘူး၊ အံဆွဲတွေ မရှိဘူးပေါ့"

"အဲဒါဆိုရင်တော့ ပြောရမယ်၊ အခန်းတစ်ခုထဲမှာ မရှိမဖြစ်တဲ့ ပစ္စည်းတွေ ရှိတယ်။ ခုတင်တစ်လုံး၊ စားပွဲတစ်လုံး၊ အဝတ်ဗီရိုတစ်လုံး ရှိတယ်" အယ်ဗီယာ ခေတ္တ တိတ်ဆိတ်သွားပြီးနောက် စိတ်လှုပ်ရှားစွာနဲ့ ဆက်ပြော ပြန်တယ်။ "သူက ကိုယ့်ကို ပြောဖူးတယ်။ ကိုယ်မပါဘဲ သူ တစ်ယောက်တည်း နေချင်တယ်။ သူ တွေးချင်တယ်။ သူ အာရုံပြုချင်တယ်တဲ့။ ဒါပေမဲ့ ကိုယ်တွက်တာကတော့ သူ အော့စတီးယားကို သွားတာ မိန်းမတစ်ယောက်နဲ့ တွေ့ဖို့ပဲ။ အဲဒါ အမှန်ပဲ ဒီမှာကြည့်လေ"

သူက လက်ကိုင်အိတ်ထဲကို နှိုက်လိုက်ပြီး စက္ကူဖြူနှင့် ထုပ်ထားတဲ့ အထုပ်ကလေး တစ်ခုကို စားပွဲပေါ် တင်လိုက်တယ်။

"ဒါက ဘာလဲ"

"အင်မတန် ရွံ့စရာကောင်းတဲ့ မိန်းမကိုင် ဘီး တစ် ချောင်းပဲ"

ဂီယာကိုမိုက စက္ကူထုပ်ကို ဖြည်လိုက်တယ်။ တကယ်ပင် လိပ်ခွံဘီး အတုတစ်ချောင်းပဲ။ အရောင်ဖြူဖြူ ကလေး၊ အသားဖြူတဲ့ မိန်းမတွေ သုံးတဲ့ ဘီးမျိုးပင်။

"ဘာဖြစ်လို့ ရှုံစရာကောင်းတာလဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ဒီပစ္စည်းက မသန့်ရှင်းတဲ့ မိန်းမပျက် တစ်ယောက်ရဲ့ ပစ္စည်း ဖြစ်လို့ပဲ"

"ကိုယ်တွေ့တာကတော့ ဒါဟာ ဘီးတစ်ချောင်းပဲ။ အရောင်ပျော့ပျော့ လိပ်ခွံတုနဲ့ လုပ်ထားတယ်။ သုံးပြီးသား ဖြစ်တယ်။ နည်းနည်း ညစ်ပတ်နေတယ် ဒါပဲ"

"ဒါပေမယ့် ဒီဘီးနဲ့ ပတ်သက်လို့ မင်း ဘယ်လို သဘောထားသလဲ။ ဒီဘီးဟာ အော့စတီးယား သူနဲ့ တွေ့တဲ့ မိန်းမတစ်ယောက် မေ့ကျန်ခဲ့တာလို့ မထင်ဘူးလား"

"ဒီဘီးကို ဘယ်မှာ တွေ့သလဲ"

"အိပ်ရာအောက်က"

"အဲဒါ ဖြစ်နိုင်တယ်။ ဒီဘီးဟာ ဒီအခန်းမှာ သူ့အရင် နေခဲ့သူ တစ်ယောက်ရဲ့ ဘီး ဖြစ်နိုင်တယ်။ အင်း သိသာသားပဲ။ ဒီအခန်းတွေကို ဘယ်တော့မှ သေသေချာချာ ရှင်းလင်းတာ မဟုတ်ဘူး"

တိတ်ဆိတ်နေတယ်။ ခဏကြာတော့ အယ်ဗီယာ ဆက်ပြောပြန်တယ်။

"မင်းပြောတာ မှန်တယ်လို့ပဲ ယူဆရအောင်၊ ဒါပေမယ့် ဒီဘီးကို သွားတွေ့တဲ့ အချိန်ကတော့ ကိုယ် သေချင်သွားတယ်။ ကိုယ်ထိုင်နေတဲ့ အိပ်ရာပေါ်ကနေ ထပြီး ပြတင်းပေါက်ကနေ ပင်လယ်ကြီးကို ငေးစိုက်ကြည့်နေမိတယ်။ နေပွင့်လာတယ်။ ပင်လယ်ကြီးက နေရောင်ခြည်မှာ ပြုံးနေတယ်။ ကိုယ်က ပြုံးနေတဲ့ ပင်လယ်ကြီးကို ခံစားနေရတဲ့ စိတ်နဲ့ နှိုင်းယှဉ်ကြည့်ရင်း..."

"ပင်လယ်က မပြုံးဘူး"

ဂီယာကိုမိုက ရုတ်တရက် ပြောလိုက်တယ်။

"အော်... အင်း၊ ကိုယ် အဲဒီလိုမျိုး မပြောရဘူးလား၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ပင်လယ်မှာ ပါးစပ်မရှိဘူး၊ ပါးစပ်ကသာ ပြုံးတယ်။ တကယ်တမ်း ပါးစပ်တွေ အားလုံးထဲမှာ လူ့ပါးစပ်ကသာ ပြုံးတယ်။ ပင်လယ်ကြီးက လုပ်နိုင်တာတွေ အများကြီးရှိတယ်။ ဒါပေမဲ့ မပြုံးနိုင်ဘူး"

တယ်လီဖုန်း မြည်လာပြန်တယ်။ ဒီတစ်ခါတော့ ဆက်တိုက်ကြီး မြည်နေတယ်။ ဂီယာကိုမိုက စကားပြောခွက်ကို ကောက်ပြီး နားမှာ ကပ်လိုက်တယ်။ ဆီညော်ရီနာ ခရီးသွားနေလို့ ကနေ့တော့ သူ့ကို ဖုန်းဆက်နိုင်မှာလည်း မဟုတ်ဘူး၊ လာတွေ့နိုင်မှာလည်း မဟုတ်ဘူးလို့ အသံမှတ်မိတဲ့ အိမ်ဖော်အမျိုးသမီးက အကြောင်းကြားနေတာ ဖြစ်တယ်။

"သူ ဘယ်သွားတာလဲ" ဂီယာကိုမိုက မေးလိုက် တယ်။ "ခဏနေပါဦး၊ ဘာဖြစ်လို့လဲ" တစ်ဖက်က တယ်လီဖုန်းချသံကို သူ ကြားလိုက်ရတယ်။ သူက စကားပြောခွက်ကို ခပ်ဖြည်းဖြည်း ပြန်ချရင်း မလှုပ်မယှက်ကြီး ထိုင်နေတယ်။ သူ့မျက်လုံးတွေက တယ်လီဖုန်းကို စိုက်ကြည့်နေတယ်။ ဒါပေမယ့် နောက်ဆုံးမှာတော့ သူဟာ သူ့ရဲ့ စိတ်ပျက်သွားတဲ့ စကားလုံးတွေနောက်မှာ ဖြစ်ပေါ်လာတဲ့ မဖော်ပြနိုင်တဲ့ ဆန်းကြယ်မှု တစ်ခုကို ခံစားနေရကြောင်း ပကတိ တိတ်ဆိတ်နေရင်းမှာပဲ သတိပြုလာမိတယ်။ သူ့ မျက်လုံးတွေကို တဖြည်းဖြည်းချင်း မော့ကြည့်လိုက်တယ်။ အယ်ဗီယာက သူ့ကို စိတ်အားထက်သန်စွာနဲ့ ကြည့်နေတာကို တွေ့ရတယ်။ လက်စားချေတဲ့ အကြည့်မျိုးနဲ့ပဲ။

"မင်း ဘာ စဉ်းစားနေတယ် ဆိုတာကို ကိုယ်သိတယ်"

အယ်ဗီယာ ရုတ်တရက် ပြောလိုက်တယ်။

"ကိုယ် ဘာစဉ်းစားနေသလဲ"

"မင်းဟာ တယ်လီဖုန်းအကြောင်း စဉ်းစားနေတယ်။ တယ်လီဖုန်းကို ကျိန်ဆဲနေတယ်။ သတင်း ပို့ပေးတဲ့ တယ်လီဖုန်းဟာ မင်းအတွက် အမှောင့်ပယောဂပူးပြီး နိမိတ်ဆိုးတဲ့ ပစ္စည်းတစ်ခု ဖြစ်နေတယ်။ ဒါပေမဲ့" အယ်ဗီယာ အသံမြင့်လာပြီး "ဒါပေမယ့် ပင်လယ်ကြီးဟာ ပါးစပ်မရှိလို့ မပြုံးနိုင်သလို ဒီတယ်လီဖုန်းဟာလည်း အမှောင့်ပယောဂ မဟုတ်ဘူး။ နိမိတ်ဆိုးလည်း မဟုတ်ဘူး။ နေ့စဉ်သုံး သာမန်ပစ္စည်း တစ်ခုပဲ။ နက်တယ်၊ သိပ်မကြီးဘူး။ တစ်မျိုးတစ်ဖုံ လုပ်ထားတယ်။ ဒိုင်ခွက်ပါတယ်။ နံပါတ်တွေ ပါတယ်။ ဝါယာကြိုးတွေ ပါတယ်။ ဒါပဲ... ဘယ်လိုလဲ မင်း အခု စိတ်သက်သာရာ ရသွားပြီး မဟုတ်လား"

Don't you feel better

■

လွှတ်မြောက်ရာသို့

ကျွန်းအနီးသို့ သူတို့ ရောက်ရှိသွားစဉ်မှာပင် မော်တော်ဘုတ်အင်ဂျင် တဖုတ်ဖုတ် မြည်ပြီး ရပ်သွားသည်။ ယောက်ျားဖြစ်သူ ထိုင်ရာမှ ထပြီး စက်ကို ပြန်နှိုးသည်။ ဇနီးဖြစ်သူမှာမူ ကျွန်းအမြင့်ပိုင်းရှိ ရှုပ်ယှက်ခတ်နေသော အဆောက်အအုံများကို ငေးမောကြည့်ရှုနေသည်။

"အဲဒီ ရဲတိုက်ကြီးက ဘာရဲတိုက်ကြီးလဲ"

နောက်ဆုံးတွင် အမျိုးသမီးက မေးလိုက်သည်။

"ရဲတိုက် မဟုတ်ဘူး။ ထောင်"

ခင်ပွန်းသည်က အင်ဂျင်စက်ကို ဟိုနှိုက်သည်နှိုက် လုပ်နေရာမှ မော့မကြည့်ဘဲ ပြန်ပြောလိုက်သည်။

သည်တော့မှ သူမက သတိပြုမိသည်။ ပြတင်းပေါက် သုံးဆင့်ရှိသော အုတ်နံရံ မြင့်မြင့်မှိုင်းမှိုင်းကြီးကို တွေ့ရသည်။ ပြတင်းပေါက်များကို ရှေ့မှ ပိတ်ကာထားသည်။

"ပြတင်းပေါက်တွေကို အပြင်ကနေပြီး ကာထား တယ်။ အဲဒါ ဘာဖြစ်လို့လဲ"

သူမက မေးလိုက်သည်။

"ဒီပြတင်းပေါက်တွေကို 'မိုလာဒီလူပို' လို့ ခေါ်တယ်"

"အဲဒါ ဘာအဓိပ္ပာယ်လဲ"

"အချုပ်ခန်းထဲက လူဟာ မိုးကောင်းကင် အပေါ်ပိုင်းက လွဲပြီး ဘာကိုမှ မမြင်ရဘူး"

"ဘာဖြစ်လို့ အဲဒီလို လုပ်ထားတာလဲ"

ယောက်ျားဖြစ်သူသည် အင်ဂျင်စက်တွင် ဆွဲကြိုးများကို ရစ်ပတ်လိုက်ပြီး တအား ဆောင့်ဆွဲလိုက်သည်။ သို့သော် အင်ဂျင်စက်သည် တစ်ချက်နှစ်ချက်မျှသာ

လည်ပြီး ပြန်ရပ်သွားသည်။

"ဘာဖြစ်လို့လဲ ဟုတ်လား၊ အကျဉ်းသားတွေ အနေနဲ့ အပြင်လောကကို အချက်ပြပြီး မဆက်သွယ်နိုင်အောင်ပဲ နေမှာပါ့"

"ထောင်ထဲမှာ ဘယ်သူတွေ ရှိသလဲ"

အမျိုးသမီးက မေးလိုက်ပြန်သည်။

သည်မေးခွန်းကို ကြားရသောအခါ အမျိုးသားသည် အတော်ကြီးပင် ကျွဲမြီးတိုသွားဟန် ရှိသည်။ အကြောင်းမှာ ရှင်းနေသောကိစ္စ ဖြစ်သည်။ သို့ဖြင့် သူသည် စက်နှိုးသည့် ကြိုးကို လက်တွင် ကိုင်ထားရင်း ခါးကို အနည်းငယ် ဆန့်လိုက်ပြီး

"အားလပ်ရက်မှာ အလုပ်အပျော်ခရီး ထွက်တဲ့ လူရိုးလူကောင်းတွေ ရှိတာပေါ့၊ သူတို့က ဟိုတယ်မှာ တည်းရတာထက် ထောင်ထဲမှာ တည်းရတာကို ပိုပြီး သဘောကျကြတယ်။"

"ဒါ ကျွန်မကို ရှင် နောက်နေတာပဲ"

"ဒီမယ် လော်ရာ၊ မင်းက ထောင်ထဲမှာ ဘယ်သူတွေ ရှိမယ်လို့များ ထင်နေသလဲ၊ လူသတ်သမားတွေ၊ သူခိုးတွေ ဓားပြတွေ၊ ရာဇဝတ်မှု အမျိုးမျိုး ကျူးလွန်တဲ့ လူတွေပဲ ရှိတာပေါ့"

ထိုအခါ သူမက ကျွန်းဘက်ကို ကြည့်နေရာမှ မျက်နှာလွှဲလိုက်ပြီး အလိုမကျဟန်ဖြင့် ဒူးနှစ်ဖက်ကို လက်ပိုက်ကာ ငိုက်စိုက်ကလေး ထိုင်နေတော့သည်။

ယမန်နှစ်က ကြုံတွေ့ခဲ့ရသော အဖြစ်တစ်ခုကို သူမ သတိရနေသည်။ ခင်ပွန်းသည်နှင့်အတူ ဤကျွန်းသို့ သင်္ဘောဖြင့် သွားခဲ့သည်။ ထိုစဉ်က အခြားခရီးသည်များနှင့် အတူ ကျွန်းပေါ်သို့ တက်သွားသော လူရွယ်တစ်ယောက်ကို တွေ့မြင်ခဲ့ရသည်။ သူ့ကို လက်ထိပ်ခတ်ထားပြီး အစောင့်နှစ်ယောက်က ခြံရံထားသည်။ သူ့မျက်နှာက တင်းမာခက်ထန်သော်လည်း လှပချောမောသည်။ အသားအရေမှာ ဖြူရော်လှပြီး နဖူးနှင့် နထင်များပေါ်တွင် ဆံပင်ခွေခွေ နက်နက်များ တွန့်လိမ်ပြီး ကျနေသည်။

ထိုစဉ်က ထိုလူရွယ် ဘာဖြစ်မည်ကို ခန့်မှန်းမိသော်လည်း မည်သူနည်းဟု သူမက မမေးခဲ့ပါ။ သူတို့ အားလုံးပင် ထိုလူရွယ်ကို ဂရုမစိုက်ဟန် သတိမပြုမိဟန် ဆောင်ခဲ့ကြသည်။ သို့သော် ထိုလူရွယ်သည် သူမ၏ စိတ်အာရုံတွင် စွဲထင်လျက်

ရှိပါသည်။ အကြောင်းမှာ သူ၏ သားနားသန့်ပြန့်သော ရုပ်ရည်နှင့် သူ့ကို ချုပ်နှောင်ထားသော သံကြိုးတို့သည် ဆန့်ကျင်ဘက် ဖြစ်နေကြသောကြောင့်ပင်။

ယခု သည်အကြောင်းကို ပြန်လည် စဉ်းစားမိသောအခါ ထိုစဉ်က မစူးမစမ်း မမေးမြန်းမိခဲ့သည့်အတွက် နောင်တရနေသည်။ လူရွယ်သည် တစ်သက်တစ်ကျွန်း ကျခံရသည်လည်း ဖြစ်နိုင်သည်။ သို့သော် မုန်းတီးစက်ဆုပ်ဖွယ်ရာ ကောင်းသော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့၍ကား မဖြစ်တန်ရာ။ ကံကြမ္မာ စေစားရာ ကိလေသာ ရာဇဝတ်မှု တစ်ခုကို ကျူးလွန်ခဲ့ခြင်းသာ ဖြစ်ပေမည်။

“ရှင်ဟာ စက်တစ်ခုခုကို ဖြစ်နေပြီဆိုရင် ကားစက် ကိုပဲ ဖြစ်ဖြစ်၊ မော်တော်စက်ကိုပဲ ဖြစ်ဖြစ် စကား ပြောလို့ မကောင်းတော့ဘူး”

သူမက ရုတ်တရက် ပြောလိုက်သည်။

ခင်ပွန်းသည် ဘာမျှ ပြန်မပြောပါ။ ကြိုးကို အင်ဂျင်စက်တွင် ရစ်ပတ်လိုက်ပြီး ပထမအကြိမ်ကထက် ပိုပြီး ခပ်ပြင်းပြင်း ဆောင့်ဆွဲလိုက်သည်။ စက်နိုးသွားသည်။ မော်တော်ကလေးသည် ငြိမ်သက်သော ရေပြင်ပေါ်တွင် တစ်ကြိမ် ပြေးလွှားပြန်တော့သည်။ ပိုးသားနု ပင်လယ်ပြင်ပေါ်တွင် ဇာဖြူဖြူများ ယက်ကွပ်သည့်ပမာ ရေယက်များ ကို နောက်တွင် ချန်ရစ်သည်။

ယခုအခါ မော်တော်သည် ကျောက်တုံး ခံတပ်ကြီးကို ကျော်လွန်ခဲ့ပြီး သင်္ဘောဆိပ်ကို ဖြတ်ကျော်လျက်ရှိသည်။ ကျွန်း၏ သည်ဘက်ပိုင်းသို့ နေရောင်မရောက်သေးသဖြင့် ကမ်းခြေတစ်လျှောက်ရှိ နီသော၊ ဝါသော၊ ဖြူသော အိမ်များသည် နံနက်ခင်း အမှောင် ပိုးတဝါးမှာပင် ရှိနေပြီ။ လူသူလေးပါး မရှိသည့်ပမာ ထင်မှတ်ရသည်။ မော်တော်သည် သင်္ဘောဆိပ်ကို ကျော်လွန်ခဲ့ပြီး ကျွန်းအစု တစ်ခုကို ကွေ့ပတ်လျက် ရှိသည်။ အကျဉ်းထောင်ကြီးရော သင်္ဘောဆိပ်ကိုရော မတွေ့မြင်ရတော့ဘဲ စပျစ်ပင်များဖြင့် ဝေဆာနေသော ကမ်းပါးမြင့်မြင့် လျောလျောကိုသာ အဝေးတွင် တဖြည်းထက် တဖြည်း မြင့်သွားနေသည်ကို တွေ့ရသည်။ ကမ်းခြေအတိုင်း အတော်ကလေး သွားမိသောအခါ အင်ဂျင်စက်သည် ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်ပြီး တစ်ချီ ပျက်ပြန် တော့သည်။

အမျိုးသမီးသည် အလိုမကျ ဖြစ်သွားကာ ခင်ပွန်း သည်ကို ကျောပေးပြီး ကမ်းခြေဘက်သို့သာ ကြည့်နေတော့သည်။ ခင်ပွန်းသည် စက်နှိုးရန် ထရပ်လိုက်သည်။ ဆဲရေး တိုင်းထွာလိုက်သည်ကိုလည်း သူမက ဂရုမပြုပါ။ ယောကျ်ားဖြစ်သူ အကြိမ်ကြိမ် ကြိုးစားပြီး စက်ကို နှိုးသော်လည်း သူမကမူ ခေါင်းမာမာနှင့်ပင် ကျောပေးမြဲ ကျောပေးလျက်ရှိပါသည်။ နောက်ဆုံးတွင် စက်နိုးသွားပြီး မော်တော်ကလေးသည် ကျောက်ကမ်းပါး မြင့်မြင့်ကြီး နှစ်ခုကြားရှိ

ကမ်းခြေကွေ့ သေးသေးကျဉ်းကျဉ်း ကလေးဆီသို့ ဦးတည်ပြီး သွားနေသည်။ သို့သော် ကမ်းခြေနှင့် မလှမ်းမကမ်းမှာပင် စက်ရပ်သွားပြန်သည်။

“တောက်၊ ဘာဖြစ်သလဲ မသိဘူး၊ တစ်ခုခု ကျိုးသွားပြီနဲ့ တူတယ်။ စက်ပြင်ဆရာတစ်ယောက်နဲ့ ပြင်မှ ဖြစ်တော့မယ်”

သူမ၏ ယောက်ျား စိတ်တိုတိုနှင့် ပြောလိုက်သည့် အသံကို သူမ ကြားရသည်။

“သင်္ဘောဆိပ်ကို ပြန်သွားပါလား။ အဲဒီမှာ စက်ပြင်ဆရာ ရှိမှာပေါ့” သူမက လှည့်မကြည့်ဘဲ ပြောလိုက်သည်။

“ကမ်းနဲ့ အဝေးကြီးမှာ သွားပျက်နေရင် ဘယ့်နှယ် လုပ်မလဲ၊ မဖြစ်ဘူး၊ ဒီကပဲ ဆင်းပြီး ရွာကို လျှောက်သွားမယ်”

အမျိုးသမီးက ဘာမျှ မပြောပါ။ သူမက သည်လို ကိစ္စမျိုးတွေကို ယောက်ျားအား လွှဲထားဆဲ ဖြစ်သည်။ ထို့အပြင် အင်ဂျင်စက်မနိုးသည့် ကိစ္စမှာ သူမအတွက် ဘာမျှ အရေးမကြီးလှပါ။ သူမက သူ့ကို ကျောပေးပြီး ဥပေက္ခာပြုနေသည့် အဖြစ်ကို မြင်ရသောအခါ ယောက်ျားဖြစ်သူ ဒေါပွသွားပြီး

“အဲဒီ ကိစ္စ မင်းအတွက်တော့ ဘာမှမဟုတ်ဘူးပေါ့ ငါကတော့ ရွာကို ရောက်အောင် လျှောက်သွားရမယ့် လူပဲ”

သူမက ပခုံးကို မသိမသာ တွန့်လိုက်သည်။ ယင်းသို့ ပခုံးတွန့်လိုက်သည်ကို သူမ၏ ယောက်ျား မမြင်ဟု ထင်သည်။ သို့သော် သူ တွေ့မြင်သွားပြီး ဒေသတကြီး ပြောသည်။

“ဘာပခုံး တွန့်တာလဲ”

“ကျွန်မ မတွန့်ပါဘူး”

“တွန့်တယ်၊ အခုတလော မင်းလုပ်ပုံ ကိုင်ပုံတွေကို ငါသဘောမကျဘူး”

“အို ကျွန်မဘာသာ အေးအေးဆေးဆေး နေစမ်းပါရစေ။ ရှင်လူဆိုးပဲ”

သူမ၏ မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်လျှံလာသည်ကို အမျိုးသမီး သတိပြုမိသည်။ ဘာကြောင့်မှန်းတော့ မသိ။ သူမ၏ ကိုယ်ကို ကမ်းခြေဘက်သို့ ပို့ပြီး လှည့်လိုက်သည်။ တစ်စုံတစ်ခုကို ရှာဖွေ ကြည့်ရှုသည့်အလား ဖြစ်သည်။

သူမက တကယ်ပင် လူတစ်ယောက်ကို တွေ့မြင်ရ သည်။ ဘောင်းဘီအပြာ၊

အင်္ကျီအဖြူနှင့် လူတစ်ယောက် ကမ်းပါးထိပ်မှ နေ၍ ဆင်ခြေလျော လမ်းတစ်ခုအတိုင်း ရေစပ် ကမ်းခြေဆီသို့ လျင်မြန်စွာ ဆင်းလာနေသည်။ သို့သော် ရိပ်ခနဲမျှသာ မြင်လိုက်ရခြင်း ဖြစ်သည်။ အဆိုပါ လူသည် အောက်ဘက် ကမ်းခြေသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မန်းမှုတ်လိုက်သလို ရုတ်တရက် ပျောက်ကွယ်သွားသည်။ ထူးဆန်းစွာ မြင်တွေ့လိုက်ရသည့် အကြောင်းကို ခင်ပွန်းသည်အား ပြောရမည်လား၊ မပြောရဘူးလားဟု သူမ စဉ်းစားသည်။ ထို့နောက် မပြောရန် ဆုံးဖြတ်လိုက်သည်။ တစ်ချိန်တည်းမှာပင် အပြစ်ရှိသကဲ့သို့ သူမ၏ စိတ်ထဲတွင် ခံစားရသည်။ အဘယ်ကြောင့်မှန်းတော့ မသိ။

ထိုစဉ်မှာပင် သူမ၏ခင်ပွန်း ကျောက်ဆူးချလိုက် သည့် အသံကို သူမ ကြားသိရသည်။ ထို့နောက် သူ၏အသံ ထွက်ပေါ်လာသည်။

"ကဲ ဆင်းကြမယ်"

သူမက အလိုအလျောက် ဆိုသလိုပင် ခြေထောက်နှစ်ဖက်ကို မော်တော်ပေါ်မှ လွှဲချပြီး ဒူးဆစ်လောက်အထိ နက်သော ရေထဲသို့ ဆင်းလိုက်သည်။ သဲပြင်ကို ခြေဖြင့် နင်းမိသည်။ ကျောက်စရစ် သဲသောင်ခြေပေါ်သို့ ရောက်သောအခါ သူမ၏ ညာဘက် ကျောက်နံရံကြီးတွင် နက်ရှိုင်းသော လိုဏ်ဂူကြီးတစ်ခု ရှိနေသည်ကို သတိပြုမိရသည်။ စောစောက ရိပ်ခနဲ မြင်တွေ့လိုက်ရသူသည် ဤ လိုဏ်ဂူကြီးထဲတွင် ရှိနေမည်ဖြစ်ကြောင်းကို သူမက အတတ် တွေးယူလိုက်သည်။ သို့သော် သူမက ဘာမျှ မပြောပါ။ ထိုအခါတွင်လည်း နောင်တရမိသလို ဖြစ်ရပြန်သည်။

အနီးသို့ ခင်ပွန်းသည် ရောက်ရှိလာပြီး သူမ၏ လက်ကိုကိုင်ကာ

"ကိုယ့်ကို ခွင့်လွှတ်ပါ"

"အစ်ကိုက ကျွန်မကို ခွင့်လွှတ်ရမှာပါ"

သူမက ပရိယာယ်ကြွယ်ဝစွာဖြင့် ပြောလိုက်သည်။ ခင်ပွန်းသည်ဘက်သို့ လှည့်ပြီး သူ၏ ပါးပြင်ကို အသံမြည်အောင် နမ်းရှုံ့လိုက်သည်။ ထိုအချိန်မှာပင် သူမ၏ စိတ်ထဲတွင် တွေးနေမိသည်။ "သူ တခြားကိုသွားပြီး ငါ့ကို ဒီမှာ တစ်ယောက်တည်း ထားခဲ့လို့ ရှိရင်" ယခုအခါ တည်ငြိမ်မှု ရသွားပြီ ဖြစ်သော ခင်ပွန်းသည်က–

"ကိုယ့်ကို စောင့်နေရမှာ စိတ်မဆိုးပါဘူးနော်၊ ကိုယ် ရွာကို ချက်ချင်းသွားပြီး ချက်ချင်း ပြန်လာခဲ့မယ်၊ တစ်နာရီလောက်ပဲ ကြာမယ်"

"အို ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ၊ နောက်ပြီးတော့ ဒီနေရာကလေးက

ဘယ်လောက် သာယာသလဲ”

သူမ၏ ယောက်ျား ထွက်သွားသည်။ ဆင်ခြေလျှော လမ်းအတိုင်း ကမ်းပါးပေါ်သို့ တက်သွားသည်။ ထိုအခါ သဲသောင်ပြင်ပေါ်တွင် သူမသွားပြီး ထိုင်သည်။ ရေစပ်နှင့် ခပ်လှမ်းလှမ်းတွင် ဖြစ်သည်။ လိုဏ်ဂူပေါက်ကို မသိမသာ တွေ့မြင်နိုင်သော နေရာတွင် ဖြစ်သည်။

အတော်ကလေး ကြာသွားသည်အထိ သူမ ငြိမ်သက်စွာ ထိုင်နေသည်။ ကျောက်စရစ်ခဲလေးတွေ ပေါ်တွင် ဖြစ်သည်။ ပင်လယ်ပြင်ကြီးကို ကြည့်နေသည်။ ပြီးမှ လိုဏ်ဂူဝဆီသို့ မသိမသာ လှည့်ပြီး ကြည့်လိုက်သည်။ သည်လိုဏ်ဂူကို သူမ၏ ခင်ပွန်းသည် သတိမပြုမိသည့် အတွက် အံ့သြနေမိသည်။

သူမ တွေးထင်ခဲ့သည့် အတိုင်းပင် စောစောက လူသည် ဘောင်းဘီအပြာ ဝတ်ထားသော ခြေထောက်နှစ်ဖက်ကို ကွေးပြီး ဒူးနှစ်ဖက်ကို လက်ပိုက်ကာ ထိုင်နေသည်။ ၎င်း၏ ဦးခေါင်းနှင့် ကိုယ်အထက်ပိုင်းကို မတွေ့မြင်ရပါ။ မှောင်ရိပ်ကျနေသောကြောင့် တစ်ကြောင်း၊ ဂူဝ တွင် ထိုးထွက်နေသော ကျောက်စွန်းတစ်ခုက ကွယ်နေသောကြောင့် တစ်ကြောင်းဖြစ်သည်။

ဒူးနှစ်ဖက်ကို ပိုက်ထားသော သူ၏ လက်များကို သူမ ကြည့်လိုက်သည်။ ၎င်းသည် လွန်ခဲ့သော နှစ်က တွေ့ခဲ့ရသော လက်ထိပ်နှင့် လူရှုယ်ပင်ဖြစ်ကြောင်း သူမ သေချာပေါက် သိလိုက်သည်။ သည်လက်တွေက သူ၏ လက်တွေပင် ဖြစ်သည်။ သူမအနေနှင့် ကောင်းကောင်းကြီး မှတ်မိသည်။ လက်ထိပ်ခတ်ထားသော လက်များပင် ဖြစ်သည်။

သူ့ကို သွားပြီး စကားပြောရမလားဟု သူက စဉ်းစားသည်။ စကားမပြောဖို့ ဆုံးဖြတ်လိုက်မိသည့်အတွက် သူမကိုယ် သူမ အံ့သြသည်။ ကမ်းပါးပေါ်က သူဆင်းလာသည်ကို တွေ့မြင်ရပြီး ထိုအကြောင်းကို ခင်ပွန်းသည်အား ပြန်လည်ပြောဆိုခြင်း မပြုသည့် အချိန်ကတည်းက သူတို့နှစ်ဦးအကြားတွင် တစ်စုံတစ်ရာ ဖြစ်ပေါ်လျက် ရှိချေပြီ။ တိတ်ဆိတ်စွာ ဖြစ်ပေါ်လျက် ရှိသည်။ ယင်းအဖြစ်သည် တိတ်ဆိတ်စွာ ဆက်လက်ဖြစ်ပေါ်ပြီး တိတ်ဆိတ်စွာပင် အဆုံးသတ်ရပေမည်။

သည်စဉ်မှာပင် အချိန်တွေ ကုန်လျက်ရှိသည်။ ဂူထဲက လူ မလှုပ်မရှားပါ။ ၎င်း၏ မျက်နှာကို လွှမ်းခြုံထားသော အရိပ်ကြီးသည် သူတို့နှစ်ယောက်ကို မဆက်သွယ်နိုင်အောင် ခြားနားထားသော တကယ့် အရိပ်ကြီးတစ်ခု၊ လျှို့ဝှက်ဆန်းကြယ်သော အရိပ်ကြီးတစ်ခု၊ တုန်လှုပ် ချောက်ချားဖွယ်ရာ အရိပ်ကြီး တစ်ခုကိုပင် သူမ ခံစားမိသည်။

အဆိုပါလူ မလှုပ်မရှားဘဲ ရှိနေခြင်းက သူမကို အနှောင့်အယှက်ပေးလျက် ရှိသည်။ သူတို့ နှစ်ယောက်တွင် မည်သူက အရင် စတင်လှုပ်ရှားပြီး ရင်ထဲတွင် ခံစားနေရသည်ကို ထုတ်ဖော်ချေမည်နည်းဟု စိန်ခေါ်နေသည့် အလားပင်။

အမျိုးသမီးသည် သူမ၏ ကိုယ်ကို ထိန်းချုပ်နေသည့် ကြားကပင် သူမ၏ ခံစားမှုကို ထုတ်ဖော်ပြသသော လှုပ်ရှားမှု တစ်ခုကို ရုတ်တရက် ပြုလုပ်လိုက်မိသည်။ သူမ၏ နားရွက်များက ဝိုင်းဝိုင်းလှလှကလေးများ ဖြစ်ကြသည်။ သည်အချက်ကို သူမက ကောင်းကောင်း သိထားသည်။ သို့ဖြင့် သည်နားရွက်ကလေးများကို ဂူထဲကလူ မြင်သာအောင် သူမ လက်တစ်ဖက်ကို မြှောက်ပြီး ဆံပင်များကို ပင့်တင်လိုက်သည်။ ထောင်ပြေးတစ်ယောက်ကို စိတ်ကစားမိပါလား ဟု တွေးတောမိသောအခါ သူမမှာ သဘာဝမကျသည့် အဖြစ်၊ တာဝန်မဲ့သည့် အဖြစ်ကို ခံစားရပြန်သည်။

သို့ဖြင့် သူမသည် ပင်လယ်ပြင်ကြီးဘက်သို့ ငေးမောနေပြန်သည်။ သူမသည် ယခုအခါ သိသိသာသာကြီးပင် ကသိကအောက် ဖြစ်နေတော့သည်။ အနီးဝန်းကျင်တွင် လူတစ်ယောက် ရှိနေသည့် အဖြစ်ထက် သူမ၏ ခံစားမှုများ ဖြစ်သည်။ အဆိုပါ လူကို ဂူထဲမှ ထွက်လာစေရန် ဖြစ်သည့်နည်းဖြင့် ဖြားယောင်းရန် သူမ ဆုံးဖြတ်လိုက်သည်။ ၎င်းလူ အပြင်သို့ ထွက်လာပြီး သူမကို အနိုင်အထက် ပြုချင်လည်း ပြုပါစေတော့။ အသေသတ်ချင်လည်း သတ်ပါစေတော့။

သူမ၏ အိတ်ထဲတွင် အဖိုးတန်ပစ္စည်း ပါရှိကြောင်း သူမ သတိရသည်။ သို့ဖြင့် ယင်းပစ္စည်းများကို အပြင်သို့ တဖြည်းဖြည်းချင်း ထုတ်ယူသည်။ ပတ္တမြားတစ်လုံး မြှုပ်ထားသော ရွှေစီးကရက်ဘူးတစ်ခု၊ ရွှေမီးခြစ်တစ်ခု သူမက စီးကရက်တစ်လိပ်ကို ရွှေမီးခြစ်ဖြင့် ညှိလိုက်သည်။

နောက်ဆုံးတွင် သူမက စိတ်မရှည်လေဟန်ဖြင့် အိတ်ထဲတွင် ရှာဖွေပြန်သည်။ သူမ၏နာရီ ထွက်လာသည်၊ အချိန်ကို ကြည့်သည်။ နာရီကလည်း ရွှေပင်ဖြစ်သည်။ သူမက နာရီကို စီးကရက်ဗူးနှင့် မီးခြစ်နံဘေးတွင် ချထားလိုက်သည်။ သဲသောင်ပြင်ပေါ်တွင် ဖြစ်သည်။ ဂူထဲက လူကို မြူဆွယ်နိုင်သော ရွှေပုံကလေးပင် ဖြစ်သည်။

သို့သော် ဂူထဲက လူသည် ကိလေသာ ရာဇဝတ်မှု တစ်ခုကြောင့် ပြစ်ဒဏ်ခံရသူ တစ်ဦးသာ ဖြစ်ကြောင်း သတိရရှိသောအခါ အမျိုးသမီး နှုတ်ခမ်းကို ကိုက်လိုက်သည်။ သူ့ကို ရွှေနှင့်မျှားခေါ်၍ မရနိုင်။ အခြားနည်းလမ်း တစ်ခုကို သုံးရမည်။

ဂူထဲမှ လူသည် ထိုနေရာမှာပင် တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် ရှိနေဆဲ ဖြစ်သည်။ သူမ၏ မျက်နှာကို မမြင်ရပါ။

အမျိုးသမီးသည် မည်သို့မျှ အသုံးမဝင်သော ရွှေထည် ပစ္စည်းပုံကလေးကို ငုံ့ကြည့်လိုက်သည်။ ထို့နောက် သူမ၏ အကြည့်သည် ပင်လယ်ပြင်ကြီးဆီသို့ ပြန်လည် ရောက်ရှိသွားသည်။ ပထမတွင် မိုးကုပ်စက်ဝိုင်းဆီသို့ ဖြစ်သည်။ နောက်မှ တဖြည်းဖြည်းချင်း မြင်ကွင်း နီးလာသည်။ ကမ်းခြေနှင့် မလှမ်းမကမ်းသော နေရာတွင် ကျောက်စွဲထားသော မော်တော်ကလေးဆီသို့ ရောက်လာသည်။ သည်တော့မှ လိုဏ်ဂူတွင်းမှလူ လောဘတကြီး ဖြစ်နေသည့် အရာကို သူမ ရိပ်မိရတော့သည်။

သူမသည် အေးဆေးစွာနှင့် လေးဆေးစွာပင် ထိုင်ရာမှ ထလိုက်သည်။ ပျော့ပျောင်း ညင်သာစွာပင် ခြေညောင်းလက်ဆန့် ပြုသည်။ သူမ၏ လက်နှစ်ဖက်ကို လည်ကုပ်ပေါ်တွင် သိုင်းယှက်လိုက်ပြီး သူမ၏ ခေါင်းကို နောက်ဘက်သို့ ပစ်လိုက်သည်။ ထို့နောက် သူမက "သွားတော့မယ်" ဟု ရွတ်ဆိုပြီး ရေစပ်ဆီသို့ လျှောက်သွားသည်။

သူမက မော်တော်ဆီသို့ သွားသည်မဟုတ်ပါ။ ရေနက်ထဲသို့ ဆင်းသွားသည်။ ရေထဲသို့ တဖြည်းဖြည်းချင်း မြုပ်ဝင် သွားသည်။ သူမက ကမ်းခြေကွေ့ကလေး၏ တစ်ဖက်စွန်းဆီသို့ လျှောက်သွားနေသည်။ ကျောက်တောင်စွန်းသို့ ရောက်ရှိလျှင် တစ်ဖက်ကွေ့ထဲသို့ ကူးဝင်နိုင်သော နေရာဆီသို့ ဖြစ်သည်။ လည်ပင်းလောက် အနက်သို့ ရောက်ရှိသောအခါ အမျိုးသမီးသည် ကိုယ်ကို ရှေ့သို့ ထိုးလိုက်ပြီး ကူးခတ်လေတော့သည်။ တဖြည်းထက်တဖြည်း မော်တော်ကလေးနှင့် ဝေးသွားနေသည်။ အမျိုးသမီးသည် ကျောက်တောင်စွန်းဆီသို့ ကွေ့ဝိုက်ကာ ကူးသွားပြီး ခြေဖျားထောက်မိသော နေရာတွင် ရပ်လိုက်သည်။ နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

သူမ ထွက်ခွာခဲ့သည်မှာ ငါးမိနစ်လောက်သာ ရှိသေးသည်။ သို့သော် လိုဏ်ဂူထဲမှ လူသည် မော်တော်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ သူမဘက်ကို ကျောပေးပြီး အင်ဂျင်စက်ကို ကုန်းငုံ့ကာ နှိုက်နေသည်။ သူသည် မော်တော်အင်ဂျင်စက် ပါရဂူတစ်ဦး ဖြစ်ဟန်ရှိသည်။ ချက်ချင်းဆိုသလိုပင် စက်နိုးပြီး မော်တော်ကလေး ထွက်သွားသည်။ စက်ဝိုင်းခြမ်းသဏ္ဌာန် ကွေ့ဝိုက်ပြီး ထွက်သွားသည်။ သို့သော် သူ၏မျက်နှာကို သူမ မမြင်တွေ့ လိုက်ရပါ။

သူမသည် လည်ပင်းလောက် ရေအနက်မှာပင် တိတ်ဆိတ်စွာ မတ်တတ်ရပ်လျက် ရှိနေပြီး ဤ တိတ်ဆိတ်မှုသည် ၎င်းတို့ နှစ်ယောက်အကြားတွင် နောက်ဆုံး တိတ်ဆိတ်မှုပင် ဖြစ်တော့သည်ဟု ခံစားနေရသည်။ ထို့နောက် အတွေးတစ်ခုက သူမကို နှောင့်ယှက်လာပြန်သည်။ "မတော်တဆများ စက်ပြန်ပျက်သွားခဲ့လို့ ရှိရင် ငါက ထောင်ချောက်ဆင်တာပဲလို့ ထင်တော့မှာပဲ"။ နောက်ဆုံးတွင် သူမသည် ရေထဲမှ ဖြည်းလေးစွာ တက်ပြီး စောစောက နေရာဆီသို့

လျှောက်သွားသည်။

ကျောက်ကမ်းပါးကြီး၏ အထက်ဘက်တွင် နေလုံးကြီး ထွက်ပေါ်လာပြီ ဖြစ်သည်။ သဲသောင်ပြင်ကြီးပေါ်သို့ လည်းကောင်း၊ ဂူထဲမှလူ လက်ဖျားနှင့်ပင် တို့မသွားသော ရွှေပုံကလေးပေါ်သို့ လည်းကောင်း၊ ပြာလွင်သော ပင်လယ်ပြင်ကြီး ပေါ်သို့ လည်းကောင်း နေရောင်ခြည် ထွန်းလင်းဝင်းပစွာ ကျရောက်နေပြီ ဖြစ်သည်။

အမျိုးသမီးသည် သူမ၏ အိတ်ဘေးတွင် ထိုင်ချလိုက်ပြီး အဝေးပင်လယ်ပြင်ကြီး အတွင်းသို့ မောင်းနှင်သွားနေသော မော်တော်ဘုတ်ကလေး နောက်သို့ လိုက်ကြည့်လျက် ရှိသည်။ ထိုစဉ်မှာပင် သူမ၏ လက်ယာဘက် ကျောက်ငူစွန်းဆီမှ လူသုံးယောက် စီးနင်းလိုက်ပါလာသော သင်္ဘောကလေးတစ်စင်း ရုတ်တရက် ထွက်ပေါ်လာသည်။ မော်တော်ဘုတ်ကလေး ဝေးသည်ထက် ဝေးပြီး သေးသည်ထက် သေးသွားနေပါသည်။ သို့ရာတွင် တစ်မကျင်ပေါ် တွင် လက်တင်ပြီး ပဲ့စင်ပေါ်တွင် ထိုင်နေသူကို သူမက သဲကွဲစွာပင် မြင်နေပါသည်။

ရုတ်ခြည်းဆိုသလိုပင် မော်တော်ဘုတ်ကလေး ရပ်သွားသည်။ မော်တော်ကလေး ရပ်သွားသော အခါ ပဲ့စင်မှလူ မတ်တတ်ရပ်ပြီး အင်ဂျင်စက်ကို ကြည့်ရှုစစ်ဆေး ပြန်တော့သည်။ ထိုအချိန်တွင် သင်္ဘောကလေးသည် မော်တော်ဘုတ်ဆီသို့ တန်းတန်းမတ်မတ်ကြီး ဦးတည်သွားနေတော့သည်။ ရှေ့တွင် ဘာတွေ ဖြစ်တော့မည်ကို အမျိုးသမီး ကြိုတင် သိမြင်နေပြီး အောင့်အည်းသည်းခံပြီး စောင့်ကြည့်နေရတော့သည်။

မော်တော်ဘုတ်ကလေးနှင့် သင်္ဘောကလေး နီးသည့်ထက် နီးသွားနေစဉ်တွင် မော်တော်ပေါ်မှ လူသည် အတန်ကြာသည်အထိ မော်တော်စက်ကို ကြိုးစား ပြင်ဆင်နေသေးသည်။ သို့သော် နောက်ဆုံးတွင် သူသည် လက်လျှော့လိုက်သည့် အနေဖြင့် ပဲ့စင်ပေါ်တွင် မလှုပ်မယှက်ကြီး ထိုင်နေ တော့သည်။

မော်တော်ဘုတ်အနီးသို့ သင်္ဘောကလေး ချဉ်းကပ် သွားပြီ ဖြစ်သည်။ ရေယာဉ်နှစ်စင်း ထိကပ်သွားကြပြီ ဖြစ်သည်။ အမျိုးသမီး ကြည့်နေဆဲပင် ဖြစ်သည်။ သင်္ဘောပေါ်မှ လူသုံးယောက်နှင့် မော်တော်ပေါ်မှ လူတို့သည် အသွားအလာ ကင်းရှင်းသော ပင်လယ်ပြင်ကြီး အတွင်းရှိ တောက်ပသော နေရောင်ခြည်အောက်တွင် အေးအေးလူလူပင် စကားပြောနေကြသည်။ အပျော်ခရီး ထွက်သူများ မတော်တဆ တွေ့ဆုံပြီး အသိအကျွမ်း ဖြစ်သွားကြသည့် ပမာဖြစ်သည်။

သို့သော် တွေ့ဆုံမှုသည် နေရောင်ခြည်၊ အကွာအဝေး၊ ပင်လယ်ပြင်နှင့်

မိုးကောင်းကင်တို့၏ အတိုင်းအဆမရှိသော ကျယ်ပြောမှုတို့ကြောင့် မရေရာသော နားမလည်နိုင်သော အလှမ်းကွာသော အဖြစ်အပျက်တစ်ခု ဟု သူမ ယူဆမိတော့သည်။ ထိုစဉ်မှာပင် မော်တော်ပေါ်မှလူသည် မတ်တတ်ထရပ်ပြီး သင်္ဘောကလေးပေါ်သို့ ကူးပြောင်းသွားသည်။ အမျိုးသမီး မျက်လွှာချလိုက်ပြီး နာရီကြည့်သည်။ တစ်နာရီနီးပါး အချိန်ကုန်လွန်သွားပြီ။ မျှားမကြာမီမှာပင် သူမ၏ခင်ပွန်းသည် ပြန်လာပေတော့မည်။

The escape

■

အတိုင်းအတာများ

ဂီယာကိုမီသည် သူ့မိန်းမနှင့် ခွဲခွာပြီးနောက် မြို့ဟောင်းပိုင်း တစ်နေရာရှိ အခန်းသုံးခန်းပါ ရှိသော တိုက်ခန်းတစ်ခန်းတွင် နေထိုင်ခဲ့သည်။ အကျယ်ဆုံးအခန်းကို သူ၏ အင်ဂျင်နီယာလုပ်ငန်း ရုံးခန်းအဖြစ် အသုံးပြုသည်။ ပုံဆွဲစားပွဲကို ပြတင်းပေါက်ဘက် မျက်နှာမူပြီး ချထားသည်။ သူက သူ့ဇနီးနှင့် အတူနေစဉ်ကအတိုင်း ပြုမူနေထိုင်သည်။ နံနက်ကိုးနာရီမှ နေ့လည် တစ်နာရီအထိ အလုပ်လုပ်သည်။ ထို့နောက် နေ့လည်စာ စားသည်။ ထို့နောက် ခေတ္တနားသည်။ ထို့နောက် ညနေလေးနာရီမှ ညရှစ်နာရီအထိ အလုပ်လုပ်ပြန်သည်။ ထို့နောက် ရုပ်ရှင်ကြည့်ခြင်း၊ စားသောက်ဆိုင်တွင် ညစာစားခြင်း၊ မိတ်ဆွေများနှင့် စကားပြောဖြစ်သည်။ အနားယူ အပန်းဖြေခြင်းများ ပြုလုပ်သည်။ တစ်ခုလည်း ရှိသည်။ သူ့ဇနီးက အတူ ပါရှိမနေခြင်းနှင့် သူက လူပျိုတစ်ယောက်လို နေထိုင်ခြင်းပင် ဖြစ်သည်။ သူ့ဇနီး အကြောင်း သူ လုံးဝ မတွေးပါ။ တစ်ချိန်က သူ၏ အသည်းနှလုံးထဲတွင် သူ့ဇနီး၏ပုံရိပ် ရှိခဲ့သော်လည်း ယခု အခါတွင် ဘာမျှမရှိပါ။ ခဲတုံးကြီး တစ်တုံးမျှသာတည်း။

သို့ကတည်းက သူသည် စိတ်မပါဘဲ အလုပ်လုပ်နေရကြောင်းကိုကား သဘောပေါက်မိသည်။ တစ်ခါတရံ သူသည် ဘာမျှမလုပ်ဘဲ တစ်နာရီလောက် ထိုင်နေတတ်သည်။ အလုပ်စားပွဲရှေ့က ခွေးခြေပေါ်တွင် ထိုင်ပြီး ပြတင်းပေါက်ကို ငေးစိုက်ကြည့်နေတတ်သည်။ သူ့အခန်းနှင့် မျက်နှာချင်းဆိုင်တွင် ၁၉ ရာစု ပထမ နှစ်ငါးဆယ်လောက်က တည်ဆောက်ခဲ့ဟန် တူသော ရောမ အဆောက်အအုံကြီး တစ်ခုရှိပါတယ်။ တိုက်ဝါကြီးဖြစ်သည်။ မျက်နှာစာ တစ်ခုလုံးတွင် လေးထောင့်ဖုငယ်များဖြင့် ဖောင်းကြွနေသည်။ ရှေးခေတ်သစ်ပုံစံ ပြတင်းဘောင်များတွင် အညို ရောင် တရုတ်ကပ်များ တပ်ဆင်ထားသည်။ သို့သော် အထက်ဘက်ရှိ တစ်ပုံစံတည်းရှိသော ရင်တားပါသည့် ခေါင်မိုး၊ ဗိသုကာပိုင်း ကမောက်ကမမှု ဖြစ်နေသည်။ ဤ ဖြစ်ကတတ်ဆန်း အသွင်က မြို့၏ မြင်ကွင်းကို ပရမ်းပတာနှင့် မရိုးမသား ဖြစ်စေတော့သည်။ အမှန်တော့ ဤခေါင်မိုးပြန့်ပေါ်တွင် ခေတ်အဆက်ဆက်မှာပင် အပေါ်ထပ် အဆောက်အအုံ အကြီးအငယ်များ ဆောက်လုပ်ထားပါသည်။ ကနားဖျင်းများ၊ တဲများ၊ နံရံများ၊ လက်ရန်း၊ လှေဇကားထစ်များနှင့် လှေကားများ၊ ဆင်ဝင်များ၊ မီးခိုးခေါင်းတိုင်များ စသည်ဖြင့် ဖြစ်သည်။

ဘာကြောင့်မှန်းတော့ မသိ၊ ဤအဆောက်အအုံများက ဂီယာကိုမိုကို

စိတ်ဝင်စားစေသည်။ ပန်းရံ အတတ်ပညာတွင် အဖြေရခက်သော စကားထာသဖွယ် ဖြစ်နေ၍လည်း ဖြစ်နိုင်သည်။ ဘယ်ခေတ်က အဘယ်ကိစ္စအတွက် တည်ဆောက်ခဲ့သနည်း ဟု စဉ်းစားရခက်နေသည်။ သို့မဟုတ် အကန့်အသတ်ရှိသော အလှနှင့် ဆန့်ကျင်ဘက် ဖြစ်သည့် အကျည်းတန်မှုတွင် အကန့်အသတ်မရှိ၊ ကုန်ခမ်းနိုင်ခြင်း မရှိဟု မကြာမကြာ တွေးမိတတ်သောကြောင့်လည်း ဖြစ်နိုင်သည်။

သူ၏ ပြတင်းပေါက် ရှေ့တည့်တည့်တွင် ရင်တားလက်ရန်း တစ်ခုရှိသည်။ သံလုံးချောင်းများဖြင့် ပန်းပွင့်ပုံ ပြုလုပ်ထားဖြစ်သည်။ လွန်ခဲ့သော နှစ်ခုနှစ်ဆယ်လောက်က ပုံစံမျိုးဖြစ်သည်။ ထိပ်နှစ်ဖက်နှင့် အလယ်တွင် ပွင့်ချပ်အုံများ ရှိသည်။ လက်ရန်းတစ်လျှောက် အကွာအဝေးညီညီ နေရာများတွင် မီးခိုရောင် ကျောက်ကြမ်းဖြင့် ပြုလုပ်ထားသော လေးထောင့်ကျောက်တိုင်များ ရှိသည်။ ကျန်ရစ်သော လက်ရန်းသည် ကမ္ဘာပေါ်တွင် အရိုးဆုံးနှင့် အရေးပါဆုံး အရာတစ်ခု ဖြစ်သည်။ သို့သော် ဂီယာကိုမိုသည် ရင်တားလက်ရန်းကို မငေးနိုင်ဘဲ မနေနိုင်ပါ။ ယင်း၏ အတိုင်းအတာများကို စိတ်ထဲတွင် ပြုလုပ်နေပြီး ယင်း၏ ခြားနားသော အနေအထားများကို လေ့လာနေမိသည်။ ယင်းသို့ဖြင့် သူသည် ကျောက်တိုင်တစ်တိုင်နှင့် တစ်တိုင်သည် နှစ်မီတာ ကွာဝေးကြောင်း တွက်ချက်မိသည်။ ထို့အတူ ရင်တားလက်ရန်းကို ဆေးတွေ သုတ်ပေးပြီး ယခုအခါ အဖြူရောင်သည် ညစ်ထေးနေပြီး သံချေးများ ပေါ်နေပြီ ဖြစ်ကြောင်းကိုလည်း သူလေ့လာမိသည်။ ကျောက်တိုင်များ၏ မီးခိုးရောင် အင်္ဂတေတို့မှာလည်း နေဒဏ်မိုးဒဏ်ကြောင့် ယခုအခါ ခရမ်းရောင် သမ်းနေကြပေပြီ။ ရေညှိများနှင့် တူသော အစိမ်းကွက်များကိုလည်း တိုင်ခြေရင်းများတွင် တွေ့မြင်ရသည်။ မြေကြီးများ ထည့်ထားသော မြေခွက်များကိုလည်း ရင်တားလက်ရန်း အောက်ခြေဘက်တွင် မြင်တွေ့ရသည်။ သို့သော် ပန်းပင်များနှင့် အပင်ငယ်များ၏ အရိပ်အယောင်ကိုကား မတွေ့ရှိရချေ။ တစ်ခုနှင့်တစ်ခု နှစ်မီတာ ကွာဝေးသော ကျောက်တိုင်ခုနစ်တိုင်ကို တွေ့မြင်ရသဖြင့် အမိုးပြန့် တစ်ခုလုံး၏ အလျားသည် တစ်ဆယ့်လေးမီတာ သို့မဟုတ် ထို့ထက် အနည်းငယ် လိုဖွယ်ရာရှိသည်။

ရင်တားလက်ရန်း၏ နောက်ဘက်သည်ကား ကစင့်ကလျား ရှုပ်ထွေးလာလျက် ရှိသော အဆောက်အအုံများ ထိုးထွက်နေကြသည်။ ယင်းတို့က ဂီယာကိုမို စိတ်ဝင်စားမှု ဖြစ်စေပါသည်။ သင်္ဘောတစ်စင်း၏ မိုးပျံတံတားကို မိုးပေါ်သို့ ထိုးထွက်နေသော အမြင့်ဆုံး အဆောက်အအုံ ကတော့ အင်္ဂတေဖြင့် ပြုလုပ်ထားသော အုတ်တိုက်ကြီး ဖြစ်သည်။ အဝါရောင်ဖြစ်ပြီး ကြက်ခြေခတ်ပုံ အပေါက် ၄ပေါက် သို့မဟုတ် ချောင်းကြည့်ပေါက် နှစ်ခုမှတစ်ပါး အားလုံး အလုံပိတ်ဖြစ်သည်။ ရေလှောင်ကန်များ ပါရှိသော ရေစင်ကြီးတစ်ခု မြင်နိုင်သည်။ ဂီယာကိုမိုက ထုံးစံအတိုင်းပင် ယင်းအဆောက်အအုံ၏ အတိုင်းအတာများကို

တွက်ချက်နေမိသည်။ အရှေ့ဘက် နံရံက နှစ်မီတာခွဲ မြင့်ပြီး နောက်ဘက်နံရံက သုံးမီတာ ဖြစ်သည်။ မတ်စောက်သော ဆင်ခြေလျှော အုပ်ကြွပ်မိုးရှိသည်။ ယင်းကြောင့် ရေလှောင်ကန် ခြောက်ခုထက် မပိုနိုင်ပါ။ အဆင့်နှစ်ဆင့်ရှိပြီး တစ်ဆင့်လျှင် သုံးကန်ရှိသည်။ ရေစင်၏ အနက်သည် တစ်မီတာခွဲ ရှိသည်။ သို့မဟုတ် တစ်မီတာနှင့် ရှစ်ဆယ် ဖြစ်နိုင်သည်။ ကျောက်ခင်း၏ လက်ဝဲဘက်တွင် သံချေးတက်နေသော မီးခိုးခေါင်းတိုင် ရှည်ရှည်သေးသေး တစ်ခုရှိသည်။ ခေါင်းတိုင်၏ ညာဘက်တွင် ကပ်လျက်ကား တွန့်လိမ် ပျက်စီးသော သံဖြူအုပ်ဆောင်းပိုင်း မိုးထားသည့် လေပြွန်ရှိသည်။ သည့်ထက် အမြင့်တွင်ကား ပင့်ကူအိမ်များနှင့် တူသော ရုပ်မြင်သံကြား ကောင်းကင်ကြိုးတိုင် ဆယ့်ငါးခုကို ရေတွက်၍ရသည့် အနေအထား ကွာခြားသည်။ အချို့က မြင့်မြင့်၊ အချို့က နိမ့်နိမ့်။

သဘော်ာမိုးပျံ တံတားသဖွယ် ဖြစ်နေသော ရေစင်မှ အမိုးပြန့်ပေါ်သို့ သံလှေကားလေးဖြင့် ဆင်းနိုင်သည်။ သံလှေကားက ရင်တားလက်ရန်းမှာ အကိုင်းပင် ပန်းပွင့်ပုံ ဖော်ထားပြီး ဆေးအဖြူ သုတ်ထားသည်။ ဂီယာကိုမိုသည် လှေကားထစ်များကို ရေတွက်ရန် ကြိုးစားသည်။ သို့သော် မအောင်မြင်ပါ။ အကြောင်းမှာ လှေကားက ကြောင်လိမ်လှေကားဖြစ်ပြီး ခရုပတ် လက်ရန်းက အကွေ့အဝိုက်များတွင် လှေကားထစ်များကို ကွယ်ထား၍ ဖြစ်သည်။

လှေကားရင်း ခေါင်မိုးပြန့်ပေါ်တွင်ကား အောက်ပါ ပုံစံအတိုင်း တည်ဆောက်ထားသော ခေါင်းတိုင်များ တပုံတပင်ကြီး ရှိနေကြသည်။ အောက်ခြေ အုတ်ခုံများသည် များသောအားဖြင့် ကတော့ပုံ ဖြစ်ကြပြီး ထုထည် ကြီးမားလှသည်။ ယင်းတို့၏ အထက်တွင်ကား သေးသေးသွယ်သွယ် ခေါင်းတိုင်များ ရှိကြပြီး သံချေးတက်ကာ မည်းနက်နေကြသည်။ ခေါင်းတိုင်ထိပ်တွင်ကား အုတ်ဆောင်း သို့မဟုတ် လေသာပေါက်များ ရှိသည်။ နှစ်ခုစလုံး ဖြုတ်၍ တပ်၍ ရသည်။ မီးခိုးခေါင်းတိုင်များကို မတူခြားနားသော ခေတ်ကာလ အမျိုးမျိုးတွင် တည်ဆောက်ထားခဲ့ကြောင်း အောက်ခြေ အုတ်ခုံများက ခြားလျက်ရှိသည်။ သရွတ်ကိုင်ထားသော အင်္ဂတေအရောင်များက အမျိုးမျိုးဖြစ်သည်။ မကြာမီကမှ မဆလာ ကိုင်ထားသော မြေဖြူရောင် ဖွေးဖွေးမှသည် လွန်ခဲ့သော နှစ်ငါးဆယ်က မရမ်းရောင် ညိုညို များ ဖြစ်သည်။ ခေါင်းတိုင်များက ထွက်သော မီးခိုးနက်နက်များက ကြောင်လိမ်လှေကားနှင့် ရေစင်တို့ကို မည်းမှု မည်းမှောင်နေစေပါသည်။

ဂီယာကိုမို၏ ပြတင်းပေါက် ညာဘက်တွင်ကား အဆောက်အအုံ သုံးခုရှိသည်။ ပထမဆုံးကတော့ အလယ် အဆောက်အအုံ ဖြစ်သော ရှည်မျောမျော ကင်းစောင့်ရုံ ဖြစ်သည်။ အဝါရောင်ရင့်ရင့် ဖြစ်ပြီး တံခါးပေါက်က မီးခံသေတ္တာ တံခါးလောက်ပဲ ရှိသည်။ အဖြူရောင်မှိုင်းမှိုင်း သုတ်ထားသည်။ ပြတင်းပေါက်များ

မရှိပါ။ ဤအဆောက်အအုံကို မည်သည့်အတွက် ဆောက်လုပ်ထားကြောင်းကို ဂီယာကိုမို တစ်ခါမျှ အဖြေထုတ်၍ မရပါ။ လက်ဝဲဘက်တွင်ကား ပုံပန်းမကျသော အခန်းတစ်ခန်း ဖြစ်သည်။ ပြတင်းဘက် တစ်ပေါက်ပင် ရှိသည်။ သို့သော် အမိုးမရှိပါ။ အာဏာပိုင်များက ယင်းအဆောက်အအုံကို ဆက်ပြီး မဆောက်ရန် တားမြစ်သောအခါ ပိုင်ရှင်သည် အမိုးမိုးချိန် မရရှိလိုက်ခြင်းပင် ဖြစ်သည်။ သို့ဖြင့် သူတို့သည် ဤအဆောက်အအုံကို အကာပါသော လသာဆောင် အဖြစ်သာ အသုံးပြုကြရတော့သည်။ ပြတင်းပေါက်မှနေ၍ အထဲသို့ ကြည့်လျှင် ဥယျာဉ်တစ်ခုထဲတွင် တွေ့မြင်ရတတ်သော ဆေးဖြူ သုတ်ထားသော သံကုလားထိုင်များနှင့် သံစားပွဲဝိုင်းလေး တစ်ခုတို့ကို တွေ့ရသည်။ ခွင့်ပြုမိန့် မရသော အခန်း၏ နံရံများကို ပွမ်ပီယံ အနီရင့်ရင့် သုတ်ထားရာ ယခုအခါ ဆေးများ ကွာကျပြီး အောက်ခံ အင်္ဂတေရောင် ဖျော့တော့တော့များ ပေါ်လွင်နေသည်။

လက်ယာဘက်တွင်ကား လေးထောင့် အဆောက် အအုံ တစ်ခုရှိသည်။ ပုပုကားကားဖြစ်ပြီး သံထည်နှင့် မှန်တို့ဖြင့် ပြုလုပ်ထားသော လိပ်ခုံးပုံသဏ္ဍာန် အမိုးနိမ့်နိမ့်ရှိသည်။ အောက်ဘက်ရှိ လှေကားကို ဖုံးအုပ်ထားခြင်း ဖြစ်သည်။ မှန်ပေါက်များမှ ကြည့်လျှင် ခါတ်လှေကားဘီးနှင့် ကြိုးတို့ကို ခပ်ရေးရေး တွေ့မြင်ရသည်။ အကယ်၍ သေသေချာချာ ကြည့်ရှုခဲ့လျှင်ကား ခါတ်လှေကား လှုပ်ရှားနေသော အခါများတွင် ဘီးလည်ပတ်နေပုံနှင့် တုန်ခါသော ကြိုးများကို မြင်ရမည်ဖြစ်ရာ အဆောက်အအုံ အောက်ပိုင်းကို အဝါ ရောင် သုတ်ထားပြီး ခရမ်းရောင် အကွက်များ ရှိသည်။ လိပ်ခုံးမိုး၏ သံထည်များကို အဖြူရောင် သုတ်ထားသည်။ သံထည်များသည် သံလှေကားကလေးနှင့် ရင်တားလက်ရန်း ပုံစံများအတိုင်း ပန်းပွင့်ပုံ ဖြစ်သည်။

ကင်းစောင့်ရုံ ခွင့်ပြုမိန့်မရသော အခန်းနှင့် လိပ်ခုံးမိုး စသည့် ဤအဆောက်အအုံ သုံးခု၏ နောက်ဘက်တွင်ကား ငေါ်ထွက်လာသော အခြားအသိရ ခက်ခဲသည့် အဆောက်အအုံများကို တွေ့မြင်ရသည်။ လှေကားငယ်ကလေးများ၊ ရင်တားလက်ရန်းများ၊ အဝါ၊ အနီ၊ မီးခိုး စသည့် အရောင် များဖြင့် ပုံစံအမျိုးမျိုး ဖြစ်သည်။ ဂီယာကိုမိုသည် ဤမြို့ မြင်ကွင်းများကို တစ်နေ့လျှင် နာရီပေါင်းများစွာ ငေးစိုက်ပြီး ကြည့်ခဲ့သည်။ ယင်းတို့၏ လျှို့ဝှက်သော အနှစ်သာရနှင့် ယင်းတို့၏ အတွင်းပိုင်းကို သိလိုသောကြောင့် ဖြစ်သည်။ သို့သော် သူ ဘာတစ်ခုကိုမျှ နားလည်နိုင်စွမ်း မရှိပါ။ လက်တွေ့အားဖြင့် ဤအဆောက်အအုံများသည် ဘဝ၏ မသိသာနိုင်သော နောက်ခံများ ဖြစ်သည်ဟု ရုံဖန်ရံခါ သူ တွက်ဆမိပါသည်။ ဘဝဆိုတာ ရှိနေသ၍ သူတို့ကို သတိပြုနေမိပါသည်။ ဘဝချုပ်ငြိမ်းသွားသည်နှင့် တစ်ပြိုင်နက် သူတို့ဘာသာ တည်ရှိနေပါတော့သည်။

သို့သော် မျက်နှာချင်းဆိုင် ခေါင်မိုးပြန့်ကို သူ လှေ့လာကြည့်ရှုနေစဉ်အတွင်း ယင်းတို့၏ အတိုင်းအတာများကို စိတ်ဖြင့် တွက်ချက်၍ မရနိုင်သဖြင့် စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။ ယင်းတို့၏ အမြင့်၊ ယင်းတို့၏ အနံ၊ ယင်းတို့၏ အနက်၊ ယင်းတို့၏ အလျားမီတာ၊ စတုရန်း မီတာ၊ ကုဗမီတာ စသည်ကို အရာရာကို မနေနိုင် မထိုင်နိုင် တိုက်တာကို မြင်သည့် အဓိပ္ပာယ်မရှိသူ၏ စေ့စေ့စပ်စပ် ကြည့်ရှုခြင်း အပေါ် မည်သို့မျှ အထောက်အကူ မပြုပါ။ တကယ်ပင် သူက အဘယ့်ကြောင့် လိပ်ခုံးမိုး၏ အမြင့်ကို လည်းကောင်း၊ ခေါင်မိုးပြန့်၏ အလျားကို လည်းကောင်း၊ တိုင်းထွာရသည်နည်း။ မည်သူကမျှ သူ့ထံမှ တိုင်းတာသူ တစ်ဦး၏ အစီရင်ခံစာ သို့မဟုတ် အပေါ်ထပ် အဆောက်အအုံများ၏ ပုံစံ သို့မဟုတ် သူ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် ဆက်စပ်သော တွက်ချက်မှုများကို မတောင်းခံပါ။ တကယ်တော့ သူသည် သူ့အတွက် မလိုအပ်သော၊ ပြီးတော့ ဘယ်အတွက်မှလည်း မလိုအပ်သော အတိုင်းအတာများကို လုပ်ဆောင်နေခြင်းသာ ဖြစ်သည်။

သူ၏ စာအုပ်စင်ပေါ်တွင် သူ၏ အင်ဂျင်နီယာလက်စွဲ စာအုပ်များနှင့် အတူရှိ စာပေဆိုင်ရာ စာအုပ် အနည်းငယ်တွင် ဂီယာကိုမို ကာဆာနိုဗာ ရေးသားသော "ပွမ်ဘီ အကျဉ်းထောင်မှ ထွက်ပြေးခြင်း" အမည်ရှိ စာအုပ်လည်း ပါဝင်ပါသည်။ ဤစာအုပ်သည် ထင်ရှားကျော်ကြားသော စွန့်စားသူ တစ်ဦး၏ ကိုယ်ရေးမှတ်တမ်းမှ ကောက်နုတ်ချက် ဖြစ်သည်။ ဗင်းနစ် အကျဉ်းထောင်မှ ထွက်ပြေး လွတ်မြောက်သည့် အပိုင်းသာ ပါရှိသည်။ တစ်နေ့တွင် သူသည် အလုပ်လုပ်၍လည်း မရ၊ ခေါင်မိုးများအကြောင်း တွေးတောစဉ်းစား နေခြင်းမှလည်း လွှဲဖယ်လိုသဖြင့် ဂီယာကိုမိုသည် ယင်းစာအုပ်ကို ဆွဲယူပြီး လှန်ပစ်လိုက်သည်။ သူ့မျက်လုံးများက အောက်ဖော်ပြပါ အကြောင်းများ အပေါ်သို့ ရောက်ရှိသွားသည်။

"အကျဉ်းထောင် အချုပ်ခန်းများသည် နန်းတော်ကြီး၏ ဟိုဘက်သည်ဘက် အမိုးများအောက်တွင် တည်ရှိသည်။ အနောက်ဘက် အခန်းသုံးခန်း ရှိပြီး တစ်ခန်းကတော့ ကျွန်ုပ်၏ အခန်းဖြစ်သည်။ စတုတ္ထအခန်းက အရှေ့ဘက်တွင် ဖြစ်သည်။ အနောက်ဘက်ရှိ အမိုးပေါ်မှ ရေဆင်းပြွန်သည် နန်းတော်ဝင်း အတွင်းသို့ စီးဆင်းသည်။ အခြား တစ်ဖက်ရှိ အရှေ့ဘက်မှ ရေဆင်းပြွန်သည် ရီယိုဒီပလက်ဇို ဟု ခေါ်သော တူးမြောင်းအတွင်းသို့ တည့်တည့်ကြီး စီးကျသည်။ ဟိုမှာဘက်ရှိ အကျဉ်းခန်းတို့သည် အလင်းရောင် အားကောင်းပြီး ကောင်းစွာ မတ်တတ်ရပ်နိုင်သည်။ ကျွန်ုပ် နေရသော အခန်းတွင်ကား ယင်းသို့ မဟုတ်ပါ။ ကျွန်ုပ်၏ အခန်းသည် "ယက်မပါသော အကျဉ်းခန်း" ဟု ခေါ်တွင်ပြီး ရောမယက်မကြီးက အလင်းရောင်ကို ကွယ်ထားပါသည်။

ဂီယာကိုမို စိတ်ဝင်စားစွာဖြင့် ဆက်လက်ဖတ်ရှုသည်။ ကာဆာနိုဗာသည်

သူ၏ လွတ်မြောက်မှုအတွက် အစီအစဉ်များ ပြုလုပ်လျက်ရှိရာ စာဖတ်သူများကို ဤသို့ လုပ်ဆောင်ရန်အတွက် အခက်အခဲနှင့် အန္တရာယ်များ ရှိသည်ကို သိမြင်စေပါသည်။ သူက ကွက်ကွက်ကွင်းကွင်း မြင်သာသော အသေးစိတ်များ ရေးသားသည်။ အတိုင်းအတာများရော နယ်မြေအနေအထားများရော ဖြစ်သည်။

ကာဆာနိုဗာ၏ တိကျသော လေ့လာတွက်ချက်မှုများနှင့် မျက်နှာချင်းဆိုင်ရှိ ခေါင်မိုးပြန့်ကို နေ့စဉ်နေ့တိုင်း သူ လေ့လာကြည့်ရှုမှုသည် အတော်ကြီး ဆင်တူကြောင်းကို ဂီယာကိုမို တွေ့ရှိပါသည်။ သို့သော် မတူခြားနားချက် တစ်ခုရှိသည်။ ကာဆာနိုဗာ၏ ကြည့်ရှုလေ့လာမှုက ရည်ရွယ်ချက်ရှိသည်။ သူ၏ လွတ်မြောက်မှုအတွက် ဖြစ်သည်။ ယင်းအတွက် မဟုတ်ပါက စွန့်စားသူသည် ဘာမျှမဟုတ်သော အရေးမပါသော အရာများကို စိတ်ဝင်စားမိမည် မဟုတ်ပါ။ ဤမှာ သူ၏ လေ့လာကြည့်ရှုမှုများက ဘာရည်ရွယ်ချက်မျှ မရှိပါ။ ရှင်းပြနိုင်စရာ အကြောင်း မရှိပါ။ အဓိပ္ပာယ် မရှိပါ။ ကာဆာနိုဗာ၏ဘဝက နိဂုံးပန်းတိုင်သို့ ရောက်ရှိသွားပါသည်။ သူ့ဘဝက ရပ်တန့်နေ ပါသည်။

သူသည် စာအုပ်ကို အတန်ကြာအောင် ဆက်ဖတ်နေသည်။ ထို့နောက် စာအုပ်ကို ပစ်ချလိုက်ပြီး မျက်နှာချင်းဆိုင် ခေါင်မိုးကို သွားကြည့်သည်။ လေပူပြင်း တိုက်ခတ်နေသော ဖြူဖွေးမှိုင်းဝေသည့် ကောင်းကင်အောက်ဝယ် ယခင်ကထက် ပိုမို ပရမ်းပတာ ဖြစ်နေပြီး အဓိပ္ပာယ်မဲ့နေပါသည်။ မကြာမီကာလက စတင်၍ သူ့ဘဝကို တဖြည်းဖြည်း ဝါးမျိုလာသော အဓိပ္ပာယ်မရှိ အာရုံစူးစိုက်ခြင်း ရှောင်ဖယ်ရန် နည်းလမ်းကို ဘယ်နည်းနှင့်ပဲ ဖြစ်ဖြစ် သူ ရှာဖွေရမည်ဟု ဂီယာကိုမို အတွေးရရှိသည်။

သို့သော် သူ ဘာလုပ်သနည်း။ ပထမ ခဏတော့ စာရွက်နှင့်ဖောင်တိန် ယူပြီး သူ့ဇနီးထံ စာရှည်ကြီးတစ်စောင် ရေးမည်ဟု စိတ်ကူးမိသည်။ သူတို့နှစ်ယောက် ခွဲခွာကြကတည်းက သူသည် သံချေးတက်နေသော မီးခိုးခေါင်းတိုင်နှင့် အဆောက်အအုံဟောင်းများကို ငေးမောကြည့်ရှု နေခဲ့ကြောင်း၊ ယင်းအတွက်မှ ယခုတိုင် သူ့ကို ချစ်နေသေးခြင်း၊ သူမရှိဘဲ နေ၍ မရနိုင်ကြောင်း ထင်ရှားသည့် သက်သေဖြစ်ကြောင်း ရှင်းပြသည်။ သို့သော် အကြံအစည်ကို သူ လက်လျှော့လိုက်သည်။ တစ်ကြောင်းက ဤ စာအုပ်ကို စိတ်ကူးယဉ် ဆန်လွန်းသည်ဟု ယူဆပြီး နောက်တစ်ကြောင်းက သူ့ဇနီးသည် သည် စာကို မည်သို့မျှ နားလည်နိုင်မည် မဟုတ်ဘဲ စာပြန်လိမ့်မည် မဟုတ်သည့်အတွက် ဖြစ်သည်။

နောက်ဆုံးတွင်တော့ သူသည် အတန်ကြာ စဉ်းစား ပြီးနောက် ရောမ စာရွက်တစ်ရွက်ပေါ်တွင် မျက်နှာချင်းဆိုင် အမိုးပေါ်ရှိ အဆောက်အအုံများ၏ ပုံကြမ်းကို ခဲတံတစ်ချောင်းဖြင့် စတင် ရေးဆွဲပါတော့သည်။ ရေမျှော်စင်မှ

စတင်ပါသည်။

Measurements

■

ကဗျာဆရာနှင့် ဆရာဝန်

သူတို့ ချိန်းသည်က မိုရီ အီတာလီကို ပန်းခြံထဲက ကျောက်တိုင်တွင် ဖြစ်သည်။ ယမန်နေ့က မိုးရွာထားသည်။ မိုးကောင်းကင်က ဆေးအသစ် သုတ်ထားသလို အပြာရောင် သစ်သစ်ကြွမ်းကြွမ်း၊ လေပြင်းပြင်းထန်ထန်တွင် မရမ်းရောင် ကွပ်ထားသော ဝါဂွမ်းရောင် တိမ်တိုက်များက ပြေးလွှားလျက်၊ ရွှေဝါရောင် ကျောက်တိုင်ထိပ်များ၏ နောက်ဘက်တွင် နေရောင်ခြည် ဆမ်းထားသော မွန်တီမာရီယို ချုံတောများက မှိုင်းမှိုင်းညို့ညို့။ ဂျီအိုဗန်နီက ကားကို ကျောက်တိုင်အနီးတွင် ရပ်လိုက်ပြီး ဘရိတ်တံကို ဆွဲလိုက်သည်။ ထို့နောက် ကားပေါ်မှ ဆင်းပြီး ကားအမိုးမှ ချိတ်များကို ဖြုတ်သည်။ နောက်ထပ် မိုးသက်မုန်တိုင်းတစ်ခု လာဦးတော့မလို အပူရှိန်က တောက်လောင်နေသည်။ သူ့ကိုယ်တွင်း သွေးများ သွက်လက် လှုပ်ရှားနေသဖြင့် သူ ဝမ်းသာနေသည်။ မကြာမီ အမျိုးသမီး ရောက်လာပေလိမ့်မည်။ အဲဒီမှာ ညနေစောင်းသည်အထိ သူတို့ နေကြမည်။

သို့သော် အမိုးကိုချရန် အခြားတစ်ယောက်၏ အကူအညီမရဘဲ ချိတ်တွေကို ဖြုတ်မရဘဲ ဖြစ်နေသည်။ သူက စမ်းတဝါးဝါး ရှိနေစဉ် အသံတစ်ခု ကြားရသည်။

"ကျွန်တော် ကူဖြုတ်ပေးရမလား"

သူ လှည့်ကြည့်လိုက်သည်။ သူနဲ့ အသက်တူလောက် လူရွယ်တစ်ယောက်ကို တွေ့ရသည်။ ပိန်ပိန်ပါးပါး အသားညိုညို မျက်နှာထား ချိုချိုသာသာ သိမ်သိမ်မွေ့မွေ့နှင့် ဖြစ်သည်။ မျက်ခုံးမွေးထူထူများ အောက်က တောက်ပသော မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်နေသည်။ သူက ကျေးဇူးတင်ကြောင်း ပြန်မပြောရသေးခင်မှာပင် ထိုလူရွယ်ကား အမိုးချိတ်များကို စဖြုတ်နေပြီ ဖြစ်သည်။ ခဏအကြာတွင် ချိတ်များကို ဖြုတ်၍ သွားပြီး ကားအမိုးကို ချလိုက်ကြသည်။ ဂျီအိုဗန်နီက ကားပေါ် ပြန်တက်ပြီး လူရွယ်ကို စီးကရက်တစ်လိပ် တည်သည်။ ထိုလူရွယ်သည် စီးကရက်ကို ယူပြီး ထွက်သွားလိမ့်မည်ဟု ဂျီအိုဗန်နီ ထင်သည်။ သို့သော် ထိုသို့ ဖြစ်မလာပါ။ လူရွယ်သည် စီးကရက်ကို မီးတို့ညှိပြီးနောက် ဂျီအိုဗန်နီ၏ လက်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်သည်။ ထိုလူ၏ လက်များ တုန်ယင်နေကြောင်း ဂျီအိုဗန်နီ အံ့ဩစွာ သတိပြုမိသည်။ ထို့နောက် လူရွယ် သည် ကားတံခါးပေါ်သို့ လက်တစ်ဖက်တင်ပြီး ကားကို မှီရပ်နေသည်။ စီးကရက်ကို ပါးစပ်တွင်တေ့လိုက်ပြီး ဖွာရှိုက်လိုက်သည်။ လျှာပေါ်တွင် ထင်ကျန်ရစ်ခဲ့သော ဆေးမှုန်တစ်မှုန်ကို ထွေးထုတ်လိုက်သည်။ ပြီးတော့မှ သူက

အထူးတလည် သဘောနှင့် ရုတ်တရက် ပြောလိုက်သည်။

“ရာသီဥတု သာယာတယ်နော်”

ထိုလူငယ် ထွက်မသွားသေးဘဲ သူနဲ့ စကားပြောနေသည်ကို သူ့အနေနှင့် ဘယ်လိုမှ သဘောမထားမိကြောင်း ဂျီအိုဗန်နီ အံ့သြစွာ သိရှိလိုက်မိသည်။ အမှန်တော့ သဘောပင် ကျနေမိတော့သည်။ သူက စိတ်ကြည်လင် လန်းဆန်းမှု ရရှိသွားကာ ချက်ချင်းပင် စကားတုံ့ပြန်လိုက်သည်။

“ဟုတ်တယ်၊ တကယ့်ကို သာယာတယ်” စကားကို ခဏ ရပ်ထားလိုက်ပြီးနောက် ဘာကြောင့်မှန်းမသိ သူ ဆက်ပြောလိုက်မိသည်။ တကယ်လို့သာ အခုလို လေပြင်း တိုက်မနေရင် ပိုပြီးမှတောင် သာယာလှပဦးမည်။

လူရွယ်က အဝေးဆီသို့ လှမ်းကြည့်ရင်း

“ဒီလိုနေ့မျိုးမှာ တောဘက်ကို သွားရရင် သိပ်ကောင်းတယ် မဟုတ်ဘူးလား”

သူ့အသံက နူးညံ့ပျော့ပျောင်းသည်။ ထိရောက် လေးနက်မှုရှိသည့် နူးညံ့ပျော့ပျောင်းမှုမျိုး ဖြစ်သည်။ သူ စကားပြောသည်က မကြာခဏ ဆိုသလို မဆိုသလောက် တုန့်ကာ သွားတတ်သည်။ သို့သော် အကျည်းတန်ဖွယ်ရာတော့ မဟုတ်။ ဂျီအိုဗန်နီက ရုတ်တရက် ဆိုသလို သူ့ကို သဘောကျသွားပြီး စကားပြန်လိုက်သည်။

“ဟုတ်တယ်။ ဒီလိုနေ့မျိုးမှာ တောဘက်ကို တကယ်ပဲ သွားဖို့ကောင်းတယ်”

လူရွယ်က ခေါင်းကို ခါရမ်းလိုက်ပြီး ဆေးလိပ်ကို ဆက်သောက်နေသည်။ အတန်ကြာ တိတ်ဆိတ်နေပြန်ပြီး စကားပြန်စသည်။

“ဒီလို နေ့မျိုး တစ်နေ့မှာ ကျွန်တော် မြို့ပြထဲကနေ ထွက်လာမယ်။ လယ်ကွင်းထဲမှာ လျှောက်သွားပြီး ကောက်ပင်ကြားမှာ လှဲအိပ်မယ်။ မြစိမ်းရောင် စံနန်းတစ်ခုထဲမှာ ရောက်နေသလို ကောက်ပင်တွေကြားမှာ လှဲလျောင်းမယ်။ ကောက်ပင်တွေက အိပ်ရာ၊ ကောက်ပင်တွေက နံရံ၊ ကောင်းကင်ပြာက အမိုးပေါ့။ ကောက်နှံတစ်ခုကို ဆွတ်ပြီး ပါးစပ်ထဲမှာ စားနိုင်တယ်။ စားရတာ နူးညံ့ပြီး ကောက်ရည်တွေ ရွှမ်းနေတယ်။ နေခြည်ဖြာနေတဲ့ မိုးကောင်းကင်ကြီးကို မော့ကြည့်ရင်း ကောက်ရည်ချိုကို စုပ်မြို့နိုင်တယ်။ ဘယ်လောက်များ ကြည်နူးစရာ ကောင်းလိုက်သလဲ။”

လူရွယ် စကားပြောကောင်းသည်ဟု ဂျီအိုဗန်နီက တွက်မိသည်။ စကားပြောကောင်းတာမှ တော်တော်လေးကို ကောင်းသည်။ သူ့ကိုသူ သဘောမကျမိခဲ့ရင် သူပြောပုံတွေက ကျွဲမြီးတိုနိုင်လောက်သည်။

သူတို့နှစ်ယောက်၏ စကားကို သိပ်ပြီး ကဗျာမဆန် စေလိုသော သဘောဖြင့် သူက မေးလိုက်သည်။ ခင်ဗျား ဒါလောက် သာယာတယ်လို့ ထင်နေရင် ဘာဖြစ်လို့ တောဘက်ကို မသွားတာလဲ။

"ကျွန်တော် သိပ်သွားချင်တာပေါ့"

"ဒါဖြင့်ရင် ကျွန်တော် ထပ်မေးမယ်။ ခင်ဗျား ဘာဖြစ်လို့ မသွားသလဲ"

"ကျွန်တော် တစ်ယောက်တည်း မသွားချင်ဘူး"

"ဒါဆိုရင် အမျိုးသမီး တစ်ယောက် အဖော်ရှာပေါ့။ ဘာဖြစ်လို့ ခင်ဗျားမရှာတာလဲ"

ဂျီအိုဗန်နီက နွေးထွေးစွာ မေးလိုက်သည်။

လူရွယ်က ထူးဆန်းသည့် ကိုယ်လက်အမူအရာ တစ်ခု ပြုလုပ်လိုက်ပြီး ပါးစပ်ကတော့ ပြန်မဖြေပါ။ ဂျီအိုဗန်နီက ဆက်ပြောသည်။

"ကျွန်တော့်မှာတော့ အမျိုးသမီး တစ်ယောက် ရှိတယ်။ ကျွန်တော် သူ့ကို အခု စောင့်နေတယ်။"

ဂျီအိုဗန်နီက မကြာမီ သူသွားတော့မည်ကို ထိုလူရွယ် သိစေလိုသည့် သဘောဖြင့်လည်း ပြောလိုက်ခြင်းဖြစ်သည်။ ထိုသဘောမျှ မဟုတ်ပါ။ အားရကျေနပ်မှုနှင့်လည်း ပြောလိုက်ခြင်းဖြစ်သည်။ လူရွယ်က ရုတ်တရက် ဆိုသလို ဂျီအိုဗန်နီဘက် လှည့်လာပြီး လက်နှစ်ဖက်ဖြင့် ကားတံခါးကို ဆုပ်ကိုင်ကာ ဂျီအိုဗန်နီကို တောက်ပသော မျက်လုံးများဖြင့် စိုက်ကြည့်သည်။ ဂျီအိုဗန်နီ ရုတ်ချည်း ကသိကအောက် ဖြစ်လာပြီး မေးလိုက်သည်။

"ဘာဖြစ်တာလဲ။ ခင်ဗျား ကျွန်တော်ကို ဘာဖြစ်လို့ အခုလို စိုက်ကြည့်နေတာလဲ"

လူရွယ်က တစ်ဖက်သား အနှောင့်အယှက် ဖြစ်သွားသည်ကို သတိပြုမိဟန်ဖြင့်

"ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် လူတွေကို ဒီလိုပဲ ကြည့်တတ်တယ်။ ကျွန်တော် လူတွေကို အာရုံ စူးစိုက်ပြီး ကြည့်တတ်တယ်။

ကျွန်တော် တောင်းပန်ပါတယ်။”

“အို… ကိစ္စမရှိပါဘူး။ တစ်ယောက်ယောက်က စိုက်ကြည့်နေရင် ကသိကအောက် ဖြစ်တတ်ကြတယ် မဟုတ်လား”

လူရွယ် ဘာမျှမပြောပါ။ သို့သော် ထွက်သွားခြင်းလည်း မရှိပါ။ ဂျီအိုဗန်နီက ကားဇယားပြင်မှ နာရီကို ကြည့်လိုက်သည်။ ဒီအချိန်ဆိုလျှင် အမျိုးသမီးသည် ရောက်လာသင့်ပေပြီ။ သို့သော် ယင်းသို့ နောက်ကျနေသည်ကို သူ့အနေနှင့် မကျေမနပ် မဖြစ်သည်ကို သူဘာသာ လျှို့ဝှက်စွာ သိရှိနေရသည်။

သူ မေးလိုက်သည်။

“ခင်ဗျားက ကျောင်းသားတစ်ယောက်လား”

“ဟုတ်ပါတယ်”

“ဘယ်ဘာသာရပ်ယူသလဲ”

“စာပေ”

“ကျွန်တော်က ဆေး”

“အင်မတန် ခြားနားတဲ့ ဘာသာရပ်နှစ်ခုပဲ”

လူရွယ်က စဉ်းစားတွေးတောဟန်ဖြင့် ခပ်လေးလေးထိုင်းထိုင်း ပြောသည်။

“ကျေးလက်အကြောင်း ခင်ဗျား ပြောပုံဆိုပုံတွေကို ထောက်ပြီး ခင်ဗျား ဘာ စာပေပညာရပ်ကို သင်ကြားနေတယ်ဆိုတာ ကျွန်တော် သိဖို့ ကောင်းပါတယ်”

ဂျီအိုဗန်နီက ပြောလိုက်သည်။

“ဘယ်လို ပြောပုံဆိုပုံလဲ”

“အဲဒါတော့ ကျွန်တော် မသိဘူး”

တစ်နည်းတစ်ဖုံ ရှက်သွားပုံမျိုးဖြင့် သူ မျက်နှာသွေးလျှံသွားကြောင်း ဂျီအိုဗန်နီ ရုတ်ချည်းသတိပြုလိုက်သည်။

“ကျွန်တော် မသိဘူး။ စာဆန်ဆန် ကဗျာဆန်ဆန် မျိုးပဲ”

“တစ်ခါတလေမှာ ကျွန်တော် ကဗျာရေးတယ်။”

“ကျွန်တော်လည်း ကဗျာ ကြိုက်တယ်။ ကျွန်တော် မကြာမကြာ ကဗျာစပ်တယ်။ ကျွန်တော့မှာ အချိန်ပို သိပ်မရှိပေမယ့် တစ်နေ့ တစ်ချိန် ဖတ်တယ်။”

သူ ကြိုက်သည့် ကဗျာဆရာ နှစ်ယောက်၊ သုံးယောက် ရှိသည်ကို ပြောလိုက်ရ ကောင်းမလားဟု စိတ်ကူးသည်။ သို့သော် အထင်တစ်မျိုး ပေါက်သွားမည် စိုး၍ မပြောဖြစ်။ ခဏအကြာတွင် လူရွယ်က လေသံ တိုးဖွဖွဖြင့် မေးသည်။

“ခင်ဗျား ကဗျာကို သိပ်ကြိုက်သလား”

“ကြိုက်တယ်။ ကဗျာကို သိပ်နားမလည်ပေမယ့် ကဗျာဆရာတချို့ ကျွန်တော် တကယ်ကြိုက်တယ်။ သူတို့က ကျွန်တော်ကို ဘဝအရသာကို ပေးတယ်။ ဟို… ဘဝအချင်းအရာတွေ”

ဂျီအိုဗန်နီက သူ့စကား တုန့်နှေးသွားသည်ကို သတိပြုမိလိုက်သည်။ သို့ဖြင့် စိတ်ထဲမှာ ကသိကအောက် ဖြစ်သွားပြီး နှုတ်ဆိတ်နေလိုက်သည်။ မိမိကို ကြိတ်ပြီးများ သနားသွားလေပြီလား ဟု လူရွယ်ကို ကြည့်လိုက်မိသည်။ သို့သော် လူရွယ်မှာ အလေးအနက်ပင် ရှိနေပြီး မိမိကို ပြက်ရယ်ပြုမိပုံ လုံးဝမရှိပါ။

လူရွယ်က မေးသည်။

“ကနေ့ ကဗျာဆရာတွေထဲမှာ ဘယ်သူ့ကို ခင်ဗျား အကြိုက်ဆုံးလဲ”

မည်သည့် ကဗျာဆရာတစ်ယောက်၏ အမည်ကိုမျှ မမှတ်မိသည်ကို ဂျီအိုဗန်နီ အမှတ်မထင် သိရှိလိုက်ရသည်။ ထို့နောက် ရုတ်တရက်ကြီးလို ကံကောင်း ထောက်မစွာဖြင့် သူ၏အသိ ကဗျာဆရာတစ်ဦး၏ အမည် ပေါ်လာသည်။

“ဥပမာပြောရရင် ဂါစီယာလောကာရဲ့ ကဗျာတွေကို ကျွန်တော်ဖတ်တယ်။ သူတို့က ကျွန်တော် အဖို့တော့ တော်တော်ကောင်းတယ်။”

“ဘယ်ကဗျာတွေလဲ”

ယခုအခါ ဂျီအိုဗန်နီ ဣန္ဒြေမဆည်နိုင်လောက်အောင် ရှက်မိနေပြီ။

“အင်း… လောလောဆယ်မှာတော့၊ ကဗျာ နာမည် တွေကို ကျွန်တော် မမှတ်မိဘူး။ ဒါပေမဲ့ အဲဒီကဗျာတွေကို ကျွန်တော်ကြိုက်တာတော့ အမှန်ပဲ။ အဲ ဟုတ်ပြီ။ တစ်ပုဒ်ဆိုရင် နွားရိုင်းသတ်သမား တစ်ယောက် သေသွားရတဲ့ အကြောင်း”

"ဟုတ်ပြီ နောက်တစ်ပုဒ်ကော"

"ကျွန်တော် မမှတ်မိတော့ဘူး"

"ခင်ဗျားမှာ စာအုပ်တွေ တော်တော်များများ ရှိသလား"

လူရွယ်က အထူးပင် ချိုသာသိမ်မွေ့စွာ မေးသည်။

"ကျွန်တော် ပြောခဲ့သလိုပဲ ကနေ့ခေတ်အထိ ရှိတယ်"

"စာအုပ်စင် ရှိသလား"

"ကျွန်တော့်မှာ စာအုပ်စင် အတော်ကြီးကြီး နှစ်ခုရှိတယ်။ တစ်ခုက ဆေးစာအုပ်တွေ၊ နောက်တစ်ခုကတော့ စိတ်အပန်းဖြေ ဖတ်တဲ့ စာအုပ်တွေပေါ့"

"အဲဒါတွေက ဘယ်လိုစာအုပ်မျိုးတွေလဲ"

"ဩော် အင်း ကျွန်တော် မပြောတတ်ဘူး၊ ကဗျာ စာအုပ်တွေ များတယ်။ ပြီးတော့ ဝတ္ထုရှည်ကြီးတွေ၊ ဝတ္ထုတိုတွေ၊ ရသစာတမ်းတွေ အမျိုးစုံပဲ။ ဒါပေမယ့်လည်း ကျွန်တော့်မှာ စာဖတ်ချိန် သိပ်မရှိဘူး။"

"ဘယ်အချိန်မျိုးမှာ ခင်ဗျား စာဖတ်သလဲ"

"အင်း ညနေဘက်ပေါ့၊ ကျွန်တော် အိမ်မှာနေပြီး တခြားဘာမှ လုပ်စရာမရှိတဲ့ အချိန်ပေါ့။"

သူပြောသည့် စကားက စာဖတ်ခြင်းတွင် သူ သိပ် အရေးမထားလှကြောင်း အဓိပ္ပာယ် ပေါ်လွင်နေသည်ကို သတိပြုမိသဖြင့် သူက အရှက်ရစွာဖြင့် စကားကို ရပ်လိုက်သည်။ သို့သော် လူရွယ်က ယင်းအချက်ကို သတိပြုမိဟန် မရှိပါ။ သို့မဟုတ် သူပြောသည့် စကားကို ကြားလိုက်ဟန် မရှိပါ။ သို့ဖြင့် ဂျီအိုဗန်နီက သူ့စကားကို ပြင်လိုက်သည်။

"ကျွန်တော်ပြောတဲ့ အဓိပ္ပာယ်က အဲ အခု ကျွန်တော် စောင့်နေတဲ့ အမျိုးသမီးက အပြင်ကို သွားကြဖို့ ဖုန်းမဆက်တဲ့ အခါမျိုးပေါ့၊ တကယ်တော့ ဘဝက စာအုပ်တွေထက် ပိုပြီး တန်ဖိုးရှိတယ် မဟုတ်လား။"

"ခင်ဗျား ဆိုလိုတာက အမျိုးသမီးကို ဘဝလို့ ဟုတ်လား"

"ညနေဘက်တွေမှာ ခင်ဗျားတို့နှစ်ယောက် အတူ ထွက်ကြသလား"

"အဲဒီလိုမျိုး ကြုံလာတဲ့ အခါမျိုးပေါ့"

"ခင်ဗျားတို့ ဘာလုပ်ကြသလဲ"

"များသောအားဖြင့်တော့ ရုပ်ရှင် သွားကြတယ်"

"ခင်ဗျား ရုပ်ရှင် ကြိုက်သလား"

"ကြိုက်တယ်"

"ဘယ်လို ကားမျိုးတွေ အကြိုက်ဆုံးလဲ"

"အဲဒါတော့ သေသေချာချာ မပြောတတ်ဘူး။ ကား ကောင်းကောင်းတွေပေါ့"

"ဒါပေမဲ့ ခင်ဗျား တချို့ကားတွေကို တခြားကားတွေထက် ပိုကြိုက်ရမယ်"

"အင်း... ဟုတ်တယ်၊ ဥပမာ ပြင်သစ်ကားတွေပေါ့"

"ဘယ်ကားတွေလဲ"

"မမှတ်မိတော့ဘူး"

"ဒါရိုက်တာတွေကော ဘယ်သူတွေကို အကြိုက်ဆုံးလဲ"

"ဒါရိုက်တာတွေ ဘယ်နိုင်ငံကလဲ"

"ကျွန်တော မပြောတတ်ဘူး။ အီတလီ ဒါရိုက်တာ တွေ၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ အမေရိကန်"

ဂျီအိုဗန်နီ ရုတ်ချည်း သတိပြုလိုက်မိသည်။ လူရွယ် စကားပြောနေပုံက တဖြည်းထက် တဖြည်း စိတ်မပါဘဲ ပြောနေပုံ ပေါ်လာသည်။ စက်ရုပ်လို ပြောနေခြင်း ဖြစ်သည်။ လည်ပတ်မှု မှားယွင်းနေသော စက်ကိရိယာများ လှုပ်ရှားနေပုံမျိုး ဖြစ်သည်။ ထို့နောက် လူရွယ် ကားအနီးမှ ခွာလိုက်ပြီး မေးသည်။

"ရုပ်ရှင်ဒါရိုက်တာတွေကို ခင်ဗျား ကြိုက်သလား"

ထို့နောက် လူရွယ်က အဖြေကို မစောင့်တော့ဘဲ အနီးမှ ထွက်သွားသည်။ ဂျီအိုဗန်နီက ကားနောက်ကြည့်မှန်ကို ကြည့်လိုက်သည်။ လမ်းခင်း ကျောက်ဖြူပြားများ ပေါ်တွင် လျှောက်ပြီး တံတားဆီသို့ လူရွယ် သွားနေသည်ကို တွေ့ရသည်။ ထိုအချိန်မှာပင် ဂျီအိုဗန်နီ ကောင်းစွာ မှတ်မိသော အစိမ်း၊ အနီ၊ အနက်၊ သိုးမွေးဂါဝန်နှင့် ပုံသဏ္ဍာန်တစ်ခု သူ့ထံသို့ လာနေသည်ကို တွေ့ရသည်။ သူ စောင့်မျှော်နေသော အမျိုးသမီးပင် ဖြစ်သည်။

အဖြစ်အပျက် လျင်မြန်လှသည်။ တစ်မိနစ်အတွင်းမှာ ဖြစ်သည်။ ဂျီအိုဗန်နီ ကားပေါ်က ဆင်းပြီး ကြားဝင်ချိန် မရရှိလိုက်။ လူရွယ်နှင့် အမျိုးသမီးတို့ ဆုံကြသည်။ စက္ကန့်အနည်းငယ်လောက် စကားပြောကြသည်။ ထို့နောက် လူရွယ်က မိန်းကလေးခါးကို ဖက်ပြီး ဆွဲခေါ်သည်။ အမျိုးသမီးက အကြောက်အကန် ရုန်းထွက်သည်။ လူရွယ်က သူ့လက်ကို မြှောက်ပြီး အမျိုးသမီး၏ ပါးပြင်ကို ရိုက်ချလိုက်သည်။ အမျိုးသမီးက ကားရှိရာသို့ ပြေးလာသည်။ လူရွယ်ကလည်း ပြေးသည်။ သို့သော် ဆန့်ကျင်ဘက် အရပ်သို့ ဖြစ်သည်။ ထို့နောက် အမျိုးသမီး ကားတံခါးကို ဖွင့်ပြီး သူ့နံဘေးမှာ ထိုင်သည်။ အသက်ရှူမမှန်ဘဲ ကယောင်ကတမ်း အမူအရာမျိုးနှင့် ဖြစ်သည်။

"သူ နေကောင်းလား"

အမျိုးသမီးက မေးသည်။

ဂျီအိုဗန်နီက အမျိုးသမီးကို ဘေးစောင်း ကြည့်လိုက်သည်။ ဖျော့ဖျော့တော့တော့ ပါးပြင်ပေါ်တွင် နီရဲသော လက်ဝါးရာ တည်ရှိနေဆဲ။ ဂျီအိုဗန်နီ ဘာမှ မပြောဘဲ လက်ဘရိတ်ကို ဖြုတ်လိုက်သည်။ စက်ကို နှိုးပြီး ပန်းခြံတွင်းသို့ ကားကို သတိကြီးစွာနှင့် နောက်ပြန်ဆုတ်သွားသည်။ သူ ဖြေလိုက်သည်။

"နေကောင်းပါတယ်"

အမျိုးသမီးက နေသားကျအောင် နေရာပြင်ပြီး ထိုင်လိုက်သည်။ ကားသွားနေစဉ်မှာပင် သူ ဂါဝန်ကို သပ်ရပ်အောင် ဖြန့်လိုက်သည်။

"ဘယ်သွားမှာလဲ"

အမျိုးသမီးက မေးသည်။

"တောဘက်ကို သွားမယ်။ လယ်ကွင်းထဲကို သွားပြီး ကောက်ပင်တွေ ကြားမှာ လှဲအိပ်ကြမယ်"

The poet and the doctor

■

ဘဝဟူသည် မော်ရုံတော

ယမန်နေ့ညက နိုက်ကလပ်မှာ မိန်းကလေး နှစ်ယောက်နှင့် တွေ့ခဲ့စဉ်က အခြေအနေမှာ ရွှန်းရွှန်းဝေ နေခဲ့သော်လည်း ယခု တယ်လီဖုန်းထဲက အသံကို ကြားလိုက်ရတော့ ဂီရိုလာမိုအဖို့ ဘာကြောင့်မှန်းတော့ မသိ တုံ့တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ အလိုမကျသလိုပင် ဖြစ်နေသည်။

"နေ့လယ်စာ ဟုတ်လား။ ဒါလောက် နေပူကြီးထဲမှာ နေ့လယ်စာ သွားစားကြမယ် ဟုတ်လား"

"ဒီကနေ့မှာ နေ့လယ်စာ အတူတူ သွားစားကြမယ်လို့ မနေ့ညက ကျွန်မတို့ သဘောတူခဲ့ကြတယ်"

"လူတစ်ယောက်ဟာ ညဘက်မှာ တစ်ခုခု သောက် ထားမိရင်တော့ ဘာမဆို လျှောက်စားနိုင်တာပဲ"

"ရှင် မှတ်မိတယ်ဆိုရင်တော့ ကျွန်မတို့ ကနေ့ ဖုန်းဆက်ပြီး နေ့လယ်စာ စီစဉ်ဖို့ ရှင်ပဲ ပြောခဲ့တာ အမှန်ပဲ"

"ကျွန်တော် ပြောတယ်လား၊ သေချာတာကတော့ ကျွန်တော် မူးနေတာပဲ ဖြစ်မယ်။ ဘာပဲဖြစ်ဖြစ်လေ အခု မင်း ဘာလုပ်ချင်သလဲ"

"ခဏနေဦး"

အခန်းထဲတွင် လျှောက်သွားသော မိန်းကလေး၏ ဖိနပ်သံကို ဂီရိုလာမို ကြားရသည်။ ထို့နောက် အကြိတ်အနယ် ငြင်းခုံနေသော အသံများ။ သို့သော် စကားလုံးများ ကိုတော့ ကွဲကွဲပြားပြား မကြားရ။ ထို့နောက် တယ်လီဖုန်းမှ အသံထွက်ပေါ်လာသည်။

"တစ်နာရီအတွင်း လာခဲ့"

"မင်းတစ်ယောက်တည်း လိုက်မှာလား"

"ဒါမေးနေစရာ မလိုဘူး။ ကျွန်မ သူငယ်ချင်းလည်း ပါတယ်"

ဂီရိုလာမိုသည် အတော်ကြီးကို စိတ်အနှောက်အယှက် ဖြစ်နေပြီး မည်သည့် အကြောင်းပြချက်ဖြင့် ထိုချိန်းဆိုမှုမှ ရုန်းထွက်နိုင်မည်နည်း ဟု စဉ်းစားရင်း

မြို့ဆင်ခြေဖုံးရှိ သစ်ရိပ်များ ဝေနေသော လမ်းများအတိုင်း တစ်လမ်းဝင် တစ်လမ်းထွက်နှင့် တစ်နာရီခန့် အချိန်ဖြုန်းနေမိသည်။

မိန်းကလေးနှစ်ယောက်က ပါရီယိုလီရပ်ကွက်တွင် နေထိုင်သည်။ တိုက်ခန်းများရှေ့တွင် သူ့ကားကို ရပ်လိုက်သောအခါ သူ အံ့သြရသည်။ တိုက်ခန်းမျက်နှာစာများက မှန်ချပ်တွေနှင့် ကြွေပြားတွေ တပ်ဆင်ထားသော ခေတ်မီအဆင့်မြင့် ပုံစံဖြစ်သည်။ ဘဝအခြေအနေကို ကြည့်ရသည်မှာ သူတို့နှစ်ယောက်သည် ရုံးဝန်ထမ်းများ ဖြစ်ဟန်ရှိသည်။ သို့သော် ရှေ့ဘက်ခန်းမဆောင်ကြီးအတွင်း သူဝင်သွားသော အခါတွင်ကား သူတို့အခန်းက မြေအောက်ထပ်တစ်ပိုင်း ဖြစ်နေသည်။ လှေကားထစ်များအတိုင်း သူဆင်းသွားသည်။ အမှောင်ထဲတွင် သူတို့ အခန်းတံခါးကို တွေ့ရှိပြီး ခေါက်လိုက်သည်။ ဖုန်းထဲတွင် ကြားခဲ့ရသော ယဉ်ကျေးဖွယ်ရာ သူ့အသံကပင် ကားထဲမှ စောင့် နေရန် သူ့အား အော်ပြောသည်။ မိန်းကလေး နှစ်ယောက်သည် အခန်းတစ်ခန်းတည်းသာ ရှိပြီး ထိုအခန်းကလည်း သပ်သပ်ရပ်ရပ် ဖြစ်လိမ့်မည်ဟု ဂီရိုလာမို တွေးဆလိုက်သည်။ လှေကားထစ်များ အတိုင်း ပြန်တက်သွားပြီး အဝင်တံခါးမကြီး ရှေ့တွင် ရပ်ထားသော ကားထဲတွင် သွားထိုင်နေလိုက်သည်။

သူအကြာကြီး စောင့်နေရသည်။ နေပူရှိန်ကြောင့် ကားထဲမှာ ပူလောင်လာသည်။ နောက်ဆုံးတွင်တော့ သူတို့ ရောက်လာကြသည်။ သူတို့နှစ်ယောက်က အသွင်ခြားနားလှသည်။ အငယ်မက ကိုယ်ခန္ဓာ သေးသွယ်ပြီး လှသည်။ အကြီးမက အရပ်ရှည်ပြီး အရုပ်ဆိုးသည်။ သို့သော် သူတို့နှစ်ယောက်တွင် တူညီသည်ကတော့ သူတို့၏ မျက်နှာဖြူရော်ရော်များတွင် အလောင်းကောင် မြင်တွေ့သလို ပေါင်ဒါတွေ ဖို့ထားသည်။ နောက်ပြီး သူတို့၏ မျက်လုံးများ ပတ်ပတ်လည်တွင် ရှုပ်ပနဆန်သော အနက်ရောင် မိတ်ကပ်များ ဝိုင်းခြယ်ထားသည်။ သူတို့၏ နှုတ်ခမ်းများကို ခွဲ၊ သလိပ်နှယ် ဆိုးဆေးဖျော့ဖျော့ ဆိုးထားသည်။ သူတို့၏ အဝတ်အစားတွေက တစ်ပုံစံတည်းပင်။ နှင်းပန်းပုံ ဂါဝန်စိမ်းစိမ်း၊ ဘလောက်အင်္ကျီ ပါးပါးကျပ်ကျပ်၊ ပါးသည်မှ စက္ကူပါးပါးလေးအတိုင်း၊ ပန်းရောင်ရင့်ရင့် အတွင်းခံအင်္ကျီ တင်းတင်းရင်းရင်းများကို ထွင်းဖောက်ပြီး မြင်နေရသည်။ သူတို့၏ ဆံပင်တွေက သူတို့၏ မျက်လုံးနက်နက် မျက်ခုံးနက်နက်များဖြင့် ဆန့်ကျင်ဘက်ဖြစ်သော ကောက်ရိုး အဖြူရောင်။

သူတို့နှစ်ယောက် သူ့ထံသို့ လျှောက်လာကြပြီး အငယ်မက ကားပြတင်းပေါက်မှ ငုံ့ပြီး သူ့ကို ပြောလိုက်သည်။

"ကောင်းပြီ သွားကြမယ်။ နေ့လယ်စာ စားကြမယ်။ ဒါပေမဲ့ ကျွန်မတို့မှာ နောက် နာရီဝက်လောက်ကြာရင် သွားစရာရှိတယ်။ နောက် ၄၅ မိနစ်ပေါ့"

“ဘာဖြစ်လို့ လောနေကြတာလဲ”

ဂီရိုလာမိုက ကသိကအောက် ဖြစ်ကာ ပြောလိုက်သည်။

“ကျွန်မ စိတ်မကောင်းပါဘူး။ ဒါပေမယ့် အဲဒီအတိုင်းပဲ။ ဒါမှ မဟုတ်ရင် ကျွန်မတို့ ပြန်ကြမယ်”

သူတို့ အခုလို ဘာဖြစ်လို့ ရိုင်းကြသနည်း။ သူ့စိတ်ထဲမှာ မေးမိသည်။ သို့သော် ဒေါသဖြစ်သည်ထက် ထူးဆန်းသည်ဟု ခံစားမိရင်း မွန်တီ မီမီတို့နှင့် အလှမ်းမဝေးလှသော စားသောက်ဆိုင် တစ်ဆိုင်သို့ ကားကို ခပ်မြန်မြန် မောင်းသွားမိသည်။ သို့သော် ပန်းခြံထဲသို့ ဝင်သွားသောအခါ မလေးရှား (ထနောင်း) ပင်ရိပ်နား ကျိုးတိုးကျဲတဲ အပူထဲ တွင် စားပွဲလွတ် တချို့ကိုသာ တွေ့ရှိရသည်။

“ဒီမှာ လူတစ်ယောက်မှ မရှိ။ အခုအချိန်က ဩဂုတ်လ အားလပ်ရက်ပဲ။ မင်းတို့ ဒီမှာပဲ ထိုင်ကြမလား။ အခြား တစ်နေရာ သွားချင်ကြသလား”

ဂီရိုလာမို မေးလိုက်သည်။

“ကျွန်မတို့က လူလုံးပြကြရအောင် ထွက်လာကြတာ မဟုတ်ဘူး။ အစားစားဖို့ လာကြတာ။ ဒီမှာပဲ ထိုင်မယ်”

အငယ်မက ခပ်ပြတ်ပြတ် ခပ်ဆတ်ဆတ် ပြောသည်။

သူတို့ ထိုင်ကြမယ့် စားပွဲသို့ ရောက်လာသည်။ အငယ်မက စားသောက်ဖွယ်ရာ စာရင်းကို ဖတ်ရင်း၊

“ပုစွန်ထုပ်၊ ကျွန်မ ပုစွန်ထုပ် မှာနိုင်မလား”

“မှာပေါ့၊ ဘာဖြစ်လို့လဲ”

ဂီရိုလာမိုက အံ့အားသင့်ဟန်ဖြင့် မေးရာ

“မပြောတတ်ဘူးလေ။ ကျွန်မတို့ကို မဖိတ်ခင် ရှင့် ပိုက်ဆံအိတ်ထဲက ပိုက်ဆံကို ရေခဲ့ရဲ့လား”

စားပွဲထိုးသည် သည်လို အခြေအနေမျိုးကို သိရှိဟန်ဖြင့် အံ့ဩဟန်ဖြင့် မှတ်စုစာအုပ်ကို လက်ထဲတွင် ကိုင်ကာ စိတ်ရှည်စွာ စောင့်ဆိုင်းနေသည်။ ဂီရိုလာမိုက ဒေါသကို ဖုံးကွယ်သည့် အနေဖြင့် ရယ်မောရင်း

“ကျွန်တော့်ပိုက်ဆံကို ကျွန်တော် ရေကြည့်ခဲ့ပါတယ် ပုဇွန်ထုပ် မင်း မှာနိုင်ပါတယ်”

"ပုဇွန်ထုပ်၊ ပြီးတော့ ဝိုင်ရော"

စားပွဲထိုးက မေးသည်။

အငယ်မကပင်

"ပုလင်းလိုက် မှာနိုင်သလား။ ဒါမှမဟုတ် ရိုးရိုး တစ်ခွက်ချင်းမှာ ရမလား"

"မင်းကြိုက်သလို မှာနိုင်တယ်"

ဂီရိုလာမိုက စိတ်တိုလာပြီ။

"စိတ်မဆိုးပါနဲ့ ကျွန်မတို့က အခုလို လုပ်နေတာ ရှင့်အတွက်ပါ။ တချို့လူတွေက ကျွန်မတို့ကို ဖိတ်ပြီး ပိုက်ဆံက အလုံအလောက် မပါတာ မကြာခဏ တွေ့ရတယ်"

စားပွဲထိုး ထွက်သွားသည်။

အငယ်မက ခပ်ရိုင်းရိုင်းပင် မေးသည်။

"ဒါနဲ့ စကားမစပ် ရှင့်နာမည်ကိုတောင် ကျွန်မ မသိသေးဘူး"

"ကျွန်တော့်နာမည် ဂီရိုလာမိုပါ"

"ဂီရိုလာမိုဆိုတဲ့ နာမည်ကို ကျွန်မ မကြိုက်ဘူး"

"မင်းတို့နှစ်ယောက်ရဲ့ နာမည်တွေကကော"

"သူ့နာမည်က ကလိုတီ။ ကျွန်မနာမည်က မာအီယာ"

အရှည်မက ဖြေသည်။

"ဒါတွေက အတိုကောက်တွေ မဟုတ်လား"

"ဟုတ်တယ်။ သူက ကလိုတီဒီ။ ကျွန်မက မာရဂီယန်နာ"

"ကျွန်တော့်ကိုကော အတိုကောက် ဘယ်လိုခေါ်မလဲ"

ဂီရိုလာမိုက အငယ်မကို မေးလိုက်သည်။

"ဘယ်လိုမှ မခေါ်ဘူး"

အငယ်မက ခပ်ပြတ်ပြတ် ပြန်ပြောသည်။

“မင်းအနေနဲ့ ကျွန်တော့်ကို တစ်ခုခုတော့ ခေါ်ရမယ်။ ဂီရိုလာမိုဆိုတဲ့ နာမည်ကို မကြိုက်ဘူး ဆိုတော့”

“ဘာဖြစ်လို့ ရှင့်နာမည်ကို ခေါ်စေချင်နေတာလဲ။ ကျွန်မတို့က နောက်နာရီဝက်ဆိုရင် ခွဲသွားကြမှာပဲ။ နောက် တစ်ယောက်နဲ့ တစ်ယောက် တွေ့ကြတော့မှာ မဟုတ်ဘူး”

“သေချာရဲ့လား”

“သိပ်သေချာတာပေါ့”

စားပွဲထိုး ပြန်ရောက်လာသည်။ သူတို့က ပုဇွန်ထုပ် ကို တိတ်ဆိတ်စွာ စားနေကြသည်။ မလေးရှားပင်များ ပေါ်မှ ပျံဆင်းလာကြပြီး စားပွဲလွတ်များပေါ်တွင် အစာရှာနေကြသော စာကလေးများကို ကြည့်နေကြသည်။

ဂီရိုလာမိုက ကလိုတီကို တိတ်တခိုး ကြည့်နေသည်။ ထိုအခါ ကလိုတီသည် လှပပြီး မိမိကို ဆွဲဆောင်နိုင်ကြောင်း အတည်ပြုမိသည်။ သူ၏ မျက်လုံးများက နက်မှောင်ပြီး ရွှန်းလက်နေသည်။ ပြီးတော့ နှာတံသွယ်သည်။ နှုတ်ခမ်းအစုံက ကြီးမားပြည့်ဖြိုးသည်။ လည်တိုင် ဖြူဖွေးကြော့ရှင်းသည်။ နောက်ဆုံး ဂီရိုလာမိုက

“မင်း မျက်လုံးတွေက သိပ်လှတာပဲ”

“ရှင် ကျွန်မကို ဘာမှ မြှောက်နေစရာ မလိုပါဘူး။ ကျွန်မက ရှင့်အကျိုးကို ဆောင်ကြဉ်းပေးမှာ မဟုတ်ပါဘူး”

“ဒါ ရှင်နဲ့ မဆိုင်ပါဘူး”

ဂီရိုလာမိုက မာအီယာဘက်ကို လှည့်လျက်

“ကျွန်တော့်ကို တစ်ခု ကူညီပါလား”

မာအီယာက မျက်နှာ ပြုံပြုံဝိုင်းဝိုင်းနှင့် နှာခေါင်းက ငှက်နှုတ်သီးလို ချွန်နေသည်။

“ကျွန်မ ဘာလုပ်ပေးရမလဲ”

“ခင်ဗျား သူငယ်ချင်းကို နည်းနည်းလောက် ယဉ်ကျေးသိမ်မွေ့ဖို့ ပြောပေးပါ”

သူက တစ်ဖက်သို့ လှည့်ပြီး ကြက်တူရွေးပမာ

“ကလိုတီ ကြားတယ်မဟုတ်လား။ ဘာဖြစ်လို့ ယဉ်ယဉ်ကျေးကျေး မဖြစ်ရတာလဲ”

“မင်းက နေ့လယ်စာ စားဖို့ လိုက်ခဲ့ပါဆိုလို့ ကိုယ် လိုက်ခဲ့တယ်။ ကိုယ့်ကို နောက်ထပ် ဘာမှ မပြောပါနဲ့တော့”

“ဒါပေမယ့် ကလိုတီ”

“အို တော်စမ်းပါ ကိုယ့်ဖာသာ နေပါရစေ”

ဂီရိုလာမို သက်ပြင်းတစ်ချက် ချလိုက်ပြီး

“တခြားအကြောင်းတွေ ပြောကြရအောင် ခုလို အားလပ်ရက်မှာ မင်းတို့ ဘာဖြစ်လို့ မြို့ပေါ်မှာ နေကြရတာလဲ။ တခြားကို မသွားကြဘူးလား”

“ရှင်ကကော ဘာဖြစ်လို့ တခြားကို မသွားကြတာလဲ”

ကလိုတီက ပြန်မေးသည်။

“ကျွန်တော်က ရောမ နွေရာသီကို ကြိုက်တယ်”

“ကျွန်မတို့က ရုံးအလုပ်သမားတွေပါ။ ကျွန်မတို့က လမကုန်မချင်း ဘယ်ကိုမှ မသွားကြဘူး”

မာအီယာက ရှင်းပြသည်။

“မင်းတို့က ဘယ်မှာ လုပ်သလဲ”

ကလိုတီက ကမန်းကတန်း ကြားဖြတ်ပြီး

“အဲဒါ ရှင်နဲ့ ဘာဆိုင်သလဲ။ ရှင်ဘယ်မှာ လုပ်သလဲလို့ ကျွန်မက မေးလို့လား”

“မင်းမေးရင် တို့ဖြေမှာပေါ့”

“ကျွန်မက မမေးဘူး။ ကျွန်မ စိတ်လည်း မဝင်စားဘူး”

“ဘယ်လိုဖြစ်တာလဲ ကလိုတီ” ဂီရိုလာက အေးဆေး ညင်သာစွာ ပြောလိုက်သည်။ “ဘာဖြစ်လို့ တို့ကို ဒေါကန် နေရတာလဲ”

ကလိုတီက သူ့လက်ကို ဆန့်တန်းလိုက်ပြီး မိန်း ကလေး၏ လှပသော လက်သေးသေးမို့မို့လေးပေါ် တင်လိုက်သည်။ ကလိုတီက သူ့လက်ကို လျှင်မြန်စွာ

ရုတ်လိုက်ပြီး–

“ကျွန်မကို မထိပါနဲ့”

“ဘယ်လို ဖြစ်နေတာလဲ ကလိုတီ။ ဘာတွေ မှားလို့ လဲ”

“ကျွန်မကို ကလိုတီလို့ မခေါ်ပါနဲ့”

“ဘယ်လို ခေါ်ရမလဲ”

“ဆီညော်ရီနာ ကလိုတီဒီလို့ ခေါ်ပါ”

“ကောင်းပြီ။ ဒီလိုဆိုရင် မင်း ဒီကို မလာစေချင်ရင် ဘာဖြစ်လို့ စောစောက ဒီလို မပြောသလဲ”

ဂီရိုလာမို စိတ်တိုလာပြီ ဖြစ်သည်။ “မင်းအနေနဲ့ လက်ခံပြီးတဲ့ နောက်မှာ အနည်းဆုံး ယဉ်ကျေးဖို့တောင် တာဝန်ရှိတယ်”

“တာဝန် ဟုတ်လား။ ရှင် ရူးနေသလား။ ဘာတာဝန်လဲ။ ရှင်က ကျွန်မကို နေ့လယ်စာ ကျွေးတဲ့ အတွက်လား”

“ဟုတ်တယ် ကလိုတီ”

သူ့ သူငယ်ချင်းက ပြောလိုက်ခြင်း ဖြစ်သည်။

“မင်း တိတ်တိတ်နေစမ်း” ကလိုတီ အော်လိုက်သည်။ “ဒီ အဓိပ္ပာယ်မရှိတဲ့ ဖိတ်ခေါ်မှုကို လက်ခံဖို့ ကိုယ့်ကို ပြောခဲ့တယ်။ အဲဒီတော့ ဒါ မင်းလုပ်ခဲ့တာ ဆိုတော့ ဒီမှာ မင်းအနေနဲ့ အတူတူ နေခဲ့နိုင်တယ်။ တို့သွားမယ် သွားမယ် သွားမယ်”

သူ ထလိုက်ပြီး စားပွဲများ ကြားမှနေ၍ တံခါးပေါက်ဆီသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ ကလိုတီ မြင်ကွင်းမှ ပျောက်သွားသည်နှင့် တစ်ပြိုင်နက် ဂီရိုလာမိုက

“ကဲ ကျေးဇူးပြုပြီး မင်းသူငယ်ချင်းရဲ့ အပြုအမူတွေကို ကိုယ့်ကို ရှင်းပြပါ။ ကိုယ်တော့ ဘယ်လိုမှ သဘောမပေါက်နိုင်ဘူး”

မာအီယာ ခေါင်းခါလိုက်ပြီး

“ကျွန်မ အပြစ်ပါ။ ကျွန်မက သူ့ကို အတင်းခေါ်ခဲ့ တာပဲ။ သူ မလိုက်ချင်ဘူး”

“ဘာဖြစ်လို့ သူက မလိုက်ချင်ရတာလဲ”

"စိတ်မဆိုးနဲ့နော်။ သူက ပိုက်ဆံ ခြူးတစ်ပြားမှ မရှိတဲ့ လူတွေနဲ့ အချိန် မဖြုန်းချင်တော့ဘူး"

"ဒါပေမယ့် တို့က ပိုက်ဆံခြူးတစ်ပြားမှ မရှိတဲ့ သူမှ မဟုတ်တာ"

ဂီရိုလာမို အံ့အားသင့်စွာ ပြောလိုက်သည်။

"ရှင်က ခြူးတစ်ပြားမှ မရှိတဲ့သူ မဟုတ်ဘူးလား"

"ဟုတ်တယ်။ တို့က ဘယ်သဘောနဲ့မှ ခြူးတစ်ပြားမှ ရှိတဲ့သူ မဟုတ်ဘူး"

"ဆန်းတယ်။ ကလိုတီကတော့ အဲဒီလိုပဲ ထင်နေ တယ်။ ပြီးတော့ ကျွန်မလည်း ဒီလိုပဲ ထင်ခဲ့တာပဲ။ စိတ်မဆိုးနဲ့နော်။ ကျွန်မ ကျိန်ပြောနိုင်ပါတယ်"

"နေပါဦး ဘယ်လိုဖြစ်ပြီး အဲဒီလို ထင်ရတာလဲ"

"ကျွန်မ မပြောတတ်ဘူး။ အားလုံး ခြုံပြီး ထင်ရတာ"

ဂီရိုလာမို အတန်ကြာ တိတ်ဆိတ်နေပြီးနောက် ...

"ကလိုတီမှာ ယောက်ျားတွေနဲ့ ပတ်သက်ပြီး ဒီအထင်မျိုး ရှိနေရင် သူတို့ကို ဒီလိုမျိုး မဆက်ဆံခင်မှာ သူ့အနေနဲ့ မသေချာခင်မှာ ဘာဖြစ်လို့ ကိုယ့်ကို မမေးရတာလဲ။ ကိုယ် သူ့ကို အမှန်အတိုင်း ပြောပြမှာပေါ့ ကိုယ် ဘာခြူးတစ်ပြားမှ မရှိတဲ့သူ မဟုတ်ဘူး ဆိုတာပေါ့။ ဒါဆိုရင် သူ့ အနေနဲ့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံနိုင်ပြီး ကိုယ့်အနေနဲ့ အားလုံး အဆင်ပြေသွားကြမှာပေါ့"

"ရှင် သူ့ကို ခွင့်လွှတ်ပါ။ ဒါဟာ ကြောက်လန့်မှုကနေ ဖြစ်ရတာပဲ"

"ဘာကို ကြောက်လန့်တာလဲ"

"ထုံးစံအတိုင်း ဘိုင်သမားတွေနဲ့ တွေ့မှာကို ကြောက်လန့်နေတာပဲ။ ကျွန်မတို့အပေါ် ရှင်နားမလည်ပါဘူး။ ကျွန်မတို့က ဆင်းရဲတယ်။ အဲဒါကြောင့် ကျွန်မတို့က ငွေကြေးရှိတဲ့ လူတွေနဲ့ပဲ တွေ့ချင်တယ်"

"စုံစမ်းကြည့်ဖို့တော့ ကောင်းပါတယ်"

"ဘဝဆိုတာ မှော်ရုံတောပဲ" မိန်းကလေးက ဒဿနဆန်ဆန် ပြောလိုက်သည်။ "ကလိုတီက သူ့ကိုသူ ကာကွယ်နေတာပဲ။ ရှင့်အနေနဲ့ ဆင်ခြင်တုံတရား ရှိနိုင်တယ်။ ဒါပေမဲ့ ကြောက်လန့်နေတဲ့ လူတစ်ယောက်က ဘယ်လိုလုပ်ပြီး ဆင်ခြင်တုံတရား ရှိနိုင်မလဲ"

ဂီရိုလာမို ဘာမှ မပြောတော့ပါ။ စားပွဲထိုးက ငွေရှင်းကပ် ယူလာသည်။ သူ ရှင်းပေးလိုက်သည်။

နောက်ဆုံးတွင် မိန်းကလေးက "ရှင် သွားချင်ရင် မနက်ဖြန်ကျရင် ကတိအတိုင်း ပင်လယ်ဘက်ကို သွားနိုင်တယ်။ ကျွန်မက ကလိုတီကို ပြောလိုက်မယ်"

"ဟင့်အင်း ကျွန်တော် သွားနိုင်မှာ မဟုတ်ဘူး"

ဂီရိုလာမိုက ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ။ ရှင် စိတ်ဆိုးနေလို့လား"

"မဟုတ်ဘူး။ အခု မင်းလုပ်လို့ တို့ ကြောက်လန့်နေရပြီ"

"ဘာကို ကြောက်လန့်တာလဲ"

"ဘဝဆိုတာ မှော်ရုံတောပဲ"

ဂီရိုလာမို မတ်တပ်ရပ်ရင်း ပြောလိုက်သည်။

Life is a jungle

■

အစွတ်နံရံကို ခေါင်းနှင့် ဆောင့်ခြင်း

တာစီဆီယိုသည် အပ်ကျသံပင် ကြားလောက်အောင် ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေကြသော မိတ်ဆွေ အပေါင်းအသင်းများအား ပြောကြားနေသော စက်ဆုပ်ဖွယ်ရာ ဇာတ်လမ်းကို အဆုံးသတ်လိုက်သည်။ ထို့နောက် သူ၏ ကိုယ်ကို ရှေ့သို့ ငုံ့လိုက်ကာ အသံတိုးတိုး အားပါပါဖြင့် ပြောလိုက်သည်။

"ဘယ်လောက်များ နှလုံးနာစရာ ကောင်းသလဲ၊ တကယ့်ကို နှလုံးနာစရာ ကောင်းတာပဲ။ လူငယ်လူရွယ်တွေက ချီးကျူးပြီး နမူနာ ပြုနေတဲ့ ပုဂ္ဂိုလ်ကြီးကို လူငယ်တွေက သူ့ကို "ပဂေးကြီး" ခေါ်ကြတယ်လေ။ ဘယ်လောက်များ နှလုံးနာစရာ ကောင်းသလဲ။ ကျွန်တော် ခင်ဗျားတို့ကို အမှန်အတိုင်း ပြောမယ်။ ကျွန်တော့်ရှေ့က သူဖြတ်သွားတဲ့အခါမှာ ကျွန်တော် ကိုယ်ထဲကသွေးတွေ ပွက်ပွက်ဆူလာတယ်။ သူနဲ့ လူချင်း ရင်ဆိုင်လိုက်ပြီး သူ့မျက်နှာကို တည့်တည့်ကြည့်ပြီး သူ့ကို ကျွန်တော် ဘယ်လိုထင်တာ ပြောပစ်လိုက်ချင်တယ်။ သူ့မျက်နှာကို နှစ်ချက်လောက် အားရပါးရ ထိုးပစ်လိုက်ချင်တယ်"

စားပွဲထိုး ရောက်ရှိလာပြီး အသံကျယ်ကျယ် အသံချိုချိုနှင့် ပြောသည်။

"လူကြီးမင်းတို့ ဆိုင်ပိတ်ချိန်ပါခင်ဗျာ"

သို့ရာတွင် လူအားလုံးပင် တာစီဆီယို၏ ဇာတ်လမ်းကို အထူး စိတ်ဝင်စားနေကြသဖြင့် စားပွဲထိုး၏ စကားကို မည်သူမျှ သတိမပြုမိကြပါ။

"ကျွန်မသာ ရှင်ဆိုရင် ကျွန်မလည်း ရှင့်လိုပဲ လုပ်မိမှာပဲ။ သူ့ဆီကို လျှောက်သွားပြီး သူ့ကို အမှန်အတိုင်း မျက်နှာချင်းဆိုင် ပြောပြလိုက်ပြီး သူ့နှာခေါင်းကို ထိုးထည့်လိုက်မယ်"

အမျိုးသမီးတစ်ယောက်က ဒေါသကြောင့် တုန်ယင်နေသော အသံဖြင့် ပြောသည်။

တာစီဆီယို မသိသော အမျိုးသား တစ်ယောက်ကမူ မကျေနပ်သော လေသံ ပျော့ပျော့ဖြင့်

"ဘာဖြစ်လို့ အကြမ်းပတမ်းတွေ လုပ်ကြမလဲ။ အဖြစ်မှန်ကို ဖော်ထုတ်နိုင်တဲ့ တခြား ယဉ်ကျေးသိမ်မွေ့တဲ့ နည်းလမ်းတွေမှ မဟုတ်ကြဘဲ။

ဥပမာ ကျွန်တော်တို့ အသုံးပြုစရာ သတင်းစာတွေ ရှိတယ်လေ။ ပါးကို ရိုက်နေစရာ မလိုပါဘူး။ စာနဲ့ရေးရင် လုံလောက်ပါပြီ”

တာစီဆီယိုသည် ယင်းဝေဖန်ချက်များကို ဘာမှ ပြန်မပြောဘဲ ကိုယ်ကို ကိုင်းညွတ်ကာ နားထောင်နေသည်။ နောက်ဆုံးတွင်မှ သူက ပြောလိုက်သည်။

“ကျွန်တော်ကတော့ ဒီလူ မှတ်လောက်သားလောက် ဖြစ်သွားအောင် လုပ်ပစ်လိုက်ချင်တာပဲ။ ဘယ်လို လုပ်ရမလဲဆိုတာ ကျွန်တော် နည်းလမ်းရှာမယ်။ အဲဒီနည်းလမ်းကို ကျွန်တော် တွေ့မှာပဲ”

စားပွဲထိုးက ထပ်ပြီး ပြောသည်။

“လူကြီးမင်းတို့ ဆိုင်ပိတ်ချိန်ပါ ခင်ဗျာ”

ယခု တစ်ကြိမ်တွင်မူ ပရိသတ်သည် တာစီဆီယို၏ စိတ်လိုက်မာန်ပါ ပြောကြားမှုကြောင့် ဖြစ်ပေါ်လာရသော စနိုးစနှောင့် ဖြစ်ရမှုများကို လျှော့ပေါ့လိုက်ကြ၍ တစ်ကြောင်း အသီးသီး ထိုင်နေရာမှ ထကြပြီး ကိုယ့်အတွက် ကျသင့်ငွေကို ကိုယ်ပေးလိုက်ကြသည်။ ထို့နောက် ထုံးစံအတိုင်း နှုတ်ဆက်ကြသည်။

“ကောင်းသောညပါ။ သွားမယ်၊ ကောင်းသော ညပါ” တာစီဆီယို ပြန်ရန် တစ်ယောက်တည်း ထွက်လာသောအခါ စောစောက အသံပျော့ပျော့နှင့် ပြောခဲ့သူ သူ့ထံသို့ လျှောက်လာသည်။ ထိုသူက အသားညိုညို နှာတံကောက်ကောက် မျက်လုံး စူးစူးနက်နက်နှင့် ဖြစ်သည်။ သူက

“ခင်ဗျားခွင့်ပြုရင် ခင်ဗျားကို ကျွန်တော့်ကားနဲ့ အိမ်ကို ပို့ပေးမယ်”

တာစီဆိုယို ရုတ်တရက် ဆိုသလို ငြင်းပယ်လိုက်ချင်သည်။ အကြောင်းမှာ ထိုလူရွယ်သည် သူ့ကို ထောက်ခံသည့်သဘော မရှိသောကြောင့် ဖြစ်သည်။ သို့သော် သူ ပြန်စဉ်းစားလိုက်သောအခါ သူသည် အဝေးကြီး ပြန်ရမည်ဟု ယူဆပြီး သူစိမ်းတစ်ယောက်၏ ကားသေးသေးလေးထဲ ဝင်ထိုင်လိုက်သည်။

ထိုသူက သူ့လက်ကို ဆန့်တန်းလိုက်ပြီး မိတ်ဆက် သည်။

“ကျွန်တော် နာမည် လီဗီပါ”

ထို့နောက် ကားကလေးသည် ညအခါ မြို့တော်၏ အသွားအလာ ရှင်းနေသော လမ်းများအတိုင်း ခပ်မှန်မှန် မောင်းသွားသည်။ လူရွယ်က တာစီဆီယိုကို မကြည့်ဘဲ ထပ်ပြောသည်။

“ခင်ဗျားပြောတဲ့ ဇာတ်လမ်းကို ကျွန်တော် အင်မတန် စိတ်ဝင်စားတယ်။ ခင်ဗျားကို ကျွန်တော် အကြံတစ်ခု ပေးချင်တယ်”

“ဘာများလဲ”

“ကျွန်တော်က မဂ္ဂဇင်းတစ်စောင်မှာ ပင်တိုင် ဆောင်းပါးရှင် တစ်ယောက်ပဲ။ အဲဒီ မဂ္ဂဇင်းကို ခင်ဗျား သိမှာ မဟုတ်ဘူး”

သူက မဂ္ဂဇင်း တစ်စောင်၏ နာမည်ကို ပြောသည်။ လူမှုရေးများ တစ်ဝက် ဖော်ပြနေသော မဂ္ဂဇင်းတစ်စောင် ဖြစ်သည်။ တကယ်ပင် လူသိနည်းသော မဂ္ဂဇင်းဖြစ်သည်။

“ကျွန်တော်တို့က ခင်ဗျားပြောတဲ့ ပုဂ္ဂိုလ်ရဲ့ အကြောင်းတွေကို အချိန် တော်တော်ကြာကလေးထဲက စုဆောင်းနေခဲ့ကြတယ်။ ကျွန်တော် ခင်ဗျားဆီကို လာပြီး ဇာတ်လမ်းတစ်ပုဒ်လုံးကို ရချင်တယ်။ ဘယ်လို သဘောရသလဲ”

“အင်း တစ်ခုခု ထင်လို့လား”

တာစီဆီယို တွန့်ဆုတ်စွာ မေးလိုက်သည်။

“ဟုတ်တယ်”

လူရွယ်က သူ့ထုံးစံအတိုင်း အေးဆေးတည်ငြိမ်စွာ ပြောသည်။

“ဟုတ်တယ်။ ခင်ဗျားပြောတဲ့ ဇာတ်လမ်းက မမှန်ဘူး။ ဒါပေမဲ့ မမှန်တဲ့ ဇာတ်လမ်းတွေ အမျိုးအစားနှစ်ခု ခွဲနိုင်တယ်။ မှန်တယ်လို့ ထင်ရတဲ့အပိုင်းနဲ့ မမှန်တဲ့အပိုင်းပဲ။ ခင်ဗျားရဲ့ ဇာတ်လမ်းက ကြောက်စရာကြီး၊ ဒါပေမယ့် မှန်တဲ့ပုံ ပေါက်နေတယ်။ အဲဒါကို ကျွန်တော်တို့အဖွဲ့ လေ့လာဖို့ လိုအပ်နေပြီ”

ဤ တစ်ကြိမ်တွင် တာစီဆီယိုက ကန့်ကွက်လိုက်သည်။

“ခင်ဗျားက ဒီဇာတ်လမ်း မမှန်ဘူး ထင်လို့လား။ ဇာတ်လမ်းက အမှန်ပဲ”

တစ်ဖက်လူက တုန်လှုပ်ခြင်း မရှိဘဲ

“ဟုတ်တယ်။ ဒါဆိုင်ရင် ကြည့်ကြရအောင် အဲဒီကိစ္စတွေကို အယ်လ်ပြုလုပ်တဲ့ အချိန်မှာ ခင်ဗျား ရှိနေသလား။ ခင်ဗျားမျက်စိနဲ့ တပ်အပ် တွေ့မြင်တာလား”

“ကျွန်တော့်မျက်စိနဲ့တော့ တပ်အပ် မမြင်ဘူး”

တာစီဆီယိုက အင်္ကျီအိတ်ထဲသို့ နှိုက်လိုက်ပြီး စီးကရက်ဗူးကို ထုတ်ကာ ဆေးလိပ်တစ်လိပ် မီးညှိလိုက်ပြီး ဆက်ပြောသည်။

"ဒါပေမယ့် မျက်မြင်ကိုယ်တွေ့ တစ်ယောက်က ပြန်ပြောတာပဲ"

"ကျေးဇူးပြုပြီး အဲဒီလူက ဘယ်သူလဲ"

တာစီဆီယိုက ထိုလူ၏ နာမည်ကို ပြောလိုက်သည်။ လူရွှယ် မျက်မှောင်ကုတ်လိုက်ပြီး "သူ့ကို ကျွန်တော်သိတယ်။ အဲဒီသူက ပေါက်တတ်ကရပဲ၊ တကယ့် လူညာကြီးပဲ၊ ခင်ဗျား သူ့ကို ယုံကြည်လို့ မရဘူး"

တာစီဆီယို ဆေးလိပ်ကို မီးခိုးပါးစပ်အပြည့် ဖွာလိုက်သည်။ ထို့နောက် ဒုတိယအကြိမ် ဖွာလိုက်ပြန်သည်။ ထို့နောက် တတိယအကြိမ်။ သူ၏လည်ချောင်း ခြောက်ကပ်နေပြီး ရှူသွင်းလိုက်သော မီးခိုးများက လောင်မြိုက်လေတော့သည်။

သူက မေးလိုက်သည်။

"သူက လူညာလား"

"တကယ့် လူညာကြီးပဲ။ ဒါပေမယ့် ဒါက အရေးမကြီးပါဘူး။ ခင်ဗျားတို့ ကျွန်တော်တို့က အယ်လ်... ကို ချေမှုန်းပစ်ချင်တယ်။ ခင်ဗျားရဲ့ ဇာတ်လမ်းက မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ကျွန်တော်တို့ အတွက် အသုံးဝင်တယ်။ အဲဒီတော့ မနက်ဖြန် ခင်ဗျားကို ကျွန်တော် လာတွေ့မယ်" တာစီဆီယို ဆေးလိပ်ကို လွှင့်ပစ်လိုက်သည်။ ဆေးလိပ်က သိပ်ပြီးခါးနေသည်။ ပြီးတော့ သူက ကြိုးစားပြီး ပြောလိုက်သည်။

"မဟုတ်ဘူး။ ဒီကိစ္စ ပြီးသွားပြီလို့ ကျွန်တော်ထင်တယ်။ မနက်ဖြန် ခင်ဗျား မလာတာကောင်းတယ်"

"ဘာဖြစ်လို့လဲ။ ဒီဇာတ်လမ်းကို ခင်ဗျား ရေးတယ်လို့ အယ်လ် သိမှာကို စိုးရိမ်လို့လား။ ဒါအတွက်တော့ဘာမှ မပူနဲ့။ အခုလောက်ဆို အယ်လ်က အဖြစ်အပျက် အားလုံးကို သိပြီးနေပြီ"

တာစီဆီယိုက စီးကရက်ဗူးကို ထုတ်လိုက်ပြန်သည်။ တုန်နေသော လက်ချောင်းများဖြင့် စီးကရက်တစ်လိပ် ထုတ်ယူလိုက်သည်။ ထို့နောက် စီးကရက်ကို ဗူးထဲ ပြန်ထည့်လိုက်သည်။

ပြီးမှ မေးလိုက်သည်။

"ဘယ်လိုလုပ် သိမှာလဲ"

"ဆိုင်ထဲက လူစုထဲမှ ခပ်ဝဝ ခေါင်းပြောင်ပြောင် မျက်နှာထား တည်တည်နဲ့ လူလတ်ပိုင်းက လူတစ်ယောက်ကို ခင်ဗျား သတိထားမိလား။ သူက စကားတစ်ခွန်းမှ ပြောဘဲ ခင်ဗျား စကားတွေကို နားထောင်နေတယ်။ အဲဒီလူ ဘယ်သူလဲဆိုတာ ခင်ဗျား သိသလား"

"သိတယ်"

တာစီဆီယိုက နာမည်ကို ပြောလိုက်သည်။

"ဒါပေမယ့် ခင်ဗျား မသိတာက သူက အယ်လ်ရဲ့ မိတ်ဆွေတစ်ယောက်ပဲ။ အယ်လ်… ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်ပဲ။ ခုချိန်လောက်ဆိုရင် အယ်လ်ဆီကို သူ ဖုန်းဆက်ပြီးနေပြီ။ အကုန်လုံး ပြောပြီးနေပြီ"

သူတို့ အခု ရောက်ရှိသွားကြပြီ။ ကားသည် အရှိန်လျော့သွားပြီး လမ်းဘေးနှစ်ဖက်တွင် သစ်ပင်များ သွယ်တန်းနေသော လမ်းမကြီး တစ်ခုတွင် ရပ်လိုက်သည်။ တိုက်တန်းကြီး တစ်ခု၏ အဝင်ဝတွင် ဖြစ်သည်။

"ဒီဆောင်းပါးကို ကျွန်တော်တို့ ရေးကြမယ်"

လူရွယ်က လက်ဘရိတ်ကို ဆွဲတင်ရင်း တာစီဆီယိုဘက်သို့ လှည့်ကာ ပြောလိုက်သည်။

"မနက်ဖြန်ကျရင် ကျွန်တော် လာခဲ့မယ်။ ကျွန်တော် လိုက်မှတ်တာ တစ်နာရီအတွင်း ပြီးသွားမှာပဲ။ ခင်ဗျား ကြည့်ချင်တယ်ဆိုရင် ကျွန်တော့ ပုံနှိပ်မူကြမ်း ပြပေးမယ်"

"အေးအေး နေပါစေတော့။ နှုတ်ဆက်ပါတယ်"

တာစီဆီယို ကားထဲမှ ကမန်းကတန်းဆင်းပြီး တံခါးပေါက်ဆီသို့ လျှောက်သွားသည်။ သော့ပေါက်တွင် သော့တံထိုးလိုက်ပြီး အတွင်းသို့ ဝင်သွားသည်။ တံခါးကို ပြန်ပိတ်လိုက်သည်။ သူက နောက်ကို လုံးဝလှည့်မကြည့်ဘဲ တိုက်ထဲသို့ ဝင်ရောက်သွားခြင်း ဖြစ်သည်။ ကားကလေးကိုရော လူရွယ်ကိုရော ပြန်စောင်း မကြည့်တော့ပါ။

လှေကား ကျဉ်းကျဉ်း မှောင်မှောင်လေးအတိုင်း လေးထပ်သို့ သူ ပြေးတက်သွားသည်။ လှေကားထိပ်သို့ ရောက်သောအခါ သူ ခေတ္တမျှ ရပ်နေသည်။ မောနေသည်။ ဆင်တူတံခါးသုံးခု ရှေ့တွင် ဆင်တူအမှိုက်ပုံး သုံးခု ရှိနေသည်။ ထို့နောက် သူ့ အခန်းတံခါးကို ဖွင့်ပြီး အတွင်းသို့ ဝင်သွားသည်။ မီးဖိုချောင်မှ အေးတေးတေး အောက်သိုးသိုး အနံ့တွေက သူ၏ စိတ်ဓာတ်ကျဆင်းမှုကို ပို၍

တိုးပွားစေသည်။ အမှောင်ထဲတွင် စမ်းပြီး အိပ်ခန်းသို့ သွားသည်။ မီးဖွင့်ပြီး ကြည့်လိုက်သည်။ နှစ်ယောက်အိပ် ခုတင်ကြီးက အခန်းတစ်ခုလုံးလောက်ကို နေရာယူထားသည်။ သူ့ဇနီး၏ ခေါင်းမည်းမည်းနက်နက်က အိပ်ရာခင်းအဖြူနှင့် ခေါင်းအုံးအဖြူတို့ ကြားတွင် အထင်းသား ပေါ်လွင်နေသည်။ အမျိုးသမီးက သူ့ကို ကျောပေးထားသည်။ အိပ်ပျော်ဟန် ရှိသည်။ သူက ခုတင်ပေါ်ကို ဒေါသတကြီး ဝုန်းခနဲ တက်လိုက်ပြီး သူ့ မိန်းမကို လှုပ်ကာ နှိုးလိုက်သည်။

"ကလီလီယာ၊ ကလီလီယာ"

အမျိုးသမီး သက်ပြင်းချသည်။ အနည်းငယ် လှုပ်ရှားသည်။ ထို့နောက် စောင်အောက်တွင် ပြန်ကွေးသွားသည်။

သူက ထပ်ပြီး လှုပ်နှိုးသည်။

"ထ ထ ဒီမှာ ထစမ်းပါ"

ဤတစ်ကြိမ်တွင် အမျိုးသမီး နိုးလာပြီး သူ့ဘက်သို့ လှည့်သည်။ မျက်နှာကို မြင်ရသည်။ မျက်နှာက ပျို့မျစ်ခြင်းလည်း မရှိ။ လှပခြင်းလည်း မရှိ။ နှာခေါင်းရှည်ရှည် ရှုံ့တုံ့တုံ့ မျက်နှာထားနှင့် ဖြစ်သည်။ မျက်လုံးများကို မှိတ်ထားပြီး လေးတွဲ့တွဲ့ လေသံဖြင့်

"ကျွန်မ အိပ်ပျော်နေတာ ရှင် ဘာလုပ်မလို့လဲ၊ တစ်နေ့လုံး ကျွန်မကို တစ်ယောက်တည်း ပစ်ထားရတာ ရှင် အားမရသေးဘူးလား။ ကျွန်မကို ညမှာလည်း မအိပ်စေချင်ဘူးလား"

"မင်းဟာ ငါ့မိန်းမ မဟုတ်ဘူးလား။ မင်းမှာငါ ပြောတာကို နားထောင်ဖို့ တာဝန်ရှိတယ်"

"ကျွန်မကို ဘာလုပ်စေချင်လို့လဲ"

"ငါ့မှာ အင်မတန် ဆိုးဝါးတဲ့ အဖြစ်တစ်ခုနဲ့ ကြုံတွေ့နေရတယ်။ အဲဒါ မင်း ဘယ်လို သဘောရသလဲ ဆိုတာ ပြောစမ်းပါ"

"အဲဒီလို ဆိုရင်လည်း နားထောင်ရအောင်"

ကလီလီယာ ထထိုင်သည်။ စောင်အထက်တွင် ရင်သွန့်ပိန်ပိန်လေး ပေါ်လာသည်အထိ ဖြစ်သည်။ အိပ်ချင်မူးတူး ဖြစ်နေသော မျက်လုံးမှေးမှေးဖြင့် သူ့ကို ငေးစိုက် ကြည့်နေသည်။

"ကျွန်မ ရှင့်မိန်းမပဲ။ ကျွန်မ နားထောင်နေပါတယ်"

တာစီဆီယိုသည် ခုတင်စွန်းတွင် ထိုင်ပြီး ညဦးပိုင်းက အဖြစ်အပျက်အားလုံးကို ပြောပြသည်။ ဆိုင်ထဲတွင် ပြောခဲ့သော အယ်လ်၏ မကောင်းသတင်းဇာတ်လမ်း။ တိတ်ဆိတ်စွာ နားထောင်နေသော အယ်လ်၏ မိတ်ဆွေတစ်ယောက်၊ သတင်းစာဆရာ၏ အကြံပြုချက်၊ ကားပေါ်တွင် ပြောခဲ့ကြသော စကား။

"မင်း ဘယ်လို သဘောရသလဲ။ ငါမှားတယ်လို့ မင်း ထင်သလား။ ပြောရရင်တော့ သတင်းဇာတ်လမ်း ကတော့ အမှန်ပဲ။ ငါ့ကို ဒုက္ခရောက်နိုင်မယ်လို့ မင်း ထင်သလား"

တာစီဆီယို စိုးရိမ်ပူပန်စွာဖြင့် မေးသည်။

ယခုအခါ သူ့မိန်းမသည် ခုတင်ပေါ်တွင် ထိုင်နေပြီး သူ့ကို ငူတူတူဖြင့် ကြည့်နေသည်။ တစ်ချိန်တည်းမှာပင် မလိုတမာ အရိပ်လက္ခဏာလည်း စွက်ဝင်နေသည်။ နောက်ဆုံးတွင် အမျိုးသမီး အိပ်ချင်မူးတူး အသံတိုးတိုးဖြင့် ပြန်ပြောသည်။

"ရှင့်ရဲ့ အဓိက အားနည်းချက်ကတော့ မနာလို ဝန်တိုတာပဲ။ တကယ်ပဲ ရှင့်ရဲ့ အကြီးဆုံး အားနည်းချက်ကတော့ ကျွန်မအပေါ် အကြင်နာ ကင်းမဲ့တာပဲ။ အဲဒါဟာ တကယ့်ကို လူမဆန်တာပဲ။ ဒါပေမဲ့ ဒီကိစ္စ ကျွန်မ တစ်ယောက်နဲ့ပဲ ဆိုင်တယ်။ တစ်ကမ္ဘာလုံးနဲ့ ဆိုင်တာကတော့ ရှင့်ရဲ့ မနာလိုဝန်တိုမှုပဲ"

"ငါ မနာလိုတတ်ဘူး"

"ရှင် မနာလိုတတ်တယ်။ ရှင်ဟာ မအောင်မြင်ဘူး။ ရှင့်မှ မအောင်မြင်ဘူးလို့ ခံစားရတယ်။ ဒါကြောင့်မို့လို့ ရှင်ဟာ အောင်မြင်တဲ့သူ အားလုံးကို မနာလိုဝန်တို ဖြစ်နေတယ်။ အယ်လ်ဟာ လူဆိုးလူသွမ်းကြီး တစ်ယောက် ဖြစ်ချင်ဖြစ်မယ်။ အဲဒါကို ကျွန်မ မငြင်းပါဘူး။ ဒါပေမဲ့ သူဟာ ရှင့်လို မအောင်မြင်တဲ့ သူတစ်ယောက် မဟုတ်လို့ဘဲ။ ဒီလိုသတင်း ဇာတ်လမ်းမျိုးကို ပြောတာ မနာလိုဝန်တို လို့ပဲ။ ဒါကို မျက်စိမမြင်တဲ့ သူတောင် မြင်နိုင်တယ်"

"မင်း... မင်း... ငါ့မိန်းမ... ဒါမျိုး ငါ့ကို ပြောရသလား"

"ဘယ်လို သဘောရသလဲလို့ ရှင်မေးလို့ ကျွန်မ ပြောရတာပဲ"

"ငါက မင်းရဲ့ ထင်မြင်ချက် မေးတာ။ စော်ကားဖို့ ပြောတာ မဟုတ်ဘူး"

"ရှင်က ဒါကို စော်ကားတယ်လို့ ထင်သလား။ ကျွန်မ ထင်မြင်ချက်ကတော့ ဒါတွေဟာ အမှန်တွေပဲ"

"မင်း... မင်း... ငါ့မိန်းမ... ငါ့ကို ဒီလိုပဲ ပြောရသလား"

“ဟုတ်တယ် ကျွန်မ ဒီလိုပဲ ပြောတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေဟာ အမှန်တွေ ဖြစ်လို့ပဲ။ ရှင့်အနေနဲ့ သေသေချာချာ သိထားရမှာကတော့ အဲဒီလူ အယ်လ်ရဲ့ မိတ်ဆွေဟာ အယ်လ်ကို အားလုံး ပြန်ပြောပြီးနေပြီ၊ အဲဒီတော့ အယ်လ်က လက်စားချေလိမ့်မယ်”

“မင်း ဘာကို ဆိုလိုတာလဲ။ လက်စားချေလိမ့်မယ် ဆိုတာက”

“ကျွန်မ မသိဘူး”

သူ့မိန်းမက ဇဝေဇဝါ ပြောလိုက်သည်။ သူက ရုတ်ချည်း ဆိုသလို ပြန်အိပ်ချင်လာဟန် ရှိသည်။

“အယ်လ်မှာ ဩဇာရှိတယ်။ ရှင့်မှာ မရှိဘူး။ သူ့သိက္ခာ ဆယ်ဖို့ တစ်ခုခု ပြန်လုပ်လိမ့်မယ်။ ရှင်ပြောတဲ့ ဇာတ်လမ်းက တရားစွဲခံရနိုင်တယ်။ ဒါပေမဲ့ အယ်လ်က အခြားနည်း တစ်ခုခုနဲ့ လက်စားချေလိမ့်မယ်”

“မင်း… မင်း… ငါ့မိန်းမ… ငါ့ကို ဒီလို ပြောရသလား”

“ကျွန်မက ရှင့်ကို ဘာပြောရမလဲ မသိဘူး။ ရှင်က ပြောပါဆိုလို့ ကျွန်မ ပြောရတာပဲ။ ကဲ ကျွန်မအိပ်တော့မယ်။”

တာစီဆီယိုက ရုတ်တရက်ဆိုသလို သူ့မိန်းမ၏ လည်ပင်းကို ညှစ်ပြီး အော်လိုက်သည်။

“မင်း… မင်း… ငါ့မိန်းမ… ငါ့ကို ဒီလို ပြောရသလား”

ထို့နောက် သူ့မိန်းမကို ခပ်ကြမ်းကြမ်း တွန်းပစ်လိုက်သည်။ ထို့နောက် သူ့ခေါင်းကို လက်နှစ်ဖက်နှင့် ဖိပြီး ခုတင်ပေါ်မှ ဆင်းလိုက်သည်။ အခန်းထဲတွင် လျှောက်သွားနေသည်။ သူ့ခေါင်းကို နံရံနှင့် ဆောင့်လိုက်သည်။ သူ၏ စိတ်အာရုံက အဝတ်ဗီရိုဆီ ရောက်သွားသည်။ ဗီရိုစောင်းက ခါးသွားလို ထက်သည်။ သူက ဒေါသတကြီးဖြင့် ဗီရိုစောင်းကို ခေါင်းကွဲအောင် တမင်တကာ ပစ်ဆောင့်လိုက်သည်။ တိုက်ချက်က ပြင်းသည်။ သို့သော် တာစီဆီယို ယင်းအချက်ကို သတိမပြုမိပါ။ သူက အယ်လ်ကိုပဲ စဉ်းစားနေမိသည်။ ဒီဇာတ်လမ်းကို သူ ဘယ်လိုလုပ်ပြီး သိခဲ့သနည်း။ အယ်လ်က ဘယ်လို လက်စားချေလိုက်မည်နည်း ဟု သူ စဉ်းစားနေမိသည်။ သူက တစ်ချိန်တည်းမှာပင် ရှက်လည်းရှက် ကြောက်လည်းကြောက် ဖြစ်နေသည်။

နောက်ပြီး သူ့မိန်းမက သူ့ကို မကောင်းတာတွေ ပြောသည့်အတွက်လည်း သူ စိတ်ညစ်နေသည်။ သူ့မိန်းမ ပြောတာတွေက မှန်နိုင်သည်။ ဗီရိုစောင်းကို

ခေါင်းနှင့် ဆောင့်ပြီးနောက် သူ့မိန်းမထံ လျှောက်သွားသည်။ ဗီရိုဆောင့်မိသော နေရာကို လက်နှင့်အုပ်ပြီး ဒယီးဒယိုင်ဖြင့် လျှောက်သွားသည်။ သူ့လက်ဖဝါး စေးထန်းထန်းကြီး ဖြစ်လာသည်။ သူ့လက်ကို ကြည့်လိုက်သောအခါ သွေးချင်းချင်း ရဲနေသည်။ တုန်ယင်သော အသံဖြင့် သူ ပြောလိုက်သည်။

"ဒီမှာ သွေးတွေ ကြည့်စမ်း၊ ငါ့ဟာငါ လုပ်လိုက်မိတယ်နဲ့ တူတယ်"

သူ့မိန်းမ တစ်ချက်အော်လိုက်ပြီး ခုတင်ပေါ်မှ ခုန်ဆင်းသည်။ သူက တာစီဆီယိုကို လက်မောင်းမှတွဲပြီး မီးဖိုချောင်သို့ ခေါ်သွားသည်။ တာစီဆီယိုသည် ပေရေနေသော ပန်းကန်များ ပြည့်နေသည့် လက်ဆေးအင်တုံရှေ့တွင် ရပ်လိုက်ပြီး ခေါင်းကို ရေပိုက်ခေါင်းအောက်တွင် ငုံ့လိုက်သည်။ သူ့မိန်းမက သူ့ကို ရေစိုအဝတ်ကလေးဖြင့် ခပ်ဖွဖွလေး ညင်ညင်သာသာလေး ကြင်နာယုယစွာဖြင့် ပွတ်သပ်ပေးနေသည်။ တစ်ချိန်တည်းမှာပင် ပန်းကန်တွေမှ အောက်သိုးသိုး အနံ့ကို ခံစားရသည်။ သူ့မိန်းမ၏ ကိုယ်ခန္ဓာက သူနှင့် ပူးကပ်ထားသည်။ သူ့မိန်းမက ကိုယ်လုံးချင်း ခပ်ဖွဖွတိုက်ရင်း တုန်ယင်သော အသံဖြင့် ပြောနေသည်။

"ဘာမှ မဖြစ်ပါဘူး။ နည်းနည်းကလေး ကွဲသွားတာ"

ထို့နောက် တာစီဆီယို ခေါင်းကို ငုံ့ထားပြီး ငိုလိုက် သည်။ မျက်ရည်တွေက လက်ဆေးအင်တုံထဲရှိ ဆီတွေဝေ့နေသော ဒယ်အိုးထဲသို့ ကျသွားသည်။

Head aganinst the wall

ရင်ခုန်စရာကလေးတစ်ခု

အမျိုးသမီးက ဖွဲနပဲကြီးကြီးနှင့် သူ့ဆီကို တယ်လီဖုန်း အကြိမ်ကြိမ် ဆက်နေသည်။ သူ ဆက်ပုံက တစ်ချိန်တည်းမှာပဲ မာန်မာနနှင့် ကြေကွဲဖွယ်ရာ ရောနေသည်။ အပူတပြင်း တောင်းပန်နေပုံမျိုးနှင့် ဟန်ကြီးပန်ကြီးနိုင်သော ဣန္ဒြေသိက္ခာမျိုး လုံးထွေးနေသည်။ ယင်းအတွက် သူသည် နောက်ဆုံးတွင် စိတ်ဝင်စားမှု ဖြစ်လာရသည့် ကိစ္စက ရင်ခုန်စရာကလေး တစ်ခု၊ ဒါမှမဟုတ် တစ်စုံတစ်ရာ ထူးထူးဆန်းဆန်းကလေး တစ်ခုတော့ ဖြစ်လာနိုင်သည်ဟု သူတွက်မိသည်။ ဘယ်ပုံစံပဲ ဖြစ်လာပါစေ၊ စွန့်စားကြည့်ဖို့တော့ ကောင်းသည်။ သို့ဖြင့် ပဉ္စမအကြိမ်မြောက် ဖုန်းခေါ်သောအခါ သူက–

“ဒါဆိုရင် ကောင်းပြီလေ၊ ကိုယ်တို့ ဘယ်မှာ တွေ့ကြမလဲ”

“ကြာပန်း စားသောက်ဆိုင်ကို ရှင် သိသလား”

“အီးယူအာ ကားလမ်းပေါ်က ဆိုင်လား”

“ဟုတ်တယ်၊ အဲဒီဆိုင်ပဲ။ ကျွန်မ ယမကာဆောင်က စောင့်နေမယ်။ လက်ထဲမှာ မဂ္ဂဇင်းတစ်အုပ် ကိုင်ထားမယ်။ ကျွန်မက အသားညိုတယ်၊ ပြီးတော့ အနက်ရောင် ဝတ်ထားမယ်”

“ဘာဖြစ်လို့ အနက်ရောင် ဝတ်ထားမှာလဲ”

“ကျွန်မ ဆွေမျိုးတစ်ယောက် ဆုံးသွားတဲ့ အတွက်ပဲ”

ချိန်းဆိုသော နေ့တွင် “ကြာပန်း စားသောက်ဆိုင်” အထီးတည်းရှိရာ တောင်ကတုံး ခြေရင်းသို့ လိုရင်ဇို ရောက်ရှိသွားသည်။ အပေါ်ဘက်သို့ မော့ကြည့်လိုက်သည်။ တရုတ်ဘုရားကျောင်းပုံစံ အဆောက်အအုံ ရေးရေး၏ နောက်ဘက် အစိမ်းရောင် အရဏ်ဦး ကောင်းကင်တွင် ဖြူဖျော့ဖျော့ ဝန်းဝိုင်းဝိုင်း လပြည့်ဝန်း ချိတ်တွဲလျက် ရှိပါသည်။ ဘုရားကျောင်း ပြတင်းပေါက်များ အားလုံးသည် ဝါတာတာ အလင်းရောင်များ ထိန်ညီးလျက် ရှိသည်။ တောင်ကုန်းကလေးကို ကြောင်လိမ်လှေကားသဖွယ် ရစ်ပတ်ပြီး တက်သွားသော လမ်းတစ်လျှောက်တွင် မီးပုံးနီးများ ဆင်ယင်ထားသည်။ ဂျပန်ရိုးရာ မီးပုံးကလေးတွေနှင့် တူသည်။ သို့သော် အားလုံးပင် ရောင်းတန်းပစ္စည်းများ ဖြစ်ကြသည်။ ကားလမ်းတစ်လျှောက်တွင် တွေ့ခဲ့ရသော ပြာနှမ်းနှမ်း

မိုးပျံအဆောက်အအုံများနှင့် ယှဉ်လိုက်လျှင် မျက်စိစပါးမွှေး စူးစရာလို ဖြစ်နေသည်။ လီဗာကို လိုရင်ဇို နှင်းချလိုက်သောအခါ ကားသည် တောင်စောင်းအတိုင်း လျှင်မြန်စွာ တက်သွားပြီး ဘုရားကျောင်းရှေ့ရှိ ကွက်လပ်တွင် အခြားကားများကြား၌ ရပ်သွားသည်။

ဝင်ပေါက် တံခါးမကြီး နောက်ဘက်တွင် နီရွှေဝါ ကြာပန်းများ ရေးခြယ်ထားသော လိုက်ကာတစ်ခုရှိသည်။ လိုက်ကာကို ကွေ့ပတ်ပြီး လိုရင်ဇို ဝင်သွားသည်။ အမှောင်ဝိုးတဝါးတွင် သူ့မျက်လုံးများ ကျင့်သား ရလာသောအခါ ယက်မနီနီ မျက်နှာကြက်၊ သစ်စေးနက် သုတ်ထားသော သစ်သားစားပွဲများ၊ ကြိမ်ကုလားထိုင်များ၊ ဆေးခြယ်ထားသော မီးအိမ်များဖြင့် တန်ဆာဆင်ထားသည့် အခန်းနိမ့်နိမ့် တစ်ခုကို တွေ့ရသည်။ စားပွဲများတွင် စုံတွဲ တော်တော်များများ ထိုင်နေကြသည်။ အများစုတွင် ထူးခြားဆန်းကြယ်သော ပတ်ဝန်းကျင်ကို သဘောကျသည့် လူငယ်လူရွယ် များ ဖြစ်သည်။

အချို့စုံတွဲများမှာမူ ခန်းမကြီး အလယ်တွင် ကက်ဆက်မှ ထွက်ပေါ်လာသော တေးသွားအတိုင်း ဖြည်းလေးစွာ ယိမ်းလှုပ်လျက် ရှိကြသည်။ အပေါ်ထပ်သို့ တက်လာသော လှေကားအောက်တွင် ကားဂန္ဓာလက်ရာပုံစံ ပွတ်လုံးလက်ရန်း ကာရံထားသော ယမကာဆောင်နှင့် ယင်း၏ ခရိုမီယံ ကော်ဖီဖျော်စက်နှင့် ပုလင်းများကို မြင်ရသည်။ ခွေးခြေမြင့်ကြီး တစ်လုံးပေါ်တွင် အမျိုးသမီးတစ်ယောက် ထိုင်နေသည်။ သူ တစ်ယောက်တည်း ဖြစ်သည်။ စကတ်အနက် ဝတ်ထားသော လက်ထဲတွင် မဂ္ဂဇင်းတစ်အုပ်ကို လိပ်ပြီး ကိုင်ထားသည်။ လိုရင်ဇို အခန်းကို ဖြတ်ပြီး လျှောက်သွားသည်။ ထို့နောက် ၎င်းကို စကားမပြောခင် ထိုအမျိုးသမီးကို သေချာစွာ ကြည့်ရှုလျက်ရှိသည်။

၎င်း၏ အနီးသို့ ရောက်ရှိသောအခါ အမျိုးသမီးသည် အတော်ကြီးပင် ငယ်ရွယ်ပြီး သူ့အလှက ခပ်မာမာတင်းတင်း ဖြစ်သည်။ သူ့မျက်နှာက ဝိုင်းပြီး တည်ငြိမ်ခန့်ညားသည်။ ဆံပင်ကောင်းသည်။ မျက်လုံးများ စူးရှသည်။ နှာတံပေါ်ပြီး နှုတ်ခမ်းစုံ ပြည့်ဖြိုးသည်။ နှုတ်ခမ်းစုံ ဆေးဆိုးထားသည်။ ထင်းလွန်းသည်။ သူ၏ နက်မှောင်သော မျက်လုံးများကို ခေတ်ပေါ် ဖက်ရှင်အတိုင်း အနက်ရောင် ဝိုင်းထားသည်။ ရင်ခုန်စရာကလေး တစ်ခုပဲဟု လိုရင်ဇို အလိုလို တွေးလိုက်မိသည်။

လိုရင်ဇိုက သူ့လက်ကို ကမ်းလိုက်၏။

“မင်္ဂလာ နံနက်ခင်းပါ။ တို့နာမည် လိုရင်ဇို”

“ကျွန်မ အက်ဆန်တာ”

သူက အမျိုးသမီးလေး တံတောင်ကို ကိုင်လိုက်ပြီး အေးဆေး

ရှင်းလင်းသော စားပွဲတစ်ခုကို ညွှန်ပြကာ ယဉ်ကျေးစွာ ပြောလိုက်သည်။

"အဲဒီကို သွားကြမလား"

အမျိုးသမီးက ကျိုးနွံစွာဖြင့် ထိုင်ခုံပေါ်မှ ဆင်းလိုက်ပြီး သူ၏ခန္ဓာက သေးငယ်သော်လည်း ကျက်သရေရှိသည်ကို ထုတ်ဖော်ပြသသည့် "အင်း... တကယ့်ကို ရင်ခုန်စရာကလေးပဲ" ဟု လိုရင်ဇို တွေးလိုက်မိပြန်သည်။

စက္ကူမီးပုံးအနီရောင် အောက်ရှိ ထိုင်၍ မကောင်း လှသော ကြိမ်ကုလားထိုင်များပေါ်တွင် သူတို့ ထိုင်လိုက်ကြသည်။ စားပွဲထိုးက သူတို့မှာကြားသည်ကို ရေးမှတ်ပြီး ထွက်သွားသည်နှင့် တစ်ပြိုင်နက် အမျိုးသမီးက စိတ်မရှည်ဟန်ဖြင့် ပြောသည်။

"ကျွန်မ စောင့်နေရတာ နာရီဝက်တောင် ရှိသွားပြီ"

သူ့အသံက သူ၏ ပြင်ပ ပုံပန်းသဏ္ဌာန်အတိုင်း မာတင်းတင်းပင် ဖြစ်သည်။ လိုရင်ဇို ပြုံးလိုက်ပြီး

"တို့ နောက်ကျသွားတာ တောင်းပန်ပါတယ်။ ဒါပေမဲ့ အခု တို့ဟာ မင်းအတွက်ပါပဲ။ အဲ..."

လက်မှ နာရီကို ကြည့်လိုက်ပြီး

"နှစ်နာရီလောက်ပေါ့"

ကုလားထိုင်နှစ်လုံးက အင်မတန် ကပ်လွန်းသည်။ သူတို့၏ ဒူးများ ထိနေကြသည်။ သို့သော် အမျိုးသမီးက ယင်းကို သတိပြုမိဟန် မရှိ။ လိုရင်ဇိုက သေချာပေါက်ပင် ရင်ခုန်စရာကလေးတစ်ခု တွေ့လိုက်မိပြန်သည်။ ထိုအခါ အမျိုးသမီးက ရုတ်တရက် ဆိုသလို

"ဒါပေမဲ့ ပထမဆုံး ကျွန်မ ဘယ်သူလဲဆိုတာ ရှင် သိထားဖို့ လိုလိမ့်မယ်"

"အင်း... ပြောပါဦး"

"ကျွန်မက ဝီမြို့က လာတာပဲ"

ရောမမြို့နှင့် မဝေးလှသော မြို့ကလေး တစ်မြို့၏ အမည်ကို ပြောသည်။

"နောက်ပြီး ကျွန်မက အိမ်ထောင်ကျတာ တစ်နှစ်ရှိပြီ။ ကျွန်မ ယောက္ခမက မြေပိုင်ရှင် တစ်ယောက်ဖြစ်ပြီး မနှစ်က ဆုံးသွားတယ်။ အဲဒီအခါမှာ ကျွန်မနဲ့ ကျွန်မယောကျ်ား ရောမကိုပြောင်းဖို့ ဆုံးဖြတ်ကြတယ်။ ကျွန်မယောကျ်ားကို ကျွန်မ

ချစ်တယ်။ ကမ္ဘာပေါ်မှာ ရှိသမျှ ရွှေတွေ ပုံပေးတောင် သူ့အပေါ်မှာ ကျွန်မ သစ္စာမဖောက်ဘူး။ အဲဒါ ရှင်းလား”

ချက်ချင်းဆိုသလိုပင် စိတ်မကောင်းစွာဖြင့် လိုရင်ဇို တွေးလိုက်မိပြန်သည်။ “အင်း… ရင်ခုန်စရာလေးတော့ မဟုတ်ဘူး။ ဘာလဲဆိုတာ ကြည့်ရအောင်”

သို့ဖြင့် အမျိုးသမီးကို သူ မေးလိုက်သည်။

“တို့ကို ဘာဖြစ်လို့ ဒါတွေ ပြောပြနေရတာလဲ”

“ဘာဖြစ်လို့လဲ ဆိုတော့ ရှင်တို့ မြို့ကြီးသားတွေဟာ မိန်းမနဲ့ ပတ်သက်ပြီး စိတ်ကူးဆန်းဆန်း ရှိတတ်ကြတယ်”

လိုရင်ဇို ပြုံးလိုက်ပြီး

“ဝေဖန်ရေးကို ဘေးချိတ်ထားပြီး လိုရင်း ပြောစမ်းပါ။ ကိုယ်မင်းအတွက် ဘယ်လိုမျိုး အသုံးဝင်နိုင်မလဲ”

အမျိုးသမီးက စားပွဲပေါ်တွင် စောစောက ချထား သော မဂ္ဂဇင်းကို လက်ညှိုးထိုးလျက်

“ဒီမဂ္ဂဇင်းထဲမှာ ရှင်ဟာ လူကုံထံ အသိုင်းအဝိုင်းထဲမှာ အင်မတန် ဝင်ဆံ့တယ်လို့ ရေးထားတယ်”

မဂ္ဂဇင်းကို လိုရင်ဇို ကြည့်လိုက်သည်။ လူကုံထံ အသိုင်းအဝိုင်းက အတင်းသတင်းတွေကို ဖော်ပြတတ်သည့် နာမည်ကြီး ရုပ်စုံမဂ္ဂဇင်း တစ်စောင်ဖြစ်သည်။ ဓာတ်ပုံကလေး တစ်ပုံတွင် သူ့ပုံ ဖော်ပြထားသည်။ ညကလပ်တစ်ခု၌ အခြားစုံတွဲများကြားတွင် ကနေသော ပုံဖြစ်သည်။

“တို့က ဝင်ဆံ့တဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ ဒီ မဂ္ဂဇင်းက တို့အကြောင်း မဟုတ်တာကို ရေးထားတယ်”

လိုရင်ဇို ပြောသည့် စကားကို အမျိုးသမီး ကြားဟန်မတူပါ။

“ကျွန်မနဲ့ ကျွန်မယောကျ်ားဟာ ရောမမြို့မှာ ဘယ်သူ့ကိုမှ မသိကြဘူး။ ဒီမဂ္ဂဇင်းမှာ ရှင်ဟာ လူ အတော်များများကို သိတယ်ဆိုပြီး ရေးထားလို့ ရှင့်ဆီက အကူအညီတစ်ခု တောင်းရအောင်ဆိုပြီး ကျွန်မ ဖုန်းဆက်တာပဲ”

“ဘာအကူအညီလဲ”

“လူတွေနဲ့ သိရအောင် ကျွန်မကို ကူညီပါ။ ရှင့် အသိုင်းအဝိုင်းထဲက

လူတွေနဲ့ မိတ်တွေပေးပါ”

“ရင်ခုန်စရာ မဟုတ်ဘူး။ မိုက်မဲမှု တစ်ခုပဲ။ ဒါပေမဲ့ ပျော်စရာတော့ ကောင်းတယ်” ဟု လိုရင်ဇို တွေးလိုက်သည်။ သို့သော် သူ၏ အတွေးများသည် သူမျက်နှာပေါ်တွင် ပေါ်လွင်ခြင်း မရှိပါ။ သူက အချိန်ဆွဲသည့် အနေဖြင့် မေးလိုက်သည်။

“ဘယ်သူနဲ့မှ မသိဘူးဆိုတာ ဟုတ်နိုင်ပါ့လား။ ဘယ်သူမဆို ဘယ်သူနဲ့မှ မသိဘူးဆိုတာ...”

“ဟုတ်တယ်။ တကယ်ပဲ ဒီရောမမြို့မှာ ကျွန်မတို့မှာ ဆွေမျိုးလည်း မရှိဘူး။ မိတ်ဆွေလည်း မရှိဘူး။ ကျွန်မတို့ချည်း အထီးကျန်ပဲ”

“မင်းတို့ ဘယ်မှာ နေသလဲ”

“ကျွန်မတို့ ပါရီယိုလီရပ်ကွက်မှာ နေတယ်။ ရောမ တိုက်ခန်းကြီးပဲ၊ ရောမ ညှော်ခန်းကြီးနဲ့ပဲ။ ဒါပေမဲ့ ဘယ်သူမှ မလာကြဘူး”

“မင်းတို့ တစ်နေကုန် ဘာလုပ်နေကြသလဲ”

“ဘာမှ မလုပ်ဘူး”

“ဘာမှမလုပ်ဘူး ဆိုတာ ဘာအဓိပ္ပာယ်လဲ။ တစ်ခုခုတော့ လုပ်ရမှာပေါ့”

“မနက်ပိုင်းမှာ ကျွန်မ အိမ်အလုပ်တွေနဲ့ ရှုပ်နေတယ်။ ကျွန်မမှာ ထမင်းချက်တစ်ယောက်နဲ့ အိမ်ဖော်တစ်ယောက် ရှိတယ်။ ပြီးတော့ ကျွန်မတို့ နေ့လယ်စာ စားကြတယ်။ နေ့လယ်စာ စားပြီတော့ အိပ်ကြတယ်။ ညနေပိုင်းမှာ ကျွန်မတို့ အပြင်ထွက်ကြတယ်။ ဒါမှမဟုတ် ကျွန်မ အပြင်ထွက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မယောကျ်ားက လမ်းလျှောက်တာ ဝါသနာမပါဘူး။ ကျွန်မ အပြင်ထွက်ပြီး မြို့ထဲမှာ လမ်းလျှောက်တယ်”

“တစ်ယောက်တည်းလား”

“ဟုတ်တယ်၊ တစ်ယောက်တည်းပဲ”

“လမ်းလျှောက်ရင်း ဘာလုပ်သလဲ”

“ဘာမှမလုပ်ဘူး။ လမ်းတွေပေါ် လျှောက်သွားတယ်။ ဆိုင်ပြတင်းပေါက်တွေ၊ လူတွေကို ငေးကြည့်တယ်။ ပြီးတော့ အိမ်ပြန်တယ်။ ကျွန်မတို့ ရုပ်ရှင်သွားရင် သွားတယ်။ မသွားရင် ရုပ်မြင်သံကြား ကြည့်တယ်”

"ဒါပေမဲ့ မင်းယောကျ်ားမှာ အလုပ်တစ်ခုခု ရှိရမယ်။ သူ့အလုပ်က လူတွေနဲ့ သိရမယ်"

"ကျွန်မ ယောကျ်ားမှာ ဘာအလုပ်မှ မရှိဘူး။ သူက မြေပိုင်ရှင် တစ်ယောက်ပဲ။ သူ့အဖေလိုပဲ တစ်ပတ်တစ်ကြိမ်လောက် နယ်ကို သွားတယ်။ အဲဒီမှာတော့ သူ့အသိတွေ ရှိတယ်။ ဒါပေမဲ့ ရောမမြို့မှာတော့ သူ ဘယ်သူ့ကိုမှ မသိဘူး"

နောက်ဆုံးတွင် လိုရင်ဇို သူ၏ မေးခွန်းများကို နိဂုံး ချုပ်သည့် အနေဖြင့်

"ဘယ်လို လူမျိုးတွေကို မင်းတို့ သိချင်သလဲ"

"ပေါင်းလို့သင်းလို့ ကောင်းမယ့် သူတွေပေါ့။ အေးအေးလူလူ အပန်းဖြေကြမယ်ပေါ့"

"အဲဒါက ဘာကိုပြောတာလဲ"

"အို... ထုံးစံ အတိုင်းပေါ့။ လမ်းလျှောက်ကြမယ်။ ရုပ်ရှင်သွားကြမယ်။ ညစာ ထွက်စားကြမယ်။ ဖဲရိုက်ချင် ရိုက်ကြမယ်။ ကျွန်မ ယောကျ်ားက ဖဲရိုက်တာ ဝါသနာပါတယ်"

"မင်း ယောကျ်ားက ဘယ်လိုပုံစံမျိုးလဲ"

"သူက လူငယ်ပဲ။ နည်းနည်းဝတယ်"

"အင်း... မိုက်မဲမှု တစ်ခုပဲ"

လိုရင်ဇို စိတ်ထဲမှာ တွေးလိုက်သည်။ ထို့နောက် အေးဆေးစွာ ပြောလိုက်သည်။

"တို့ကို ခွင့်လွှတ်ပါ။ တို့ကို မင်းတောင်းတဲ့ အကူအညီမျိုးက ကိုယ်ချစ်နေတဲ့ အမျိုးသမီး တစ်ယောက်၊ ဒါမှမဟုတ် ကိုယ်နဲ့ အင်မတန် ရင်းနှီးနေတဲ့ လူတစ်ယောက်ကိုသာ ပေးနိုင်တယ်။ အခုကိစ္စက တို့က ဘယ်အတွက် မင်းကို အကူအညီ ပေးရမှာလဲ။ တို့က ချစ်နေကြတာလည်း မဟုတ်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် သိရုံကလေးပဲ ရှိတယ်"

သူက ယခုလို ယတိပြတ်ကြီး ငြင်းလိမ့်မည်ဟု အမျိုးသမီးက ကြိုတွက်ထားဟန် မရှိပါ။ ယင်းအတွက် အမျိုးသမီးသည် မျက်လုံးကြီး အပြူးသားနှင့် ငြိမ်နေတော့သည်။ သူက စိတ်မကောင်းစွာနှင့်ပင် ဆက်ပြောသည်။

"မင်းက တို့အဖို့ သူစိမ်းတစ်ယောက်ပဲ။ တို့က မင်း ကို တို့အသိုင်းအဝိုင်းနဲ့ ဘယ်လိုလုပ်ပြီး မိတ်ဆက်ပေးရမှာလဲ"

"ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ အတွက်မှားတာ"

အမျိုးသမီးက ရုတ်တရက် ပြောလိုက်သည်။

"မင်း ဘာကို ဆိုလိုတာလဲ"

"ရှင့်မျက်နှာကို မဂ္ဂဇင်းမှာ တွေ့လိုက်ရတော့ ရှင် ဟာ သနားကြင်နာတတ်တဲ့ လူတစ်ယောက် ဖြစ်ပြီး ကျွန်မတောင်းတဲ့ အကူအညီကို ဘာမှ အလဲအလှယ် ပြန်မယူဘဲနဲ့ လုပ်ပေးမယ့်လူလို့ ထင်မိတယ်။ အဲဒါ ကျွန်မ မှားတာပဲ။ ကျွန်မ တောင်းပန်ပါတယ်"

အမျိုးသမီး ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

လိုရင်ဇိုက သူ့အတွေးကို ပြန်လည် ပြင်ဆင်လိုက် သည်။

"ဒါ... မိုက်မဲမှု တစ်ခုမဟုတ်ဘူး။ တကယ့် ရင်ခုန်စရာလေးတစ်ခု ဖြစ်နိုင်တယ်"

သို့ဖြင့် သူက

"ခဏ နေပါဦး။ တို့ဘာမှ မပြောရသေးဘူး။ ထိုင်ပါဦး။ တို့ စကား ပြောကြသေးတာပေါ့"

သို့သော် အမျိုးသမီးသည် ယခုအခါ စိတ်ပျက်အားလျော့သွားပြီး ပြဿနာကို အမြန်ဆုံး အပြီးသတ်ရန်သာ စိတ်စောနေပုံ ရသည်။

"ဟင့်အင်း၊ ကျွန်မ သွားပါရစေတော့"

အမျိုးသမီး တစ်ဖက်လှည့်ပြီး တံခါးပေါက်ဆီသို့ လျှောက်သွားသည်။ လိုရင်ဇို နောက်မှ လိုက်သွားသည်။

အပြင်သို့ ရောက်သောအခါ အမျိုးသမီး ခေတ္တမျှ တုံ့ဆိုင်းနေသည်။ လိုရင်ဇိုက ယင်းကို အခွင့်ကောင်းယူပြီး သူ့ကို မီအောင် လျှောက်သွားကာ

"အနည်းဆုံး မင်းကို အိမ်ပြန်ပို့ပါရစေ"

"အိမ်ကို မပို့နဲ့၊ အငှားဂိတ်ဆို တော်ပြီ"

"ဘာဖြစ်လို့လဲ။ မင်းကို တို့ အိမ်ပြန်ပို့ပေးနိုင်ပါတယ်"

"ဟင့်အင်း… ဟင့်အင်း… အိမ်ကို မပို့ပါနဲ့"

သို့တစေလည်း အမျိုးသမီးက အေးဆေးတည်ငြိမ်စွာပင် ကားပေါ်တက်လိုက်ပြီး လိုရင်ဇို၏ ဘေးတွင် ထိုင်လိုက်သည်။ သူ၏ ဂါဝန်ကြီးကို ခြေထောက်ပေါ်တွင် ဖြန့်တင်လိုက်သည်။ ကားက တောင်ကုန်းကို ရစ်ပတ်ပြီး ဆင်းသွားသောအခါ အမျိုးသမီးက ရုတ်တရက် မေးလိုက်သည်။

"ခုတ်ပုံထဲမှာ ရှင်နဲ့တွဲပြီး ကနေတဲ့ မိန်းကလေးက ဘယ်သူလဲ။ ရှင့်ရည်းစားလား"

"တို့မှာ ရည်းစား မရှိဘူး။ သူက တစ်ယောက် ယောက်ပဲပေါ့"

"မဟုတ်ဘူး။ သူက တစ်ယောက်ယောက် ဆိုတာ တော့ မဖြစ်နိုင်ဘူး"

အမျိုးသမီးက မနာလို ဟန်မျိုးဖြင့် ပြောသည်။

"ရှင်တို့ ကနေတဲ့ ပုံစံကြောင့်ပဲ"

"ဘယ်ပုံစံလဲ"

"ပါးချင်း ကပ်ထားကြတယ်"

ထိုအချိန်တွင် သူတို့ အငှားကားဂိတ်သို့ ရောက်ရှိသွားကြသည်။

"ဟော… ရောက်ပြီ။ ကျွန်မ ဆင်းမယ်"

လိုရင်ဇို ဘာမျှ မတတ်နိုင်တော့ဘဲ ကားကို ရပ်ပြီး တံခါးကို ဖွင့်ပေးလိုက်သည်။ ထိုအခါတွင် ယခုကိစ္စသည် အမှန်တကယ် ရင်ခုန်စရာ ဖြစ်သည်ဟု လိုရင်ဇို တွေးလိုက်မိပြန်သည်။ သို့သော် ဤအတွေးသည် မိုက်မဲသော အတွေးတစ်ခုမှန်း သူသတိပြုမိသဖြင့် အတွေးကို ပြင်လိုက်သည်။

"ဒါဟာ မိုက်မဲမှု တစ်ခုပဲ"

It was an adventure

■

သိပ်မစဉ်းစားပါနှင့်

အဂ္ဂနစ် အနေနှင့် ယခုလို ဘာတစ်ခုမျှ မပြောဘဲနှင့် ဖြုန်းစားကြီး ထွက်သွားမယ့်အစား ကျွန်တော့်ကို တစ်ခုခုတော့ ကြိုပြောဖို့ ကောင်းတယ်။ ကျွန်တော်ဟာ စင်းလုံးချောလို့ မပြောပါဘူး။ သူ့အနေနှင့် ဘာလိုအပ်တယ် ဆိုတာ ကျွန်တော့်ကို ပြောခဲ့ရင် အဲဒီကိစ္စကို ကျွန်တော်တို့ ဆွေးနွေးနိုင်ကြတာပေါ့။ အခုတော့ ဘာဆို ဘာမှကို မပြောခဲ့ဘူး။ ကျွန်တော်တို့ အိမ်ထောင်သက် နှစ်နှစ်ရှိ သွားပြီ။ ဘာတစ်ခွန်းမှ မပြောခဲ့ဘူး။ အဲဒီလိုနဲ့ တစ်မနက်မှာတော့ ကျွန်တော် မရှိတဲ့ အချိန်မှာ အခွင့်ကောင်းယူပြီး သူ လစ်ထွက်သွားတာပဲ။ ပိုကောင်းတဲ့ နေရာတစ်ခု တွေ့လို့ ထွက်သွားတဲ့ အိမ်ဖော်မကလေး တစ်ယောက်လိုပဲ။

အဲဒီနေ့ မနက်ကတော့ အရပ်ထဲက ဈေးကလေးမှာ ကျွန်တော် ဈေးဝယ်ပြီးနောက် (ကျွန်တော်က ဈေးကို ကိုယ်တိုင် ဝယ်ချင်တယ်။ ဈေးနှုန်းတွေကို ကျွန်တော်သိတယ်။ ကျွန်တော် ဘာလိုချင်တယ် ဆိုတာ ကျွန်တော် သိတယ်။ ကျွန်တော် ကြိုက်တာကို ရွေးတယ်။ ကျွန်တော် လိုချင်တဲ့ ဈေးကို ဆစ်တယ်။ ကျွန်တော်ဝယ်တဲ့ အမဲသားဟာ ဘယ်လို နွားကဆိုတာ သိချင်တယ်။ ကျွန်တော်ဝယ်တဲ့ ပန်းသီးဟာ ဘယ်ခြင်းထဲက ဆိုတာ သိချင်တယ်။) ထမင်းစားခန်းထဲက ကန့်လန့်ကာမှာ တပ်ဖို့ အမြိတ်တစ်ကိုက်ခွဲ ဝယ်ရအောင် တစ်ခေါက် ပြန်ထွက်သွားတယ်။ သည့်အတွက် ကျွန်တော်က လိုအပ်တာထက် ပိုပြီး အကုန်မခံချင်တဲ့အတွက် ကျွန်တော်နဲ့ အံကျမယ့် ပစ္စည်းရတဲ့အထိ ဈေးတွေ အများကြီးမှာ လျှောက်ရှာခဲ့ရတယ်။ နောက်ဆုံးကျမှ ဒဲလ်ယူမီတာလမ်းက ဆိုင်ကလေး တစ်ဆိုင်မှာ ရခဲ့တယ်။ ကျွန်တော် အိမ်ပြန်ရောက်တော့ ဆယ့်တစ်နာရီနဲ့ မိနစ်နှစ်ဆယ်လောက် ရှိနေပြီ။ ကျွန်တော် ထမင်းစားခန်းထဲ ဝင်သွားပြီး ကန့်လန့်ကာအရောင်နှင့် အမြိတ်အရောင် လိုက်မလိုက် တိုက်ကြည့်ဖို့ လုပ်တဲ့အချိန်မှာပဲ စားပွဲပေါ်မှာ မင်အိုး၊ မင်တံခွက်ရယ်၊ ကလောင်တံရောင်၊ စာတစ်စောင်ရယ်ကို ဖြုန်းခနဲ တွေ့လိုက်ရတယ်။

အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော့်အနေနဲ့ အရင်ဆုံး သတိထားလိုက်မိတာက စားပွဲခင်းမှာ မင် တစ်စက်စွန်းနေတာပဲ။

"ဒီ မိန်းမ တော်တော် ကရော်ကမယ်နိုင်တာပဲ။ စားပွဲခင်းမှာ စွန်းကုန်ပြီ"

မင်အိုး၊ မင်တံခွက်ရယ်၊ ကလောင်တံရယ်၊ စာရယ်လို့ ကျွန်တော် ဖယ်လိုက်ပြီး စားပွဲခင်းကို ယူလိုက်တယ်။ ပြီးတော့ မီးဖိုထဲသို့ သွားပြီး

သံပရာခြမ်းနှင့် နာနာတိုက်ပြီး အစွန်းကို ချွတ်ပစ်ရတယ်။ ပြီးတော့မှ ထမင်းစားခန်းကို ပြန်ပြီး စားပွဲကို ခင်းရတယ်။ နောက်ပြီးတော့မှာ စာကို ကျွန်တော် သတိရတယ်။ စာက ကျွန်တော့်ဆီကို လိပ်မူထားတယ်။ အယ်လ်ဖရီဒို တဲ့။ စာအိတ်ကို ဖွင့်ပြီး ကျွန်တော် ဖတ်လိုက်တယ်။

"ဗာဟီရတွေ ကျွန်မလုပ်ခဲ့ပြီ။ မနက်စာတော့ အစ်ကို့ဘာသာ ချက်စားတော့။ အစ်ကို လုပ်နေကျပဲ။ နှုတ်ဆက်ခဲ့ပါတယ်။ ကျွန်မ အမေ့ဆီကို ပြန်ပြီ၊ အဂ္ဂနစ်"

ပထမတော့ ကျွန်တော် နားမလည်ပါ။ ဒါနဲ့ စာကို နောက်တစ်ခေါက် ပြန်ဖတ်ရတယ်။ အဲဒီတော့မှ ကျွန်တော် သဘောပေါက်လာတယ်။ အဂ္ဂနစ် ထွက်သွားပြီ။ အိမ်ထောင်သက် နှစ်နှစ်အကြာမှာ ကျွန်တော့်ကို ပစ်သွားပြီ။ ကျွန်တော့်ရဲ့ အကျင့်အတိုင်း စာကို ပြေစာတွေနဲ့ ပေးစာတွေ ထည့် ထားတဲ့ ဗီရိုအံဆွဲထဲမှာ ထည့်ထားလိုက်တယ်။ ပြီးတော့မှ ပြတင်းပေါက်ဘေးက ကုလားထိုင်မှာ ကျွန်တော် ထိုင်ချလိုက်တယ်။ ဘယ်လို စဉ်းစားရမှန်းကို မသိတော့ဘူး။ ကျွန်တော့်အနေနဲ့ ဘယ်လိုမှ မထင်မှတ်ခဲ့တာပဲ။ ဘယ်လိုမှ မယုံကြည်တာပဲ။ အဲဒီလို စဉ်းစားနေတုန်းမှာ ကြမ်းပေါ်က ကြက်မွေးတစ်ခုပေါ်ကို ကျွန်တော့်မျက်စိ ရောက်သွားသည်။ ကြက်မွေးတံက ကျွတ်ထွက်သွားတဲ့ ကြက်မွေးတစ်ခုပဲ။ အဂ္ဂနစ် ဖုန်သုတ်တုန်းက လွင့်ကျခဲ့တာပဲ။ ကြက်မွေးကို ကျွန်တော် ကောက်ပြီး ပြတင်းပေါက်ကို ဖွင့်ပြီး လွှင့်ပစ်လိုက်တယ်။ ပြီးတော့ ကျွန်တော့် ဦးထုပ်ကို ယူပြီး အပြင်ကို ထွက်ခဲ့တယ်။

ကျွန်တော် လမ်းလျှောက်သွားနေရင်း အရိုးစွဲနေတဲ့ ကျွန်တော်ရဲ့ အကျင့်အတိုင်း စကြ်နကျောက်တုံးများကို တစ်တုံးခြား နင်းလျှောက်သွားနေရင်း ကျွန်တော့်ကိုကျွန်တော် မေးမိတယ်။ သူ့အနေနဲ့ ကျွန်တော့်ကို တမင် စော်ကားတဲ့အနေနဲ့ အခုလို စိမ်းစိမ်းကားကား ထွက်သွားရအောင် အဂ္ဂနစ်အပေါ် ငါ ဘာတွေများ လုပ်မိလို့လဲ။ ပထမဆုံးအနေနှင့် ကျွန်တော် စဉ်းစားသည်မှာ ကျွန်တော့်အနေနှင့် သူ့အပေါ် ဘာတစ်ခုများ သစ္စာမရှိတာ နည်းနည်းကလေးမှ ဖြစ်စေ လုပ်မိလို့လား။ ကျွန်တော် ချက်ချင်း အဖြေပေးလိုက်တယ်။ ဘာတစ်ခုမှ မလုပ်ပါ။ အမှန်ပြောရရင် ကျွန်တော်ဟာ ဘယ်တုန်းကမှ အမျိုးသမီးတွေအပေါ် စိတ်မဝင်စားခဲ့ပါ။ သူတို့ကို ကျွန်တော် နားမလည်ပါ။ သူတို့ကလည်း ကျွန်တော့်ကို နားမလည်ကြပါ။ ကျွန်တော် လက်ထပ်တဲ့ နေ့ကစပြီး ကျွန်တော့်အဖို့ သူတို့ မရှိတော့ပါ။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အဂ္ဂနစ် ကိုယ်တိုင်လည်း ကျွန်တော့်ကို မကြာမကြာ မေးလေ့ရှိတယ်။ "အခု အစ်ကို တခြားမိန်းကလေး တစ်ယောက်ကို ချစ်နေရင် ဘယ်နှယ့် လုပ်မလဲ" ကျွန်တော်က ပြန်ဖြေတယ်။ "အဲဒါ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မင်းကို ငါချစ်တယ်။ အဲဒါ ငါ့ဘဝ တစ်လျှောက်လုံး တည်ရှိနေမယ်"

ဆိုတာကို အဂ္ဂနစ် ယုံကြည်ပုံ မရဘူး။ ဒါတင်မကဘူး။ ဆန့်ကျင်ဘက်တောင် ဖြစ်သွားသေးတယ်။ မျက်နှာရှစ်ခေါက်ချိုးနဲ့ တုံဏှိဘာဝကြီး ဖြစ်သွားတယ်။

စောစောပိုင်းကနဲ့ လုံးဝမတူတဲ့ အတွေးတွေ ခေါင်းထဲ ဝင်လာတဲ့အခါမှာ အဂ္ဂနစ်ဟာ ကျွန်တော့်ကို ပစ်သွားတာ ပိုက်ဆံကြောင့်လား၊ ဒါမှမဟုတ် သူ့အပေါ် ကျွန်တော် ဆက်ဆံပုံတွေကြောင့်လား ဆိုတာကို ကျွန်တော် သိချင်လာတော့တယ်။ ဒါပေမဲ့ ဒီနေရာမှာလည်း ကျွန်တော် လိပ်ပြာသန့်တယ်။ ပိုက်ဆံနဲ့ ပတ်သက်လာရင် တချို့ ခြွင်းချက်ကိစ္စကလေးတွေက လွဲလို့ သူ့ကို ကျွန်တော် တစ်ပြားမှ ပေးမထားတော့တာ အမှန်ပဲ။ ဒါပေမဲ့ ပိုက်ဆံက သူ့အတွက် ဘာလုပ်စရာလဲ။ ကျွန်တော် အမြဲတမ်း အဆင်သင့် ရှိနေတယ်။ ဘာအတွက်မဆို ပေးဖို့ ကျွန်တော်က အဆင့်သင့် ဖြစ်နေတယ်။ နောက်ပြီးတော့ သူ့အပေါ် ဆက်ဆံရာမှာလည်း ကျွန်တော့်ဘက်က ဘာမှ လိုအပ်တာ မရှိဘူး။ ဒါကို စဉ်းစားကြည့်နိုင်ပါတယ်။ တစ်ပတ်ကို ရုပ်ရှင် နှစ်ခါပြတယ်။ ကဖေးဆိုင်ကိုလည်း တစ်ပတ်နှစ်ကြိမ် သွားတယ်။ အဲဒီမှာ သူ ရေခဲမုန့်ပဲ စားစား။ ကော်ဖီပဲ သောက်သောက် ရတယ်။ တစ်လမှာ ရုပ်စုံမဂ္ဂဇင်း နှစ်စောင်ဝယ်ပေးတယ်။ သတင်းစာ နေ့တိုင်းယူတယ်။ ဆောင်းတွင်းမှာဆိုင်ရင် အော်ပရာပွဲကို သွားတယ်။ နွေမှာဆိုရင် မာရီနိုမြို့က ကျွန်တော့်အဖေအိမ်ကို အနားယူ ခရီးသွားတယ်။ ကဲ... ဘာလိုသေးလဲ။ အပန်းဖြေစရာတွေ အပြည့်ပဲ။

နောက်ပြီးတော့ အဝတ်အစားကိစ္စ ပြောဦးမလား။ အဂ္ဂနစ်အနေနဲ့ ဘာမှ မကျေနပ်စရာ မရှိဘူး။ သူ့အနေနဲ့ တစ်ခုခု လိုချင်တယ်ဆိုရင် ဘရာစီယာပဲ ဖြစ်ဖြစ်၊ ခြေအိတ် ပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် လက်ကိုင်ပဝါပဲ ဖြစ်ဖြစ်၊ ကျွန်တော် က အမြဲတမ်း အဆင်သင့်ပဲ။ ဈေးဆိုင်တွေကို သူနဲ့အတူ ကျွန်တော် လိုက်သွားတယ်။ ကျွန်တော်က သူ့ကို ကူပြီး ရွေးပေးတယ်။ နောက်ပြီးတော့ ဘာမှ ပြဿနာမတက်ဘဲ ကျသင့်တာကို ပေးလိုက်တယ်။

“ကျွန်မ ဦးထုပ်တစ်လုံး လိုချင်တယ်”

“ကျွန်မ အဝတ်တစ်စုံ လိုချင်တယ်” လို့ ပြောလာတိုင်း ကျွန်တော်က ဘာမှ အထူးအထွေ ပြောမနေဘဲ “လာ... သွားကြမယ်။ ကိုယ်မင်းနဲ့ လိုက်ခဲ့မယ်” လို့ ပြန်ပြောခဲ့တာချည်းပဲ။

နောက်ပြီး ပြောရလို့ရှိရင် အဂ္ဂနစ်ဟာ ဘာမှ သိပ်ပြီး တပ်တပ်မက်မက် မရှိလှဘူး။ တစ်နှစ်လောက် ရှိသွားတဲ့အခါမှာ သူဟာ အဝတ်အစားဝယ်တဲ့ အလုပ်ကို မလုပ်တော့ဘူး။ အမှန်အတိုင်း ပြောရရင် ကျွန်တော့်ဘာသာ သူ့ကို ဘယ်အဝတ်အစား လိုနေတယ်ဆိုတာ သတိပေးနေရတယ်။ အဲဒီမှာလည်း သူက အဲဒီဥစ္စာကို မနှစ်က ဝယ်ထားပြီးပြီပဲ၊ မလိုတော့ပါဘူးလို့ ပြန်ပြောလေ့ရှိတယ်၊

အဲဒါကြောင့် နောက်ဆုံးမှာ ကျွန်တော် တွက်မိတာက ဒီ အခြေအနေတွေအရ ပြောရရင် အဂ္ဂနစ်ဟာ တခြားအမျိုးသမီးတွေနဲ့ မတူဘူးလို့ ပြောရမယ်။ သူ့မှာ အဝတ်အစား ကောင်းကောင်း ဝတ်ချင်ပုံ မရှိဘူး။

အဲဒီတော့ နှလုံးသား ပြဿနာလည်း မရှိဘူး။ ငွေကြေး ပြဿနာလည်း မရှိဘူး။ အဲဒီတော့ "သဘောထား မတိုက်ဆိုင်ခြင်း" ဆိုတဲ့ ရှေ့နေတွေ ပြောတဲ့ စကားပဲ ရှိတော့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ သဘောထား မတိုက်ဆိုင်တာ ဘာများ ရှိနိုင်မလဲလို့ ကျွန်တော့်ကိုယ်ကျွန်တော် မေးမိတယ်။ အိမ်ထောင်သက် နှစ်နှစ်အတွင်းမှာ ဘာတစ်ခုမှ အငြင်းပွားခဲ့ကြတာ မရှိဘူး။ တစ်ခုဆို တစ်ခုမှ မရှိခဲ့ဘူး။ ကျွန်တော်တို့က အမြဲတမ်းလိုပဲ စိတ်တူ သဘောတူ ရှိခဲ့ကြတယ်။ တကယ်လို့ သဘောထား မတိုက်ဆိုင်မှုတွေ ရှိနေတယ် ဆိုရင်လည်း ပေါ်လွင်လာရမှာပဲ။ ဒါပေမယ့် အဂ္ဂနစ်က ဘယ်တုန်းကမှ ကျွန်တော်နဲ့ အငြင်းအခုံ မလုပ်ခဲ့ဘူး။ တကယ်တမ်း ပြောရရင်တော့ သူဟာ ဘာစကားဆို ဘာစကားမှ မပြောခဲ့ဘူး။ ကျွန်တော်တို့ အိမ်မှာပဲနေနေ၊ ကဖေးဆိုင်မှာပဲ ထိုင်ထိုင် အဂ္ဂနစ်ဟာ ပါးစပ်တောင် မဟခဲ့ဘူး။ စကားပြောရတာက ကျွန်တော်ပဲ ဖြစ်တယ်။

ကျွန်တော် မငြင်းပါဘူး။ ကျွန်တော်က စကားပြောရတာကို သဘောကျတယ်။ ကိုယ့်စကားကိုယ် ပြန်နားထောင်ရတာ ပိုသဘောကျတယ်။ အထူးသဖြင့် ကျွန်တော်နဲ့ ရင်းနှီးကျွမ်းဝင်တဲ့ လူမျိုးနဲ့အတူ နေရတဲ့ အခါမျိုးမှာပေါ့။ ကျွန်တော့် စကားပြောနည်းက ငြင်သာတယ်။ အသံ အတက်အကျ မရှိဘူး။ ကျိုးကြောင်း ဆီလျော် တယ်။ အပြတ်အတောက် မရှိဘူး။ တကယ်လို့ ကျွန်တော် အရာတစ်ခုကို ပြောဆို တိုက်ခိုက်တော့မယ် ဆိုရင်လည်း တစ်ခါတည်း ချေမွပစ်လိုက်တယ်။ ထိပ်ကနေ အောက်ခြေအထိပဲ။

ကျွန်တော် စိတ်ဝင်စားတဲ့ အကြောင်းအရာတွေကလည်း အိမ်မှုကိစ္စက အစပဲ။ ကုန်စျေးနှုန်းအကြောင်း၊ ပရိဘောဂတွေ၊ အခင်းအကျင်း၊ ချက်ရေးပြုတ်ရေး၊ အပူပေးစနစ်၊ အသေးအဖွဲ ကိစ္စလေးတွေဆို ဘာမဆိုပဲ။ ဒီအကြောင်းတွေသာ ပြောနေရလို့ရှိရင် ကျွန်တော့်မှာ ဘယ်တော့မှာ မောတယ်လို့ကို မရှိဘူး။ အဲဒီအကြောင်းတွေ ပြောရတာ ကျွန်တော် သိပ်သဘောကျတယ်။ ပြောပြီးသားတွေလည်း "က" ကြီးကနေ "အ" အထိ ပြန်ပြောတတ်တယ်။

ကဲ... ပြောပါဦး။ ဒါတွေဟာ မိန်းမတစ်ယောက်နဲ့ ပြောဖို့အကောင်းဆုံး အကြောင်းအရာတွေပဲ မဟုတ်လား။ တခြား ဘာပြောစရာ အကြောင်းတွေ ရှိဦးမှာလဲ။ အဂ္ဂနစ်ကလည်း ကျွန်တော်ပြောသမျှကို အာရုံစိုက်ပြီး နားထောင်နေတတ်တယ်။ အဲဒီလိုပဲ ကျွန်တော် ထင်တာပဲလေ။ တစ်ခါပဲ ရေအပူပေး လျှပ်စစ်ကိရိယာအကြောင်း ကျွန်တော် ပြောနေတုန်း သူအိပ်ပျော်သွားတာ ရှိဖူးတယ်။ အဲဒီတော့ ကျွန်တော်က သူ့ကို နိူးပြီး မေးတယ်။

"ဘာလဲ၊ ညီမ ပျင်းသွားလို့လား"

"အို… မဟုတ်ပါဘူး။ ကျွန်မ ပင်ပန်းနေလို့ပါ။ ညက အိပ်လို့ သိပ်မကောင်းဘူး"

ယောက်ျားတွေဟာ များသောအားဖြင့် ရုံး သို့မဟုတ် အလုပ်ကို သွားမယ်၊ သို့မဟုတ် ဘာမှလုပ်စရာ မရှိလျှင် အပေါင်းအသင်းတွေနှင့် သွားမယ်။ သို့သော် ကျွန်တော်ကတော့ တစ်မျိုးဖြစ်တယ်။ အဂ္ဂနစ်ဟာ ကျွန်တော်၏ရုံး၊ ကျွန်တော်၏ စာအုပ်၊ ကျွန်တော်၏ အပေါင်းအသင်းများသာ ဖြစ်ပါတယ်။ ကျွန်တော်က သူ့ကို ခဏတဖြုတ် ကလေးတောင် တစ်ယောက်တည်း မထားပါ။ ကျွန်တော်က သူ့ဘေးမှာ အမြဲရှိနေခဲ့တယ်။ သူများတွေကတော့ အံ့သြချင် အံ့သြမယ်။ ထမင်းဟင်းချက်တဲ့ အချိန်မှာတော့ သူ့အနားမှာ ကျွန်တော် ရှိနေခဲ့တယ်။ ကျွန်တော်က ချက်ရ ပြုတ်ရတာကို ဝါသနာပါတယ်။ ကျွန်တော်က အပေခံအဝတ်ကို ခါးမှာစည်းပြီး အဂ္ဂနစ်ကို မီးဖိုထဲမှာ ကူလုပ်ပေးတယ်။ ကျွန်တော်က အကုန်လုပ်တယ်။ အာလူးအခွံ နွှာတယ်။ ဗိုလ်စားပဲသီး လှီးတယ်။ ဟင်းအိုး ပြင်ပေးတယ်။ ဟင်းအိုးကို စောင့်ပြီး တည်တယ်။

ကျွန်တော်က သူ့ကို သေသေချာချာ ကူညီတတ်တဲ့အတွက် သူက မကြာမကြာ ပြောတတ်တယ်။

"ဒီမှာ အစ်ကို၊ အစ်ကိုပဲ လုပ်လိုက်ပါတော့။ ညီမ ခေါင်းကိုက်လို့ ခဏ သွားလှဲလိုက်ဦးမယ်"

ထိုအခါများတွင် ချက်ပြုတ်မှု အားလုံးကို ကျွန်တော်ကိုယ်တိုင် လုပ်တယ်။ ချက်နည်းပြုတ်နည်း စာအုပ်ရဲ့ အကူအညီနဲ့ ဖြစ်ပါတယ်။ ကျွန်တော်က ဟင်းလျာသစ်များကိုတောင် ဖန်တီးနိုင်ပါတယ်။ အဂ္ဂနစ်အနေနဲ့ အစားအသောက် နည်းတာက သနားစရာ အမှန်ဖြစ်တယ်။ နောက်ပိုင်းမှာ သူ့ ခံတွင်းမကောင်း ဖြစ်လာတယ်။

တစ်ခါတော့ သူက ကျွန်တော့်ကို နောက်သလို ရွတ်သလို ပြောပါတယ်။

"အစ်ကိုက ယောက်ျားတစ်ယောက် အနေနဲ့ မွေးလာတာမှားတယ်။ အစ်ကိုက တကယ့် မိန်းမတစ်ယောက်ပဲ။ အိမ်ရှင်မ တစ်ယောက်ပဲ။ တကယ်ပါပဲ"

သူပြောတာကို ထိုက်သလောက် မှန်ကန်ကြောင်း ကျွန်တော်ဝန်ခံပါတယ်။ ကျွန်တော် အချက်အပြုတ်အပြင် လျှော်တာ ဖွတ်တာ၊ မီးပူတိုက်တာ၊ အဝတ်ချုပ်တာတွေကို ဝါသနာပါတယ်။ အားနေတဲ့ အချိန်မျိုးဆိုရင် လက်ကိုင်ပဝါတွေကို အနားပြန်ကွပ်တယ်။

ကျွန်တော် ပြောခဲ့သည့် အတိုင်းပင်၊ ကျွန်တော် သူ့ကို ဘယ်တော့မှ ပစ်မထားပါ။ သူ့ သူငယ်ချင်းတစ်ယောက် လာတဲ့အခါမျိုး၊ သူ့အမေ လာလည်တဲ့ အခါမျိုးမှာတောင် သူ့အပါးက ကျွန်တော် မခွာခဲ့ဘူး။ သူ အင်္ဂလိပ်စာသင်တဲ့ အခါမှာလည်း အင်မတန်ခက်တဲ့ အဲဒီဘာသာကို ကျွန်တော် လိုက်သင်တယ်။ ကျွန်တော့်အနေနှင့် ဘယ်လောက် ရှုံးသနည်းဆိုင်လျှင် ကဖေးဆိုင်တစ်ဆိုင်မှာ သူ တိုးတိုးကလေး ပြောလိုက်တာကို ကျွန်တော် မကြားလိုက်ဘဲ သူထွက်သွားရာကို လိုက်သွားမိတယ်။ အိမ်သာစောင့်က အမျိုးသမီးအိမ်သာလို့ ပြောတော့မှ ကျွန်တော် နေရစ်ရတော့တယ်။

အမှန်ပါပဲ၊ ကျွန်တော့်လို လင်ယောကျ်ားမျိုး ဘယ်မှာမှ ရှာမတွေ့နိုင်ပါ။ "ကျွန်မ တစ်နေရာ သွားစရာ ရှိတယ်။ လူတစ်ယောက်နဲ့ တွေ့စရာရှိတယ်။ အဲဒီလူကို အစ်ကို စိတ်ဝင်စားမှာ မဟုတ်ဘူး" လို့ သူက ပြောလာတဲ့ အခါမျိုးမှာတောင် ကျွန်တော်က ပြန်ပြောမိတယ်။

"အို… ဘာပဲဖြစ်ဖြစ် အစ်ကို လိုက်ခဲ့ပါမယ်။ အစ်ကို့မှာ တခြား ဘာလုပ်စရာမှ မရှိပါဘူး"

"အင်းလေ ကိုယ်လိုက်ချင်လည်း လိုက်ခဲ့ပေါ့။ ဒါပေမဲ့ အစ်ကို ပျင်းနေမှာပဲ"

ကျွန်တော် နည်းနည်းကလေးမှ မပျင်းပါ။ ယင်းကြောင့်ပင်

"တွေ့လား၊ အစ်ကို မပျင်းဘူး"

အမှန်ပါပဲ၊ ကျွန်တော်တို့ နှစ်ယောက်ကို ခွဲခွာလို့ မရနိုင်ပါဘူး။

သည်အချက်တွေကို ပြန်စဉ်းစားမိတော့ အဂ္ဂနစ် ကျွန်တော့်ကို ဘာဖြစ်လို့ ပစ်သွားသည် ဆိုသည်ကို ဘယ်လိုမှ စဉ်းစား၍ မရနိုင်ပါ။ ယင်းသို့ဖြင့် ကျွန်တော့်အဖေ၏ ဆိုင်သို့ ရောက်ရှိသွားပါတယ်။ အဖေ၏ဆိုင်မှာ ဘာသာရေးဆိုင်ရာ အထွတ်အမြတ် ပစ္စည်းများ ရောင်းချပြီး ပီယက်ဇာ မီနာဗာ ရင်ပြင်အနီးမှာ ရှိပါတယ်။

အဖေက ယခုတိုင် နုပျိုဆဲ ဖြစ်တယ်။ ဆံပင်နက်နက် တောက်တောက်၊ နှုတ်ခမ်းမွေး နက်နက်မည်းမည်း၊ ယင်း နှုတ်ခမ်းမွေး အောက်တွင်တော့ ကျွန်တော် ဘယ်တော့မှ နားမလည်နိုင်သော အပြုံးတစ်ခု ရှိနေတယ်။ ဘုန်းကြီးများ ဘာသာရေး ကိုင်းရှိုင်းသူများနှင့် အမြဲ ဆက်ဆံနေ၍ပဲလား မသိ၊ အဖေ အင်မတန် သိမ်မွေ့ နူးညံ့တယ်။ အလွန်တရာ ယဉ်ကျေး သိမ်မွေ့တယ်။ သို့သော် အဖေ့အကြောင်း ကောင်းကောင်းသိသော အမေကမူ အဖေသည် အတွင်းစိတ်များကို အမြဲတမ်း ဖုံးကွယ်ထားတတ်တယ် လို့ ဆိုတယ်။

ဘုန်းကြီး ဝတ်စုံများ၊ ဘုရားရေတကောင်းများဖြင့် ပြည့်နေသော မှန်ဗီရိုများ ဖြတ်ကျော်ပြီး အတွင်းပိုင်းရှိ အဖေ၏ ရုံးခန်းသို့ ကျွန်တော် ဝင်သွားတယ်။ ထုံးစံအတိုင်းပင် အဖေက သူ၏ နှုတ်ခမ်းမွေးများကို သပ်ကာ စာရင်းတွက်နေတယ်။

ကျွန်တော်က မောကြီးပန်းကြီးနှင့်

"ဖေဖေ၊ အဂ္ဂနစ် ကျွန်တော့ကို ပစ်သွားပြီ"

ကျွန်တော်က ဇာတ်လမ်း အစအဆုံးတိုင် ပြောပြ တယ်။ ထို့နောက် နိဂုံးချုပ်အနေဖြင့်

"အမှန်ပဲ ဒီကိစ္စ ကျွန်တော် တော်တော် ခေါင်းရှုပ် နေတယ်။ ဒါပေမယ့် ကျွန်တော် အသိချင်ဆုံး အဖြေက သူ ဘာဖြစ်လို့ ကျွန်တော့်ကို ပစ်သွားသလဲဆိုတာပဲ"

"မင်း မသိဘူးလား"

သူ စိတ်ရှုပ်ထွေးဟန်ဖြင့် မေးတယ်။

"ဟင်အင်း…"

သူ အတန်ကြာ တိတ်ဆိတ်နေပြီးနောက် သက်ပြင်းတစ်ချက်ချကာ

"အယ်လ်ဖရက်ဒို ငါ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ မင်းကို ငါ ဘာပြောရမှန်း မသိဘူး။ မင်းဟာ ငါ့သားပဲ။ မင်းကို ငါ ထောက်ခံတယ်။ မင်းကို ငါ သိပ်ချစ်တယ်။ ဒါပေမဲ့ မင်းမိန်းမ အဲဒါကတော့ မင်းကိစ္စပဲ"

"ဟုတ်ပါတယ်။ ဒါပေမဲ့ သူ ဘာဖြစ်လို့ ကျွန်တော့်ကို ပစ်သွားသလဲ"

အဖေ ခေါင်းကို ယမ်းခါပြီး

"ငါ့သာ မင်းနေရာမှာဆိုရင် ငါ သိပ်ပြီး လေးလေးနက်နက် စဉ်းစားမှာ မဟုတ်ဘူး။ ဒီကိစ္စကို မေ့ထားလိုက်ပါ။ မင်းအနေနဲ့ ဘာဖြစ်လို့ အကြောင်းရင်းကို သိချင်နေရတာလဲ"

"ကျွန်တော့်အဖို့ သိပ်အရေးကြီးတယ်။ တခြားကိစ္စတွေ အားလုံးထက် အရေးကြီးတယ်"

ထိုအချိန်တွင် ဘုန်းကြီးနှစ်ပါး ဝင်ရောက်လာပါတယ်။ အဖေက ထိုင်ရာမှ ထပြီး ဘုန်းကြီးများထံ လျှောက်သွားတယ်။ ကျွန်တော့်ကို လှည့်ပြောတယ်။

“နောက်မှ လာခဲ့ဦး။ အဲဒီတော့ တို့ ပြောကြသေးတာပေါ့။ အခုတော့ ငါ အလုပ်များနေတယ်”

အဖေ့ထံမှ နောက်ထပ် ဘာမှ မျှော်လင့်စရာ မရှိကြောင်း ကျွန်တော် သဘောပေါက်သဖြင့် ဆိုင်မှ ထွက်ခဲ့ပါတယ်။

အဂ္ဂနစ် အမေအိမ်က သိပ်မဝေးပါ။ ကော်ဆိုဗစ်တိုရီယိုမှာ ဖြစ်တယ်။ အဂ္ဂနစ် ဘာဖြစ်လို့ အိမ်က ထွက်သွားသည်ကို ရှင်းပြနိုင်မည့်သူမှာ အဂ္ဂနစ် ကိုယ်တိုင်သာ ဖြစ်ကြောင်း ကျွန်တော် စဉ်းစားမိတယ်။ ဒါကြောင့် ကျွန်တော် သူတို့ရှိရာကို သွားတယ်။ လှေကားကို ကျွန်တော် ပြေးတက်သွားပြီး ဧည့်ခန်းထဲသို့ ဝင်သွားတယ်။

သို့သော် အဂ္ဂနစ်အစား သူ့အမေသာ ထွက်လာပါ တယ်။ သူက ဆိုင်ပိုင်ရှင် တစ်ဦးဖြစ်တယ်။ ကျွန်တော် ဘယ်လိုမှ ကြည့်မရသော အမျိုးသမီးကြီးတစ်ယောက် ဖြစ်တယ်။ ဆံပင်က ဆေးအနက် ဆိုးထားတယ်။ ပါးနှစ်ဖက်က ရဲရဲနီနေတယ်။ သူ့အပြုံးက တမင် လုပ်ထားသော အပြုံးဖြစ်တယ်။ သူက ဂါဝန်ရှည်ကြီးကို ဝတ်ထားတယ်။ ရင်ဘတ်မှာ နှင်းဆီတစ်ပွင့် ထိုးထားတယ်။ ကျွန်တော့်ကို မြင်သောအခါ သူက ဟန်ဆောင်သော ဖော်ရွေမှုဖြင့်

“အို… အယ်လ်ဖရက်ဒိုပါလား၊ ဘာကိစ္စများပါလိမ့်”

“ကျွန်တော် ဘာဖြစ်လာတယ်ဆိုတာ အမေ သိပါ တယ်။ အဂ္ဂနစ် ကျွန်တော့်ကို ပစ်သွားတယ်”

“အင်း… ဟုတ်တယ်။ သူ ဒီမှာ ရောက်နေတယ်”

သူက တည်ငြိမ်စွာ ပြောတယ်။

“ဒီမယ် ကလေး၊ ဒီကိစ္စ ဘာလုပ်စရာ ရှိသေးသလဲ။ ဒီကိစ္စက ဖြစ်ပြီးနေပြီပဲ”

“ဘာပြောတယ်၊ အမေပေးနိုင်တဲ့ အဖြေက ဒါပဲလား”

သူက အတန်ကြာ ကျွန်တော့်ကို အာရုံစိုက် ကြည့် နေပြီးနောက်

“မင်း မိဘတွေကို ဒီအကြောင်း ပြောပြပြီးပြီလား”

“အင်း အဖေ့ကို ပြောပြပြီးပြီ”

“သူက ဘာပြောလဲ”

ကျွန်တော့်အဖေက ဘာပြောတယ်ဆိုတာ သူနဲ့ ဘာဆိုင်သလဲ။ ကျွန်တော်က မပြောချင် ပြောချင်ဖြင့် –

"ကျွန်တော့အဖေအကြောင်း အမေသိပါတယ်။ သူက သိပ်မစဉ်းစားပါနဲ့လို့ ပြောတယ်"

"သူပြောတာ သိပ်မှန်တာပေါ့ ကလေးရယ်။ သိပ် မစဉ်းစားပါနဲ့"

"မဟုတ်သေးဘူး"

ကျွန်တော် အော်လိုက်တယ်။ ကျွန်တော် သွေးပူလာပြီး

"သူ ဘာဖြစ်လို့ ကျွန်တော့်ကို ပစ်သွားရတာလဲ။ ကျွန်တော် သူ့ကို ဘာလုပ်လို့လဲ။ အမေ ဘာကြောင့် ကျွန်တော့်ကို မဖြေတာလဲ"

ဒေါသတကြီးနှင့် ပြောနေစဉ်မှာပင် ကျွန်တော့်မျက်လုံးများ စားပွဲပေါ် ရောက်သွားတယ်။ စားပွဲကို စားပွဲခင်း ခင်းထားတယ်။ စားပွဲခင်းပေါ်တွင် ပန်းထိုးထားသော အဖြူရောင် အလှခံ ရှိတယ်။ အလှခံပေါ်တွင် ဇော်မွှားပန်းအနီများ ထိုးထားတဲ့ ပန်းအိုးရှိတယ်။ ဒါပေမဲ့ အလှခံဇာက နေရာမကျ ဖြစ်နေတယ်။ ကျွန်တော့်ကို ကျွန်တော် ဘာလုပ်ရမှန်းမသိဘဲ အလိုအလျောက် ဆိုသလိုပင် အဂ္ဂနစ်၏ အမေက အဖြေမပေးဘဲ ကျွန်တော့ကို ပြုံးကြည့်နေတုန်းမှာပင် ကျွန်တော် ပန်းအိုးကို မပြီး အလှခံဇာကို နေသားတကျ ဖြစ်အောင် လုပ်လိုက်တယ်။ ထိုအခါတွင်မှ အဘွားကြီးက ပြောတယ်။

"ကောင်းလိုက်တာကွယ်။ အလှခံဇာက စားပွဲအလယ် တည့်တည့် ရောက်သွားတယ်။ ဒါကို ငါ သတိမထားမိဘူး။ ဒါပေမဲ့ မင်းက မြင်ရုံနဲ့ သိလိုက်တယ်။ ကောင်းလိုက်တာကွယ်။ ကဲ ကလေးရေ၊ မင်း သွားပေတော့"

အဘွားကြီး မတ်တတ်ထနေတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်လည်း ထလိုက်တယ်။ အဂ္ဂနစ်နှင့် တွေ့လို့ရမလားလို့ ကျွန်တော် မေးချင်တယ်။ ဒါပေမဲ့ အကျိုးမရှိနိုင်ကြောင်း ကျွန်တော် သတိပြုမိတယ်။ ကျွန်တော်က ကြောက်လန့်နေသော်လည်း အဂ္ဂနစ်ကို တွေ့လျှင်မူ ကျွန်တော် စိတ်မထိန်းနိုင်ဘဲ မဟုတ်တာ တစ်ခုခု ပြောမိနိုင်တယ်။ မဟုတ်တာ တစ်ခုခု လုပ်မိနိုင်တယ်။ ဒါကြောင့် ကျွန်တော် ပြန်ခဲ့တယ်။ အဲဒီနေ့က စပြီး ဒီနေ့အချိန်အထိ ကျွန်တော့်ဇနီးကို တစ်ခါမျှ မတွေ့ရတော့ပါ။ သို့သော် ကျွန်တော့်လို လင်ယောကျ်ားမျိုး ရှာမတွေ့နိုင်ကြောင်း သိသည့်တစ်နေ့ သူ ပြန်လာပါလိမ့်မယ်။ သို့သော် သူ ဘာကြောင့် ကျွန်တော့်ကို စွန့်ပစ်သွားကြောင်း ရှင်းမပြဘဲနှင့်တော့ သူ့ကို အိမ်ထဲ ဝင်ခွင့်ပြုမည် မဟုတ်ပါ။

Don't delve too deeply

■

နွေရာသီပြတ်လုံးများ

နွေရာသီ ရောက်လာပြီဆိုလျှင် ကျွန်တော်သည် အသက်အရွယ် ငယ်သေးသည်ကလည်း တစ်ကြောင်း၊ ပြီးတော့ ကျွန်တော်သည် ခင်ပွန်းသည် တစ်ယောက်နှင့် ဖခင်တစ်ဦးဖြစ်သည့် အချက်တွင် အသားမကျသေးသည်ကလည်း တစ်ကြောင်းတို့ကြောင့် လွတ်ရာကျွတ်ရာ အေးချမ်းရာသို့ ထွက်ပြေးလိုသည့် စိတ်များ အမြဲတမ်းလိုပင် ဖြစ်ပေါ်ရသည်။ နွေရာသီဆိုလျှင် ငွေကြေးဥစ္စာ ချမ်းသာကြွယ်ဝသူတို့၏ အိမ်များတွင်တော့ နံနက်ပိုင်းတွင် ပြတင်းတံခါးများကို အလုံပိတ်ထားကြသဖြင့် ညဉ့်အချိန်က အအေးဓာတ်များသည် မှိန်လဲ့လဲ့ အခန်းကျယ်ကြီးများ အတွင်းဝယ် ခိုအောင်းကျန်ရှိ နေပါသည်။ ယင်းအခန်းကျယ်ကြီးများ အတွင်းဝယ် မှန်ကြေးမုံများ၊ ကျောက်ပြားခင်း ကြမ်းပြင်များနှင့် အရောင်တင်ထားသော ပရိဘောဂတို့သည် အလင်းရောင် မှိန်ပျပျတွင် တောက်ပနေကြသည်။ အရာရာသည် နေသားတကျရှိပြီး အရာရာသည် အစီအစဉ်ကျနကာ သန့်ရှင်းတောက်ပ နေပါသည်။ ငြိမ်သက်ခြင်းတို့သည်ပင်လျှင် အေးမြသော၊ ငြိမ်သက်သော၊ ပြုံးပြက်ခြင်း မရှိသော ငြိမ်သက်မှု ဖြစ်ပါ သည်။

အကယ်၍ သင် ရင်ပူသည်ဆိုလျှင် တစ်စုံတစ်ယောက်က သင့်အတွက် ရေခဲစိမ်သောက်စရာ တစ်ခုခုကို လင်ပန်းတစ်ချပ်ပေါ်တွင် တင်ပြီး ယူလာပါလိမ့်မည်။ ကြည်လင်သည့် ဖန်ခွက်ထဲမှာ လိမ္မော်ရည် ဒါမှမဟုတ် သံပရာရည် တစ်ခွက်ပေါ့။ အဲဒီအထဲမှာ ရေခဲတုံးကလေးတွေနဲ့ ဖန်ခွက်ကို လှုပ်လိုက်ရင် အမောပြေစရာ ဂီတသံကလေး ထွက်လာမှာ ဖြစ်သည်။

သို့သော် မရှိဆင်းရဲသားများ၏ အိမ်တွေမှာကတော့ တခြားစီ ဖြစ်သည်။ နွေရာသီ၏ ပထမနေ့မှာပင် ခြစ်ခြစ်တောက်နေတဲ့ အပူရှိန်ဟာ အခန်းကျဉ်းကျပ်ကျပ်ကလေး တွင်းသို့ ဝင်လာပြီး အဲဒီမှာ နေနေတော့တာပဲ။ ရေသောက်ချင်လို့ မီးဖိုချောင်ထဲက ပိုက်ခေါင်းကို ဖွင့်လိုက်ရင်လည်း ဟင်းချိုလို ပူနေတဲ့ ရေတွေ ထွက်လာတော့တာပဲ။ အိမ်ထဲမှာ နေစရာ မရှိသလောက်ပဲ။ ပရိဘောဂတွေ၊ အဝတ်အထည်တွေ၊ အိမ်တွင်း အသုံးအဆောင်တွေ အားလုံးဟာ ကြွတက်လာကြပြီး လူပေါ်ကို ပိကုန်ကြတော့မတတ်ဘဲ။

အိမ်သားအားလုံးဟာ အပေါ်အင်္ကျီ မဝတ်နိုင်ဘဲ ရှပ်အင်္ကျီနဲ့ပဲ နေကြရတယ်။ ဒါတောင် ရှပ်အင်္ကျီတွေဟာ ချွေးတွေ ရွှဲနစ်နေပြီး ချွေးနံ့ထောင်းထောင်း ထနေတယ်။ ပြတင်းပေါက်တွေ ပိတ်လိုက်ရင် တစ်ခါတည်း မွန်းကျပ်သွားမည်။ အကြောင်းကတော့ ညပိုင်းမှာ လေက

လူခြောက်ယောက်လောက် အိပ်သည့် အခန်းနှစ်ခန်း၊ သုံးခန်းအတွင်းကို ထိုးဖောက်ပြီး မဝင်နိုင်လို့ဘဲ ဖြစ်သည်။ အကယ်၍ ပြတင်းပေါက်တွေကို ဖွင့်လိုက်ပြန်လျှင်လည်း ခြစ်ခြစ်တောက်နေသည့် နေရောင်က အိမ်ထဲ ဝင်လာပြီး လမ်းမပေါ် ရောက်သွားသလို ခံစားရသည်။ အိမ်ထဲက ပစ္စည်းတွေ အားလုံးမှာလည်း ချွေးစော်၊ ဖုန်စော်၊ သံပူစော် နံလာပေလိမ့်မည်။

အပူရှိန်ထဲတွင် လူတွေ၏ စိတ်ခတ်တွေကလည်း တရှိန်ရှိန် တောက်လောင်နေတော့သည်။ ထစ်ခနဲဆို ရန်ဖြစ်ကြသည်။ ပိုက်ဆံချမ်းသာသည့် လူအဖို့တော့ သူ့စိတ်ထဲမှာ ရှိလျှင် တိုက်ခန်း၏ တစ်ဖက်ထိပ်မှာ သွားနေနိုင်သည်။ သုံးလေးခန်းလောက် ဝေးဝေးမှာ သွားနေနိုင်သည်။ မရှိဆင်းရဲသားများ အဖို့တော့ ညစ်ညစ်ပေပေ အိုးတွေခွက်တွေ ကြားမှာပင် ငါးပိသိပ် ငါးချဉ်သိပ် နေကြရပေသည်။ ယင်းသို့မဟုတ်က အိမ်ထဲမှ ထွက်သွားရန်ပင် ဖြစ်သည်။

အဲသည်လို ပူအိုက်သည့် နေ့တစ်နေ့တွင် ကျွန်တော်သည် တစ်အိမ်လုံးနှင့် အဆင်မပြေ ဖြစ်ရသည်။ ကျွန်တော့်ဇနီးနှင့် ပြဿနာ တက်ရသည်က စွတ်ပြုတ်က ငန်ပြီး ပွက်ပွက်ဆူ ပူလွန်းလှသောကြောင့် ဖြစ်သည်။ ကျွန်တော့် ယောက်ဖနှင့် အဆင်မပြေ ဖြစ်ရသည်က ကျွန်တော့်ဇနီးဘက်မှ လိုက်ပြောသောကြောင့် ဖြစ်သည်။ တကယ်တော့ သူက သည်လို ဝင်ပြောစရာ အကြောင်းမရှိပါ။ သူက အလုပ်မရှိအကိုင်မရှိ ဖြစ်နေပြီး ကျွန်တော်က သူ့ကို ကျွေးထားရသောကြောင့် ဖြစ်သည်။ ကျွန်တော့် ခယ်မနှင့်ကျတော့ သူက ကျွန်တော့်ဘက်က လိုက်သောကြောင့် ဖြစ်သည်။ ဒါကို ကျွန်တော် သဘောမကျပါ။ ကျွန်တော့်ကို ကြိုက်နေသဖြင့် မြူဆွယ်သည့်သဘော ပြုလုပ်ခြင်းဖြစ်သည်။ ကျွန်တော့် အဖေနှင့်ကျတော့ သူက နံနက်စာကို အေးအေးဆေးဆေး စားချင်သဖြင့် ဆူပူခြင်းဖြစ်သည်။ နောက်ဆုံးတွင် သမီးငယ်ကလေးနှင့်ပါ စိတ်မတွေ့ ဖြစ်ရသည်။ အကြောင်းကတော့ သူက အော်ပြီး ငိုလိုက်၍ ဖြစ်သည်။

သို့ဖြင့် ကျွန်တော် ဝုန်းခနဲ ထလိုက်သည်။ ထို့နောက် ကုလားထိုင်ပေါ်က ဂျာကင်အင်္ကျီကို ယူပြီး ရှင်းရှင်းပြတ်ပြတ်ပင် ပြောလိုက်သည်။

“ဒီမယ်၊ ငါပြောမယ်။ ငါ မင်းတို့ အားလုံးကို စိတ်ကုန်သွားပြီ။ အဲဒီတော့ ငါသွားပြီ။ အောက်တိုဘာရောက်လို့ ဆောင်းပေါက်မှပဲ ငါ ပြန်လာတော့မယ်”

ထို့နောက် ကျွန်တော် အိမ်ထဲမှ ထွက်ခဲ့သည်။ ကျွန်တော့်ဇနီးက သနားစရာပင်။ ကျွန်တော့်နောက်ကို ပြေးလိုက်လာသည်။ ဝရန်တာကနေပြီး ကျွန်တော် ကြိုက်တတ်သော သခွားသီးသနပ်ရှိကြောင်း လှမ်းအော်ပြောသည်။ ကျွန်တော်က မင်းဘာသာမင်း စားလိုက်လို့ ပြန်ပြောပြီး လမ်းပေါ်ထွက်ခဲ့သည်။

ကျွန်တော်တို့က ဗိုင်ယာအော်တင်ဆီမှာ နေသည်။ ကျွန်တော်က လမ်းကို

ဖြတ်သည်။ ပြီး သံတံတားဆီသို့ အလိုလို လျှောက်သွားသည်။ သံတံတားက ရောမဆိပ်ကမ်း မြစ်နှင့် ကပ်လျက်ဖြစ်သည်။ အချိန်က နေ့လယ်နှစ်နာရီ၊ တစ်နေ့တာအတွက် အပူဆုံးအချိန်၊ လေပူကြီး တိုက်ခတ်နေသည်။ ကောင်းကင်က မျက်စိကျိန်းလောက်အောင် စူးစူးတောက်နေသည်။ တံတားသို့ ရောက်သောအခါ သံလက်ရန်းကို မှီပြီး ကျွန်တော် ရပ်လိုက်သည်။ လက်ရန်းက ခြစ်ခြစ်တောက်နေသည်။

ဆိပ်ခံများအကြား ဆင်ခြေလျှောတံတိုင်းများ အောက်ခြေရှိ တိုင်ဘားမြစ်မှာလည်း ရွှံ့နှစ်ရောင် ထနေသည်။ မီးလောင်ကျွမ်းထားသော အဆောက်အအုံတစ်ခု ဖြစ်သော ဓာတ်ငွေ့ကန်၊ ဓာတ်ဆီကန်မှ ပိုက်လုံးများနှင့် လျှပ်စစ် ဓာတ်အားပေးရုံ၏ အမိုးချွန်ချွန်များက မိုးကုပ်စက်ဝိုင်းကို မမြင်နိုင်အောင် ပိတ်ဆို့ကာရံ ထားကြသည်။ မိမိ၏ စိတ်ထဲတွင် ရောမမြို့၌ ရှိနေသည်မထင်ဘဲ နိုင်ငံမြောက်ပိုင်းရှိ စက်မှုမြို့တော် တစ်ခုခုသို့ ရောက်နေသလို ခံစားရသည်။

ကျွန်တော်က တိုင်ဘာမြစ်ကို ငေးမောရင်း ထိုနေရာမှာ အတန်ကြာ ရပ်နေမိသည်။ ဝါကျင်ကျင် တိုင်ဘာမြစ်အတွင်း ဆိပ်ခံတစ်ခု ဘေးမှာက ဘိလပ်မြေအိတ်တွေ အပြည့်တင်ထားသော လှေကြီးတစ်စင်းကို တွေ့မြင်ရသည်။ ဤ ချောင်းပေါက်စကလေးကို သင်္ဘောကြီးတွေ ဆိုက်တင်ထားတဲ့ ဂျီနိုဗာတို့၊ နေပယ်တို့လို ဆိပ်ကမ်းတစ်ခု ဟု ခေါ်ဝေါ်ကြသည်ကို စဉ်းစားမိသောအခါ မရယ်မောဘဲ မနေနိုင်ပါ။ ဤဆိပ်ကမ်း ပေါက်စနကလေးက တကယ် ထွက်ပြေး လွတ်မြောက်ချင်သည် ဆိုလျှင် ဖြူမီစီနိုဆိပ်ကမ်းကို ရောက်အောင် ကျွန်တော် သွားရပေမည်။ အဲသည်မှာက ပင်လယ်ပြင်ကြီးကို ကြည့်ပြီး ငါးကြော်ကောင်းကောင်း စားရပေမည်။

နောက်ဆုံးတွင် ကျွန်တော် ရှေ့ဆက်ပြီး လျှောက်သွားပြန်သည်။ တံတားကို ဖြတ်ကျော်ပြီး မြစ်နှင့် ဝေးရာတွင်ရှိသော ကွင်းပြန့်ကြီးဆီသို့ ဖြစ်သည်။ ကျွန်တော်က သည် အနီးအနားမှာ နေသည် ဖြစ်သော်လည်း တစ်ခါမှ သည်ဘက်ကို မရောက်ဖူးပါ။ ကျွန်တော် ဘယ်အရပ်ကို သွားနေမှန်း မသိတော့ပါ။ ပထမတွင် ကျွန်တော်သည် အမှိုက်သရိုက်တွေ ပွနေသော ကွင်းပြင်ကြီးထဲ ဖြတ်သွားသည့် လမ်းအတိုင်း လျှောက်သွားသည်။ လမ်းက ပုံမှန်ကတ္တရာလမ်း တစ်လမ်းပင် ဖြစ်သည်။ ထို့နောက် လမ်းက မြေလမ်းဖြစ်သွားပြီး အမှိုက်တွေကလည်း တောင်ပုံရာပုံကြီး ဖြစ်လာသည်။

သည်တော့မှ ရောမတစ်မြို့လုံးက အမှိုက်တွေ စွန့်ပစ်ရာနေရာသို့ ရောက်ရှိနေကြောင်း ကျွန်တော် သတိပြုမိတော့သည်။ မြက်ဆို၍ တစ်ပင်တစ်လေမျှ မတွေ့ရပါ။ စက္ကူစုတ်တွေ၊ သံချေးတက်နေသော ဘူးခွံတွေ၊ ဂေါ်ဖီထုတ်အရိုးတွေနှင့် အခြား အမှိုက်သရိုက်တွေကိုသာ တွေ့ရသည်။

ကျိန်းစပ်နေသော အလင်းရောင်ထဲတွင် အနံ့ အသက်တွေက ဟောင်နေသည်။ ကျွန်တော် ခေါင်း အတော် နောက်သွားသည်။ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ရှေ့ဆက်ပြီး မသွားချင်သလို နောက်သို့လည်း ပြန်မဆုတ်ချင်။ ထိုအချိန်မှာ တစ်စုံတစ်ယောက်၏ ခေါ်သံကို ကြားလိုက်သည်။ ရှီး.. ရှီး.. နှင့် ခွေးတစ်ကောင်ကို ခေါ်နေသလိုမျိုး ဖြစ်သည်။

မည်သည့်နေရာတွင် ခွေးရှိချေသနည်းဟု ကျွန်တော် လှည့်ကြည့်လိုက်သည်။ ခွေးလေခွေးလွင့်များ ကျက်စားရာ အမှိုက်တောကြီး ဖြစ်သော်လည်း မည်သည့်ခွေးမျှ မရှိပါ။ သို့ဖြင့် တစ်စုံတစ်ယောက်က ကျွန်တော့်ကို ခေါ်နေသည်ဟု ယူဆပြီး အသံလာရာဘက်သို့ ကြည့်လိုက်သည်။ ထိုအခါ စောစောက ကျွန်တော် သတိမထားမိသော သွပ်ပြားများ မိုးထားသည့် တဲသေးသေးလေး တစ်လုံးကို အမှိုက်ပုံကြီးတစ်ခု နောက်တွင် တွေ့မြင်ရသည်။ ပြောင်းဖူးမွှေးရောင် ဆံပင်နှင့် အသက် ၈နှစ်အရွယ် ကောင်မကလေး တစ်ယောက်သည် တဲဝတွင် မတ်တပ်ရပ်ကာ ကျွန်တော့်ကို ခေါင်းညိတ်ပြီး ခေါ်နေသည်။

ကလေးမလေးကို ကျွန်တော် ကြည့်လိုက်သည်။ မျက်နှာဖြူဖြူကလေးတွင် ခရမ်းရောင် အပြောက်အကွက်များ မျက်လုံးအောက်နားတွင် ရှိသည်။ သူ့ဆံပင်တွင် ကောက်ရိုးကွေ၊ ဖုန်တွေနှင့် ဖြစ်သည်။ သို့ဖြင့် သူ၏ခေါင်းသည် စက္ကူစွန်တစ်ခုလို ကားထွက်နေသည်။ သူ့အဝတ်အစားက ရိုးရိုးလေးပင်။ အပေါက်လေးပေါက် ပါသော ပတ္တူစအိတ်ကြီး တစ်လုံးဖြစ်သည်။ အပေါက်နှစ်ပေါက်က ခြေထောက်နှစ်ချောင်းအတွက် ဖြစ်သည်။ ကျွန်တော် လှည့်ကြည့်လိုက်သောအခါ သူက မေးသည်။

“ဦးဦးက ဆရာဝန်လား”

“မဟုတ်ပါဘူးကွယ်၊ ဘာဖြစ်လို့လဲ၊ သမီးက ဆရာဝန်တစ်ယောက် လိုနေလို့လား”

“ဦးဦးဟာ ဆရာဝန် တစ်ယောက်ဆိုရင် အထဲကို ဝင်ခဲ့ပါ။ မေမေ နေမကောင်း ဖြစ်နေတယ်”

ကျွန်တော်က ဆရာဝန်တစ်ယောက် မဟုတ်ကြောင်း ပြသသည့်အနေနှင့် ရှေ့ဆက်မသွားချင်ပါ။ ယင်းကြောင့် ထဲထဲသို့ ဝင်သွားမိပါသည်။ ပထမတွင် ကျွန်တော်သည် အဝတ်ဟောင်းတွေ ရောင်းသည့် ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်သွားသလားဟု အောက်မေ့မိသည်။ မျက်နှာကျက်တွင် ပစ္စည်းမျိုးစုံ ချိတ်ဆွဲထားသည်။ အဝတ်အစားတွေ၊ ခြေအိတ်တွေ၊ ဖိနပ်တွေ၊ အိမ်သုံးပစ္စည်းတွေ၊ အိုးတွေ၊ ခွက်တွေ၊ လက်နှီးစုတ်တွေ၊ နောက်မှ ကျွန်တော် သတိပြုမိသည်။

ဤအရာတွေက သူတို့၏ ပိုင်ဆိုင်မှုပစ္စည်းတွေ ဖြစ်သည်။ ထည့်စရာ ဗီရိုတွေ၊ ကြောင်အိမ်တွေ မရှိသဖြင့် သံချောင်းတွေတွင် ချိတ်ဆွဲထားရခြင်း ဖြစ်သည်။

တိုးလိုးတွဲလောင်းတွေကို တိမ်းကာ လျှောက်သွားရင်း ကလေးမလေး၏ အမေကို ရှာဖွေရသည်။ ကလေးမလေးက အခန်းထောင့် တစ်နေရာရှိ အဝတ်ခုတင်ပုံကြီးသို့ လက်ညှိုးထိုးပြသည်။ အဝတ်စုတ်ပုံကြီးကို ကျွန်တော် အနားကပ်ပြီး ကြည့်လိုက်သည်။ အကြောင်းမှာ အဝတ်စုတ်တွေကြားမှ တောက်လက်နေသော မျက်လုံးတစ်လုံးက ကျွန်တော့်ကို ငေးစိုက်ပြီး ကြည့်နေသောကြောင့် ဖြစ်သည်။ အခြား မျက်လုံးတစ်လုံးက ဆံပင်တွေနှင့် ဖုံးကွယ်နေသည်။ အမျိုးသမီးကို မြင်တွေ့လိုက်ရသဖြင့် ကျွန်တော် ချောက်ချားသွားမိသည်။ သူက ငယ်ရွယ်သေးသည်ဟု ယူဆရသော်လည်း အဘွားကြီးတစ်ယောက်နှင့် တူနေသည်။ သူက ကျွန်တော့်ကို မြင်လျှင်မြင်ချင်း ပြောလိုက်သည်။ သူက ကျွန်တော့်ကို မြင်လျှင်မြင်ချင်း ပြောလိုက်သည်။

“အင်း... တို့ ပြန်တွေ့ကြရပြီပဲ”

ကလေးမလေးက ဝါးလုံးကွဲ ရယ်လိုက်သည်။ ရယ်ရွှင်ဖွယ်ရာ မြင်ကွင်းတစ်ခု၏ အစပထမသဖွယ် ဖြစ်သည်။ ထို့နောက် မြေကြီးပေါ်တွင် ဆောင့်ကြောင့်ထိုင်လိုက်ပြီး သံဘူးခွံတွေနှင့် ဆော့ကစားနေတော့သည်။

ကျွန်တော်က–

“မင်းကို ငါမသိတာ အမှန်ပဲ။ မင်း ဘာဖြစ်နေသလဲ။ ဒီကလေးမလေးက မင်းသမီးလား”

“ဟုတ်တာပေါ့၊ ကျွန်မ သမီးပဲ။ ပြီးတော့ ရှင့်သမီးပဲပေါ့"

ကလေးမလေးက ခေါင်းငုံ့ထားရင်း ရယ်လိုက်ပြန် သည်။ ကျွန်တော်က နောက်တာပဲဟု ယူဆပြီး–

“အင်း သူဟာ ငါ့သမီးလေး ဖြစ်နိုင်ပါတယ်။ နောက်ပြီး တခြားယောကျ်ားတွေရဲ့ သမီးလည်း ဖြစ်နိုင်တယ်”

“မဟုတ်ဘူး”

အမျိုးသမီးက ကြမ်းပြင်မှ ထဟန်ပြင်လိုက်ပြီး ကျွန်တော့်ကို လက်ညှိုးငေါက်ငေါက် ထိုးကာ–

“သူဟာ ရှင့်သမီးပဲ။ ဘယ်သူ့သမီးမှ မဟုတ်ဘူး။ ရှင်က လူပျင်း၊ လူဖျင်း၊ လူကြောက်၊ ခေါင်းရှောင်တဲ့လူ”

စော်ကားသော စကားလုံးများ ထွက်ပေါ်လာသောအခါ ကလေးမလေးက အားရပါးရ ရယ်မောတော့သည်။ သူ့အနေနှင့် သည်စကားလုံးများကို မျှော်လင့်ထားဟန် ရှိသည့်အတိုင်း ဖြစ်သည်။ ကျွန်တော် ကျွဲမြီးတိုသွားပြီး–

“မင်း စကားကို သတိထားပြီးပြော… မင်းကို ငါ မသိဘူးလို့ ပြောထားပြီးပြီ”

“ကျွန်မကို ရှင်မသိဘူး၊ ဟုတ်လား။ ကျွန်မကို ရှင်မသိဘူး ဆိုပေမယ့် ရှင် အမြဲတမ်းဆိုသလို ပြန်လာတာပဲ။ ကျွန်မကို ရှင်မသိဘူးဆိုရင် ရှင် ဘယ်လိုလုပ်ပြီး ဒီအိမ်ကို လာတတ်သလဲ”

“လူကြောက်၊ ခေါင်းရှောင်” ကလေးမလေးက တိုးတိုးကလေး ရွတ်ဆိုနေသည်။ ကျွန်တော် ချွေးတွေ ပြန်လာသည်။ ပူအိုက်၍လည်း ဖြစ်သည်။ ကသိကအောက် နိုင်၍လည်း ဖြစ်သည်။

“ငါ ဒီလမ်းက ဖြတ်သွားတာပဲ”

“သြော်… သနားစရာ ကောင်းလိုက်တဲ့ ရှင်ရယ်” ထို့နောက် အမျိုးသမီးက ကလေးမလေးဘက်သို့ လှည့်ကာ တောင်းလိုက်သည်။

“ငါ့အိတ်ပေးစမ်း”

ကလေးမလေးက သွက်သွက်လက်လက်ပင် ထပြီး မျက်နှာကျက်တွင် ချိတ်ဆွဲထားသည့် လက်ကိုင်အိတ် အနက်တစ်လုံးကို ဖြုတ်ယူပြီး မိခင်ကို ပေးသည်။ အိတ်က ညစ်ပေစုတ်ပြဲနေသည်။ အမျိုးသမီးက အိတ်ကိုဖွင့်ကာ အထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်လိုက်ပြီး–

“ဟောဒီမှာလေ၊ လက်ထပ်စာချုပ်။ အယ်လ်ဗီယာ ပရိုယက်တီနဲ့ အာနက်စတိုရာပယ်လီ။ ကဲ… ဘယ်လိုလဲ၊ ရှင် ငြင်းဦးမလား။ အာနက်စတိုရာပယ်လီ”

ကျွန်တော့်နာမည် အမှန်မှာလည်း အာနက်စတို ဖြစ်သဖြင့် ကျွန်တော် တုန်လှုပ်သွားမိသည်။ စိတ်ထဲမှာ ကသိကအောက် ဖြစ်သွားပြီး–

“ဒါပေမဲ့ ငါ ရာပယ်လီ မဟုတ်ဘူး”

“မဟုတ်ဘူးတဲ့၊ အာနက်စတို… အာနက်စတို…”

ကလေးမလေးက သီချင်းဆိုသလို ဆိုနေသည်။

အမျိုးသမီး မတ်တပ်ထလိုက်သည်။ ကျွန်တော့်အထင် အမှန်ပင် ဖြစ်သည်။ ဆံပင်တွေ ဖြူနေပြီး ပါးရေတွန့်ကာ သွားတွေ မရှိသော်လည်း သူ၏အသက် သုံးဆယ်ထက် မကျော်ကြောင်း သိသာထင်ရှားသည်။

“ဩော်... ရှင်က ရာပယ်လီ မဟုတ်ဘူးတဲ့လား”

အမျိုးသမီးက တင်ပါးနှစ်ဖက်ပေါ် လက်ထောက်ကာ ကျွန်တော့်အနီးသို့ လျှောက်လာသည်။ ကျွန်တော့်ကို စူးစိုက်ကာ ကြည့်ပြီးနောက် “ရှင်ဟာ ရာပယ်လီပဲ။ ဘုရားသခင်နဲ့ လူတွေရှေ့မှာ ကျွန်မ ကျိန်ပြီး ပြောမယ်။ ရှင်ဟာ ရာပယ်လီပဲ”

“ငါ နားလည်ပြီ။ မင်းဟာ နေသိပ်မကောင်းဘူး။ ကဲ... ငါသွားတော့မယ်”

ကျွန်တော်က ပြောလိုက်သည်။

“ခဏနေပါဦး၊ ဒါလောက် မလောပါနဲ့”

ထိုအချိန်တွင် ကလေးမလေးက ပျော်ရွှင်စွာဖြင့် ကျွန်တော်တို့ကို ပတ်ပြီး ကနေသည်။ အမျိုးသမီးက သူ၏ သရော်စော်ကားမှုကို ပြန်လည်စတင်သည်။

“အာနက်စတို၊ မဟာအာနက်စတို... မိန်းမကို ပစ်ပြီး အိမ်က ထွက်ပြေးသွားတာ တစ်နှစ်လောက် ရှိသွားပြီ။ ကျွန်မတို့ ဘယ်လို စားသောက်နေကြရတယ် ဆိုတာ ရှင် သိသလား။ ဒီသတ္တဝါမကလေးနဲ့ ကျွန်မ ရှင်ထွက်သွားတဲ့ တစ်နှစ်အတွင်းမှာလေ...”

“ငါ မသိဘူး”

ကျွန်တော် ခပ်ပြတ်ပြတ် ပြောလိုက်သည်။

“သိလည်း မသိချင်ဘူး၊ ငါသွားမယ်”

“နင် သူ့ကို ပြောပြလိုက်”

အမျိုးသမီးက ကလေးမလေးကို အော်ပြောလိုက်သည်။

“တို့ ဘယ်လိုနေကြရတယ် ဆိုတာ သူ့ကို နင်ပြောပြလိုက်။ နင့်အဖေကို နင် ပြောပြလိုက်စမ်း”

“သူများ ပေးစာကမ်းစာ စားနေရတယ်”

ကလေးမလေးအသံ ချိုချိုလွင်လွင်ကလေးနှင့် ပြောပြီး ကျွန်တော့

အနီးကပ်လာသည်။

ကျွန်တော့်အနေနှင့် အတော်ကြီးကို ကသိကအောက် ဖြစ်နေကြောင်း ဝန်ခံရသည်။ တိုက်ဆိုင်မှုတွေကြောင့် ဖြစ်သည်။ အာနက်စတို ဆိုသည့်နာမည်၊ ကျွန်တော် အိမ်က ထွက်ပြေးလာပုံ၊ ကျွန်တော့်မှာ ဇနီးနှင့် သမီးတစ်ယောက် ရှိသည့်အဖြစ်၊ ဤတိုက်ဆိုင်မှုကြောင့် ကျွန်တော် တစ်မျိုးကြီး ခံစားနေရသည်။ ကျွန်တော် မဟုတ်တော့သလိုမျိုး ခံစားနေရသည်။ သည်အချိန်တွင် အမျိုးသမီးက ကျွန်တော် တုံ့ဆိုင်းနေသည်ကို သိမြင်ပြီး ကျွန်တော့်မျက်နှာနား ကပ်ကာ အော်ပြောသည်။

"မိန်းမနဲ့ ကလေးတွေကို ပစ်ပြေးတဲ့ ယောကျ်ားတွေ ဘာတွေ ဖြစ်သလဲဆိုတာ ရှင်သိလား။ အကျဉ်းထောင်... သိလား၊ လူယုတ်မာကြီးရဲ့။ အကျဉ်းထောင်..."

ယခုအခါ ကျွန်တော် ကြောက်လန့်စ ပြုလာပြီ။ ဘာစကားမှ မပြောတော့ဘဲ ထိုနေရာမှ ထွက်သွားရန် တံခါးပေါက်ဘက်သို့ လှည့်လိုက်သည်။ တံခါးဝမှနေ၍ ကျွန်တော်တို့ကို ကြည့်နေသူတစ်ဦး ရှိနေသည်။ ပိန်ပိန်ပါးပါး အမျိုးသမီး တစ်ယောက်ဖြစ်သည်။ ဆင်းရဲသော်လည်း အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ထားသည်။ တုန်လှုပ်ချောက်ချားနေသော ကျွန်တော့်ကို မြင်တွေ့သော အခါ–

"သူ့ကို ဘာမှ ထည့်တွက်မနေနဲ့။ သူက တွေ့တဲ့ ယောကျ်ားတိုင်းကို သူ့ယောကျ်ားလို့ ထင်နေတာ။ အဲဒီ ခွေးကောင်မလေးက ဒီလမ်းက ဖြတ်သွားတဲ့ လူတိုင်းကို တမင် ဆွဲဆောင်ပြီး အိမ်ထဲကို ခေါ်နေတာ။ သူ့အမေ အော်တာဟစ်တာတွေကို သဘောကျပြီး ပျော်နေတာ၊ နေဦး၊ နင့်ကို ငါ မမိမချင်း နေပေဦး ခွေးစုတ်မကလေး"

အမျိုးသမီးကြီးက ကောင်မလေးကို လက်နှင့်ရိုက်ရန် ရွယ်လိုက်သောအခါ ကလေးမကလေး လျင်မြန်စွာ ရှောင်တိမ်းလိုက်ပြီး ကျွန်တော့်ကို လှည့်ပတ်ကာ ကနေသည်။ ပါးစပ်ကလည်း "ဦးဦး ယုံတယ်မဟုတ်လား။ ယုံတယ်မဟုတ်လား။ ဦးဦး ကြောက်နေတယ်။ ဦးဦး ကြောက်နေတယ်။ ဦးဦး ကြောက်နေတယ်"

"အယ်လ်ဗီရာ ဒါ နင့် ယောကျ်ား မဟုတ်ဘူး"

ဝင်လာသော အမျိုးသမီးက အေးဆေးစွာ ပြောလိုက်သည်။ အယ်လ်ဗီရာသည် အမှန်ကို သိရှိသွားသည့်အလား အခန်းထောင့်သို့ ပြန်သွားကာ ဆောင့်ကြောင့် ထိုင်နေတော့သည်။ ဝင်လာသူ အမျိုးသမီးက တဲနောက်ပိုင်းသို့ ဝင်သွားကာ မီးဖို တစ်ခုကို ပြသည်။

“သူတို့ကို ကျွန်မ ချက်ပြုတ်ကျွေးမွေး နေတာပဲ။ အမှန်ပဲ သူတို့ဟာ သူများ ပေးစာကမ်းစာနဲ့ စားနေကြရတာပဲ။ ဒါပေမဲ့ သူ့ ယောကျ်ားက ထွက်ပြေးသွားတာ မဟုတ်ဘူး။ သေသွားတာ”

ကျွန်တော့်အဖို့ အားလုံး လုံလောက်သွားပါပြီ။ ပိုက်ဆံအိတ်ထဲမှာ လိုင်ယာငွေ တစ်ရာထုတ်ပြီး ကလေးမလေးကိုပေးလိုက်သည်။ သူက ကျေးဇူးတင်ပါတယ် ဟု မပြောဘဲ ပိုက်ဆံကို ယူလိုက်သည်။ ထို့နောက် ကျွန်တော် တဲထဲမှ ထွက်ခဲ့သည်။ မြေလမ်းအတိုင်း ကတ္တရာလမ်းဆီသို့ နောက်ကြောင်း ပြန်ခဲ့သည်။

တဲအပူရှိန်ထဲတွင် နေခဲ့ပြီးနောက် ဝိုင်ယာအော်တင်ဆီသို့ပြန်ခဲ့သည်။ ဝင်ရောက်သောအခါ အပန်းဖြေ ဥမင်တစ်ခုထဲသို့ ဝင်လိုက်ရသလိုပင် ဖြစ်သည်။ ကျွန်တော်တို့ အိမ်ထဲက မဖြစ်စလောက် ပရိဘောဂများသည် ပေါပေါရိုးရိုးများသာ ဖြစ်သော်လည်း ကံဆိုးမသားအမိ၏ အဝတ်စုတ်များ ချိတ်ဆွဲထားသော သံချောင်းများထက်တော့ အများကြီး ကောင်းမွန်ကြပါသည်။

မီးဖိုထဲရှိ ထမင်းစားပွဲကို ရှင်းထားပြီး ဖြစ်သော်လည်း ကျွန်တော့်ဇနီးက ကျွန်တော့်အတွက် သက်သက် ဖယ်ထားသော သခွားသီးသနပ်ကို ထုတ်ပေးပါသည်။ သခွားသီးသနပ်ကို ပေါင်မုန့်နှင့် စားရင်း ရေဆေးကန်တွင် ပန်းကန်တွေ၊ ဇွန်းတွေ၊ ခက်ရင်းတွေ ဆေးကြောနေသော ဇနီးသည် ကို ကြည့်နေမိပါသည်။ ထို့နောက် ကျွန်တော် ထိုင်ရာမှ ထသွားပြီး သူ၏ကုပ်ကို အသာကလေး ခိုးနမ်းလိုက်မိပါသည်။ ယင်းသို့ဖြင့် ကျွန်တော်တို့ ငြိမ်းချမ်းရေး တည်ဆောက်လိုက်ကြပါသည်။

ထို့နောက် ရက်အနည်းငယ် ကြာသောအခါ အမှိုက်ပုံက တဲဇာတ်လမ်းကို ဇနီးသည်အား ပြောပြလိုက်သည်။ ထို့နောက် ကလေးမလေးအတွက် ကျွန်တော် ဘာလုပ်ပေးနိုင်မလဲ ဆိုပြီး ထိုနေရာသို့ တစ်ခေါက် ပြန်သွားရန် ဆုံးဖြတ်လိုက်သည်။ ကျွန်တော့်ကို အာနက်စဆိုပယ်လီ ဟု ထင်မှားစိုးရိမ်စရာ မရှိတော့ပါ။ သို့သော် ကျွန်တော် ပြောလျှင် ယုံကြပါမည်လား။ ကလေးမလေးကိုရော သူ့အမေကိုရော သူတို့ကို ချက်ပြုတ်ကျွေးနေသော အမျိုးအမီး ပိန်ပိန်ပါးပါးကိုပါ မတွေ့ရတော့ပါ။ ခြစ်ခြစ်တောက်နေသော နေရောင်အောက်တွင် အမှိုက်ပုံများကြားတွင် တစ်နာရီခန့် ရှာဖွေသော်လည်း ဘာမျှမတွေ့ရဘဲ တပ်ခေါက်ပြီး ပြန်ခဲ့ရပါသည်။ ကျွန်တော် လမ်းမှားနေ၍ပင်ဟု အမြဲယူဆမိပါသည်။ သို့သော် ကျွန်တော့်ဇနီးသည်ကမူ သူ့ကို စွန့်ပစ်ပြေးမိသည်ကို နောင်တရသဖြင့် ကျွန်တော့်ဘာသာ ဆင်ထားသော ဇာတ်လမ်းဟု ပြောပါသည်။

■

နတ်နွယ်